ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက် စတင် တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွားတိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက် သောကြာနေ့။ Friday, 17 March 2017 (၈၈၆၈)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် စင်ကာပူဝါရင့်ဝန်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူသမ္မတနိုင်ငံဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာရောဘတ်ချွာတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်တို့သည် သင်္ဂဟဟိုတယ် Private Dining Room ၌ တွေ့ဆုံဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

**ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

# နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အား ၂၄၄ မဂ္ဂါဝပ် လိုအပ်မည်



ရတနာကမ်းလွန်လုပ်ကွက်အားတွေ့ရစဉ်။

**နေပြည်တော် မတ် ၁၆**

၂၀၁၇ ခုနှစ် နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အားအမြင့်ဆုံးလိုအပ်ချက် မဂ္ဂါဝပ် ၃၁၀၀ ခန့်ရှိလာမည်ဟု ခန့်မှန်းတွက်ချက်ထားပြီး အမှန်တကယ်ဓာတ်အားထုတ်လုပ်နိုင်မှုမှာ ၂၈၅၆ မဂ္ဂါဝပ်သာ ထုတ်လုပ်နိုင်သဖြင့် နွေရာသီကာလ ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရန် ၂၄၄ မဂ္ဂါဝပ်ခန့် ဓာတ်အားလိုအပ်ချက်ဖြစ်ပေါ်မည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက မတ် ၁၆ ရက်တွင် ပြောကြားသည်။

“၂၀၁၆ ခုနှစ် နွေရာသီကာလမှာ ရေအားက မဂ္ဂါဝပ် ၁၈၄၀ ထုတ်ပေးခဲ့တယ်။ သဘာဝဓာတ်ငွေ့သုံးစက်ရုံတွေက ၉၀၃ မဂ္ဂါဝပ်ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ယခုနှစ် နွေရာသီကာလမှာ ကြိုတင်ခန့်မှန်းထားတာကတော့ မဂ္ဂါဝပ် ၃၁၀၀ လောက် တိုးတက်ပြီးလိုအပ်ချက်ဖြစ်ပေါ်လာမယ်လို့ ခန့်မှန်းထားပါတယ်။ ကျွန်တော်တို့စက်ရုံတွေမှာရှိတဲ့ ထုတ်ပေးနိုင်မယ့် ပမာဏအရ ၂၈၅၆ မဂ္ဂါဝပ်အထိတော့ ထုတ်ပေးနိုင်တာမို့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်နဲ့ ထုတ်ပေးနိုင်တာ ကွာဟနေတာကြောင့် ၂၄၄ မဂ္ဂါဝပ်လိုအပ်နေမှာဖြစ်ပါတယ်။

**စာမျက်နှာ ၈ ကော်လံ ၄ သို့**



# ကြေးမုံ

## သဘာဝသယံဇာတ စနစ်တကျစီမံခန့်ခွဲ

မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတ အထူးကောင်းမွန်သော နိုင်ငံဖြစ်ခဲ့သည်။ အဆိုပါ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတတို့ကို စနစ်တကျထုတ်ယူသုံးစွဲခြင်းမရှိသောကြောင့် ပတ်ဝန်းကျင် ယိုယွင်းပျက်စီးကာ ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသည်။ ယခုအခါ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ပြန်လည်အလေးထားလုပ်ဆောင်နိုင်မှုကြောင့် ထင်သလောက်အဆိုးမရောက်ဟု ဆိုရမည်ဖြစ်သည်။

ရေကြီးရေလျှံမှုလျော့ပါးရေး၊ ရာသီဥတုပူပြင်းမှုလျှော့ချနိုင်ရေး အခြေအနေကောင်းအချို့တွေ့ရသည်။ ယခုနှစ်နွေရာသီတွင် ပူပြင်းမှုလွန်ကဲမည်ဟုခန့်မှန်းထားသော်လည်း မိုးတစ်ဖြိုက်နှစ်ဖြိုက်ရွာသွန်းမှုနှင့် လေအေးစီးကြောင်းတို့အရ အပူဒဏ်လျော့နည်းသက်သာစေပြီး ယခုနှစ်ရာသီကာလတွင် မိုးကောင်းဦးမည်ဟု ခန့်မှန်းထားပြန်သည်။ ယင်းမှာ ပတ်ဝန်းကျင်အခြေအနေကြောင့် ရာသီဥတုပြောင်းလဲမှု အကျိုးဆက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ရာသီဥတု မှန်ကန်မျှတကောင်းမွန်အောင် ပြန်လည်ကြိုးစားကြရမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုပြဿနာကို ကြိုတင်ကာကွယ်ရာတွင် ဒေသနှင့်လိုက်လျောညီထွေရှိမည့် အခြေခံအဆောက်အအုံများတည်ဆောက်ရန် လိုအပ်လာမည်ဖြစ်သကဲ့သို့ သဘာဝအခြေခံအဆောက်အအုံများဖြစ်သည့် ကုန်းတွင်းသစ်တော၊ ဒီရေတော၊ ကမ်းရိုးတန်းဒေသသစ်တောများနှင့် သန္တာကျောက်တန်းများ ပျက်စီးမှုမရှိအောင် ထိန်းသိမ်းကာကွယ်ပေးသွားရန်လည်း လိုအပ်သည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါများကြွယ်ဝသောနိုင်ငံဖြစ်ပြီး ရေ၊ မြေ၊ သစ်တောများနှင့် ပင်လယ်ကမ်းရိုးတန်းများမှာ အဓိကအရေးပါသည့် သယံဇာတများဖြစ်သည်။ နိုင်ငံသားတစ်ဦးချင်းစီ၏ ရေအရင်းအမြစ်ပမာဏမှာ အမေရိကန်နိုင်ငံထက် နှစ်ဆ၊ အိန္ဒိယနိုင်ငံထက် ၁၀ ဆ၊ တရုတ်နိုင်ငံထက် ၁၅ ဆ ရှိသည်။ ကမ္ဘာပေါ်တွင် ၂၅ နိုင်ငံမြောက် စိုက်ပျိုးမြေသယံဇာတ အများဆုံးနိုင်ငံဖြစ်သည်။ နိုင်ငံ၏ဧရိယာစုစုပေါင်း၏ ၄၃ ရာခိုင်နှုန်းမှာ သစ်တောသယံဇာတများ ဖုံးလွှမ်းနေဆဲဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံမှာ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ အခြေအနေကောင်းများ ရှိနေဆဲနိုင်ငံတစ်နိုင်ငံဟု ဆိုရမည်ဖြစ်သည်။ ရှိပြီးသားအခြေအနေကောင်းများ ယုတ်လျော့မသွားအောင်၊ တည်တံ့တိုးပွားလာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် နေချင်ဖွယ် အကောင်းဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေမည်ဖြစ်သည်။

ကမ္ဘာနှင့်ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နေချိန်တွင် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်မည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံများကို တည်ဆောက်ကြရသည်။ မြန်မာနိုင်ငံ၏ ပေါများကြွယ်ဝသော သဘာဝသယံဇာတများကိုအခြေခံပြီး ပြည်သူများ စားနပ်ရိက္ခာဖူလုံစေရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ သဘာဝဂေဟစနစ်တည်တံ့ခိုင်မြဲရေးနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေရေးတို့အတွက် ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတဖြစ်မှုတို့ကို အရေးတကြီးထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက်ကြရမည်ဖြစ်သည်။

တစ်နည်းဆိုလျှင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်၊ သဘာဝသယံဇာတတို့ကို ကောင်းမွန်သောစီမံခန့်ခွဲအုပ်ချုပ်မှုစနစ်ဖြင့် ဒေသအလိုက်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သစ်တောသယံဇာတများမှာ နိုင်ငံအတွင်းတောင်ကုန်းတောင်တန်းများနှင့် ချိုင့်ဝှမ်းလွင်ပြင်များတွင် တည်ရှိပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ထိန်းသိမ်းစောင့်ရှောက်နေသည်ကိုတွေ့ရသည်။ ကမ်းရိုးတန်းသဘာဝသယံဇာတများမှာ ၂၈၃၂ ကီလိုမီတာခန့်ရှည်လျားသော မြန်မာနိုင်ငံ၏ကမ်းရိုးတန်းဒေသများတွင် တိုင်းဒေသကြီးလေးခုနှင့် ပြည်နယ်နှစ်ခုတို့တည်ရှိပြီး လူဦးရေ သန်း ၂၀ ကျော် မှီတင်းနေထိုင်သောကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို အလေးထားကိုင်တွယ်ဖြေရှင်းရန် လိုအပ်မည်ဖြစ်ပါသည်။

လက်ရှိတွင် ကမ်းရိုးတန်းဒေသများရှိ သဘာဝသယံဇာတအရင်းအမြစ်များ အကြောင်းအမျိုးမျိုးကြောင့် ယိုယွင်းပျက်စီးလာသည်ကို တွေ့ရသည်။ လူဦးရေတိုးပွားလာခြင်းနှင့်အတူ ရေတိုအကျိုးစီးပွားအတွက် မဆင်မခြင် ထုတ်ယူအသုံးပြုခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုးများကို သိရှိနားလည်မှုအားနည်းခြင်း၊ စီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့်ဆိုင်သည့် မူဝါဒနှင့်လုပ်နည်းကိုင်နည်းအားနည်းခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုအားနည်းခြင်း စသည့်အထွေထွေအားနည်းချက်များကို သတိမူဆောင်ရွက်ကြဖို့ လိုအပ်မည်ဖြစ်ပါသည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။
- ☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ရွှေထီးတော်အသစ်တင်လှူ

**မော်လမြိုင် မတ် ၁၆**

မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် လေဆိပ်အနီးရှိ တောင်ဝိုင်းရပ် ဗုဒ္ဓဝင်ဘုရားဝင်းအတွင်း တည်ထားကိုးကွယ်လျက်ရှိသော ရွှေဘုံသာစေတီနှင့် ငွေဘုံသာစေတီတော်မြတ်ကြီး၏ ရွှေထီးတော်သစ်တင်အလှူတော်မင်္ဂလာအခမ်းအနားကို မတ် ၁၂ ရက်က ဗုဒ္ဓဝင်ဘုရားဝင်းအတွင်း၌ စည်ကားစွာ ကျင်းပသည်။

အဆိုပါ ထီးတော်တင်လှူပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ မတည်အလှူရှင် ရဲအုပ်ကျော်မင်းထွန်း၊ အလှူရှင်၊ စေတနာရှင်များ စုပေါင်းအသစ်ပြန်လည်ပြုပြင်မွမ်းမံပေးပြီး ထီးတော်သစ်တင်လှူခဲ့ကာ မတ် ၁၁ ရက်က မော်တော်ယာဉ်များဖြင့် ထီးတော်တင်ပြီး မြို့တွင်းလှည့်လည်အပူဇော်ခံခဲ့သည်။

အဆိုပါ ကျောင်းဝင်းအတွင်းရှိ စေတီတော်များအနက် ချမ်းမြေ့သာယာစေတီနှင့် အေးချမ်းသာယာစေတီ ညီနောင်နှစ်ဆူ ထီးတော်သစ်ထပ်မံတင်လှူပွဲကို ဧပြီလ ဒုတိယပတ်အတွင်း စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၁၀၇)

## ရွှေကူ-ငါးဘတ်ကြီးလမ်း ကတ္တရာခင်းခြင်းစစ်ဆေး

**ရွှေကူ မတ် ၁၆**

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် မန်ချက်စတာကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ခွင့်ပြုရန်ပုံငွေကျပ် ၈ ဒသမ ၃၈၀ သန်းဖြင့် ရွှေကူ-ငါးဘတ်ကြီး ၀/၂ ဒသမ ၈၃ မိုင် မြေသားလမ်းခင်းခြင်းနှင့် ခွင့်ပြုရန်ပုံငွေကျပ် ၁၀၈ ဒသမ ၅၀ သန်းဖြင့် ကတ္တရာလမ်း တစ်မိုင် ခင်းခြင်းလုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်၊ လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးသိန်းညွန့်နှင့်အဖွဲ့က မတ် ၁၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်းပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

## မကွေးမြို့နယ် ကျေးရွာများတွင် နွေရာသီရေပြတ်လပ်မှုမရှိစေရေး ပြင်ဆင်ထားမှုရှင်းလင်း

**မကွေး မတ် ၁၆**



မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကွေးမြို့နယ်အတွင်း ကျေးရွာများတွင် နွေရာသီရေရှားပါးပြတ်လပ်မှုမရှိစေရေးပြင်ဆင်ထားမှု မီဒီယာများချပြရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မကွေးမြို့နယ် စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငွေးက အဖွင့်အမှာစကားပြောကြားပြီး မကွေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က ဖြည့်စွက်ပြောကြားသည်။

ဆက်လက်ပြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်က မကွေးမြို့နယ်အတွင်း ကျေးရွာများတွင် နွေရာသီရေရှားပါးပြတ်လပ်မှုမရှိစေရေးပြင်ဆင်ထားမှုများကို ရှင်းလင်းတင်ပြရာတွင် ကျေးရွာပိုင်စက်ရေတွင်းများအား ကြီးကြပ်မှုကော်မတီများဖွဲ့စည်းပြီး စက်ရေတွင်းများအား စနစ်တကျမောင်းနှင်သုံးစွဲနိုင်ရန်၊ ကျေးရွာနေပြည်သူလူထုအတွက် သင့်တော်သော သတ်မှတ်နှုန်းထားဖြင့် သောက်သုံးရေရရှိရေးနှင့် ကောက်ခံရရှိသည့် အကျိုးအမြတ်ငွေများဖြင့် စက်ရေတွင်းများ ပြင်ဆင်ထိန်းသိမ်းခြင်းများကို စနစ်တကျလုပ်ဆောင်ခြင်း၊ စက်ရေတွင်းများအား အမြဲတမ်းစစ်ဆေးလေ့လာခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် မီဒီယာများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များကို မေးမြန်းရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက အသီးသီးပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၁၆**

ရန်ကုန်(ရွှေဈေး) ၈၉၂၀၀၀ - ၈၉၂၀၀၀ မန္တလေး(ရွှေဈေး) ၈၉၂၀၀၀ - ၈၉၂၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၅၅/၇၇၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၁၀/၇၃၅ ကျပ်၊ | ၈၀၀/၈၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၂၀/၇၄၅ ကျပ်၊ | ၇၇၀/၇၈၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၆၀ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၆၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၆၂. ၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၆. ၉၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၈. ၈၁၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇. ၂၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၇၅၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၀၂. ၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၁၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၇. ၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၁. ၁၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**


ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

# အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယခုမတ်လအတွင်း ကျင်းပသွားမည်

**ရန်ကုန် မတ် ၁၆**

လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရန်နှင့် လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနအသီးသီးမှ ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်များဖြင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် စတုတ္ထအကြိမ် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။**(ယာပုံ)**

ဒုတိယသမ္မတက ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်မှာ ယခုဆိုလျှင် (၄)ကြိမ်မြောက်ရှိပြီဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက် ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲတွင် ဆုံးဖြတ်ချက် (၂၇)ချက်၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၃ ရက် ဒုတိယအကြိမ်တွေ့ဆုံ ဆွေးနွေးပွဲတွင် ဆုံးဖြတ်ချက် (၁၁)ချက်နှင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဆုံးဖြတ်ချက်(၁၆)ချက် စုစုပေါင်း (၅၄) ချက်ကို ချမှတ်ခဲ့ကြောင်း။

အဆိုပါတင်ပြချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် လုပ်ငန်းကော်မတီများက ဆက်လက်ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပြီး ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်း UMFCCI သို့ အသိပေးအကြောင်းကြားထားပြီးဖြစ်ရာ ၎င်းမှတစ်ဆင့် သက်ဆိုင်ရာလုပ်ငန်းရှင်များကို အသိပေးအကြောင်းကြားလျက်ရှိကြောင်း၊ မှတ်တမ်းများအဖြစ် ပြုလုပ်ထားပြီး ဝန်ကြီးဌာနများကလည်း ဆောင်ရွက်ပြီးစီးမှုများကို ပေးပို့ထားပါကြောင်း၊ တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ပုဂ္ဂလိကကဏ္ဍပိုမိုဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို ထိထိရောက်ရောက်ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းထားပြီး ယင်းကော်မတီကို အထောက်အကူပြုမည့် လုပ်ငန်းစဉ်အလိုက် လုပ်ငန်းကော်မတီ(၅)ရပ်ကို ထပ်ဆင့်ဖွဲ့စည်းပေးထားပါကြောင်း။

ဥပဒေနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေးလုပ်ငန်းကော်မတီအနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးစေရန် အဟန့်အတားဖြစ်နေပြီး ခေတ်နှင့်မလျော်ညီသည့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ပြင်ဆင်သင့်သည့် ဥပဒေများကို ပြင်ဆင်နိုင်ရေးနှင့် လိုအပ်သည့် စီးပွားရေးဆိုင်ရာ ဥပဒေသစ်များ ပြဋ္ဌာန်းနိုင်ရေးတို့အတွက် ဥပဒေဆိုင်ရာ အကြံပြုခြင်းများကို ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း။

ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီအနေဖြင့် ငွေကြေးတည်ငြိမ်မှုရရှိစေရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုဘဏ်အပါအဝင် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ထိုက်သင့်သလောက် တည်ငြိမ်မှုရရှိခဲ့ကြောင်း။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီအနေဖြင့် ရန်ကုန်ဆိပ်ကမ်းများတွင် ကုန်ပစ္စည်းများ တင်ပို့တင်သွင်းခြင်းများပြုလုပ်ရာတွင် ပြည်ပသို့ တင်ပို့သည့် ကုန်သေတ္တာများအတွင်း တရားမဝင်သစ်များ ဖမ်းဆီးရရှိမှုနှင့် ပြည်ပမှ တင်သွင်းလာသော သွင်းကုန်သကြားကုန်သေတ္တာတွင် မူးယစ်ဆေးဝါးပါဝင်မှုများ တွေ့ရှိမှုကြောင့် စစ်ဆေးမှုများ ပိုမိုတင်းကျပ်စွာ လုပ်ဆောင်သည့်အတွက် ပို့ကုန်၊ သွင်းကုန်များကို ဆိပ်ကမ်းများ၌ ကုန်တင်၊ ကုန်ချပြုလုပ်ရာ၌ လုပ်ငန်းကြန့်ကြာမှုများ ဖြစ်ပေါ်နေသည်ဟု တင်ပြမှုအပေါ် လုပ်ငန်းကော်မတီအနေဖြင့် ကွင်းဆင်းပြီး လတ်တလောဖြေရှင်းပေးရမည့် အခြေအနေများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးကာ အချို့အချိန်ယူ၍ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသွားရမည့် ကိစ္စရပ်များကိုမူ သက်ဆိုင်ရာဌာနများနှင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်ကို ပြောကြားလိုကြောင်း။




ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရေးအတွက် တတ်နိုင်သမျှ ဖြေလျှော့ပေးခဲ့ကြောင်း၊ စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏ အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးလုပ်ငန်းကော်မတီအနေဖြင့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို ပိုမိုဖြေရှင်းပေးနိုင်ရန် သက်ဆိုင်ရာဌာနအားလုံးနှင့်ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီအနေဖြင့် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပုဂ္ဂလိကလူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယခုမတ်လအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါကော်မတီအနေဖြင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းဆင်းလက်မှတ်များ ရရှိရေးကိုလည်း အထူးဆောင်ရွက်လျက်ရှိကြောင်း။

အစိုးရသစ် စတင်တာဝန်ယူသော ကာလဖြစ်သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကြည့်မည်ဆိုလျှင် လျာထားချက် အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံ သတ်မှတ်ခဲ့သော်လည်း ယနေ့အထိ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၁၂ ဘီလီယံထိ ရရှိထားပြီးဖြစ်သည့်အတွက် လျာထားချက်ထက် ပိုမိုဝင်ရောက်ရင်းနှီးမြှုပ်နှံသည်ကို တွေ့ရမည်ဖြစ်ပြီး တိုးတက်မှုများ ရှိနေပြီဖြစ်ပါကြောင်း။

ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ မြို့နယ်အလိုက် ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုမည့် ဇုန်(၁)၊ ဇုန်(၂)၊ ဇုန်(၃) သတ်မှတ်ချက်များကိုလည်း အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

ယခုအစည်းအဝေးသည် နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုတွင် ပုဂ္ဂလိက၏ အခန်းကဏ္ဍသည် အဓိကကျသည့်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလိုအပ်သည့် မူဝါဒပိုင်းဆိုင်ရာများတွင် ခေတ်နှင့် လျော်ညီစွာ ချမှတ်ကျင့်သုံးဆောင်ရွက်နိုင်ရန်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အခက်အခဲများအပေါ် နိုင်ငံတော်ပိုင်းက အတတ်နိုင်ဆုံး ဖြည့်ဆည်းဖြေရှင်းပေးသွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကို တတ်နိုင်သမျှ တစ်လတစ်ကြိမ် ကြိုးပမ်းတွေ့ဆုံခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ပပို့ကုန်များတင်ပို့ရာတွင် တွေ့ကြုံရသော အခက်အခဲများနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုန်စည်ဒိုင်နှင့် မြန်မာနိုင်ငံကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်းတို့မှ ကိုယ်စားလှယ်များက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် စတုတ္ထအကြိမ် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# လွိုင်ကော်မြို့နှင့် မယ်ဟောင်ဆောင်မြို့တို့အကြား ညီအစ်မမြို့တော်တည်ထောင်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**လွိုင်ကော် မတ် ၁၆**

ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် မယ်ဟောင်ဆောင်မြို့တို့အကြား ညီအစ်မမြို့တော် (Sister City) တည်ထောင်ရေး




နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို မတ် ၉ ရက် နံနက် ၉ နာရီက ပြည်နယ်ခန်းမ လွိုင်ကော်မြို့၌ ပြုလုပ်သည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက နှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင်ဝန် Mr. Suebsak Eaimvijarn က နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်ပြီး ကယားပြည်နယ်နှင့် မယ်ဟောင်ဆောင်ခရိုင်တို့၏ အထင်ကရနေရာများနှင့် ရှုခင်းများအားမှတ်တမ်းတင်ရိုက်ကူးထားသည့် ဗီဒီယိုပြသသည်။

ဆက်လက်၍ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် မယ်ဟောင်ဆောင်ခရိုင်ဝန်တို့က ညီအစ်မမြို့တော် (Sister City) တည်ထောင်ရေးနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ခရိုင်ဝန်တို့က အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။

လွိုင်ကော်မြို့နှင့် မယ်ဟောင်ဆောင်မြို့တို့ ညီအစ်မမြို့တော်အဖြစ် MoU လက်မှတ်ရေးထိုးပြီးနောက် နှစ်နိုင်ငံအကြား ညီမျှမှုနှင့် အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဥပဒေအရ ခွင့်ပြုထားသော မူဘောင်အတွင်းမှ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ သက်ဆိုင်ရာ အစိုးရမူဝါဒများနှင့် နှစ်နိုင်ငံစည်းမျဉ်းစည်းကမ်းများ ကိုက်ညီမှုရှိပါက ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းနှင့် နှစ်နိုင်ငံအချင်းချင်းဆက်သွယ်မှုပြုရန်နှင့် သက်ဆိုင်ရာ အရာရှိကြီးများ အပြန်အလှန် လည်ပတ်ခွင့်ရရှိစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း မူဘောင်အတွင်းမှ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သလို ဆက်လက်၍ နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပခြင်း၊ တက္ကသိုလ်အချင်းချင်း ပညာရေးဖလှယ်ခြင်း၊ ကုန်သည်လုပ်ငန်းရှင်များအချင်းချင်း ဆွေးနွေးခြင်း၊ အမြင်ဖလှယ်ခြင်းနှင့် ကုန်စည်ပြပွဲကျင်းပခြင်း စသည့် လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြောကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့လုပ်ဆောင်ရန် ဆော်ဒီဘုရင်နှင့် တရုတ်သမ္မတတို့ သဘောတူညီ



**ပေကျင်း မတ် ၁၆**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဆော်ဒီအာရေဗျဘုရင် ဆေမန်ဘင်အဒူလာဇစ်တို့သည် မတ် ၁၆ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ တိုးချဲ့လုပ်ဆောင်သွားရန် သဘောတူညီခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်ဒေါ်လာ ၆၅ ဘီလီယံတန်ဖိုးရှိသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍများကို တိုးချဲ့လုပ်ဆောင်ရန် ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။ တိုးချဲ့လုပ်ဆောင်မည့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများတွင် ဆော်ဒီအာရေဗျနိုင်ငံ၌ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်မည့် အစီအစဉ်များ ပါရှိကြောင်း သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် တရုတ်နိုင်ငံသို့ ရေနံအများအပြား တင်သွင်းလျက်ရှိသည်။

အာရှနှင့် ဥရောပနိုင်ငံများကို ထိတွေ့ဆက်စပ်နေသော 'ကုန်းမြေခါးပတ်တစ်ဝန်း ရေလမ်းကြောင်းတစ်သွယ်' စီးပွားရေးဇုန်တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က ဆော်ဒီအာရေဗျနိုင်ငံအား ပါဝင်ရန် ကမ်းလှမ်းထားသည်။

အဆိုပါကမ်းလှမ်းချက်ကို ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဆော်ဒီဘုရင်က သမ္မတရှီအား ပြန်လည်ပြောကြားခဲ့သည်ဟု တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနတာဝန်ရှိသူများက ဆိုသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ကမ္ဘာ့ထိပ်တန်းရေနံထုတ်လုပ်ရောင်းချသည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။ သို့သော် မကြာသေးမီအချိန်က ရေနံစိမ်းဈေးလျော့ကျခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံ၏ စီးပွားရေးအနည်းငယ် ထိခိုက်သွားခဲ့ရသည်။

ထိုသို့ ရေနံဈေး လျော့ကျသွားမှုသည် ရေနံဈေးကွက်ကို အမှီပြုနေရသည့် ဆော်ဒီအာရေဗျနိုင်ငံအတွက် စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရန် လှုံ့ဆော်ပေးခဲ့သည်။

ဆော်ဒီနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေစဉ် ဆော်ဒီနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့လုပ်ဆောင်ခြင်းအားဖြင့် တရုတ်နိုင်ငံသည် ပင်လယ်ကွေ့ဒေသတွင် ၎င်းပါဝင်ပတ်သက်မှုအတိုင်းအတာကို မြှင့်တင်ရန် အခွင့်အလမ်းတစ်ရပ် ပေါ်ထွန်းလျက်ရှိကြောင်း စောင့်ကြည့်လေ့လာသူများကဆိုသည်။

ယခုရက်သတ္တပတ်အစောပိုင်းက ဆော်ဒီဘုရင်သည် ဂျပန်နိုင်ငံသို့ လေးရက်ကြာ အလည်အပတ်ခရီးသွားရောက်ပြီး ဂျပန်နိုင်ငံ၏ စီးပွားရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# မြောက်ကိုရီးယားအပေါ် ချဉ်းကပ်မှုပုံစံသစ်လိုအပ်ဟု ဂျပန်ရောက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးပြော

**တိုကျို မတ် ၁၆**

မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးလက်နက်အစီအစဉ်များကို မိမိတို့ လက်ခံနိုင်မည်မဟုတ်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တီလာဆန်နှင့် တွေ့ဆုံဆွေးနွေးရာတွင် မိမိထောက်ခံပြောဆိုခဲ့ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဖူမိယိုကီရှိဒက နိုင်ငံခြားရေးဝန်ကြီးအဖြစ် အာရှဒေသသို့ ပထမဆုံးအကြိမ်ခရီးနှင်လာသူဖြစ်ပြီး ဂျပန်နိုင်ငံခရီးစဉ်ပြီးလျှင် တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

မိမိတို့နှစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်မှုခိုင်ကျည်စွာ တည်ရှိနေပုံကို တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်ဦးစလုံးက



မတ် ၁၆ ရက်တွင် ပြောကြားလိုက်သည်။

ရေနံလုပ်ငန်းဆိုင်ရာ ထိပ်တန်းစီမံခန့်ခွဲရေးမှူးဟောင်း တီလာဆန်သည် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဂျပန်နိုင်ငံသို့ မတ် ၁၅ ရက်နှောင်းပိုင်းတွင် ရောက်ရှိလာခဲ့သည်။ ၎င်းသည် အတည်ပြုခဲ့ကြကြောင်း တီလာဆန်က ကီရှိဒနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသည် ဆယ်စုနှစ်နှစ်စုကြာမျှ မြောက်ကိုရီးယားနှင့် သံတမန်ရေးအရ ဆယ်သွယ်ညှိနှိုင်းခြင်း၊ ယင်းနိုင်ငံသို့ အကူအညီပေးခြင်းတို့ ပြုလုပ်ခဲ့သော်လည်း ယင်းနိုင်ငံအား နျူကလီးယားလက်နက်ကင်းရှင်းသောနိုင်ငံအဖြစ် ပြောင်းလဲရေးဟူသော မိမိတို့၏ရည်မှန်းချက် ပေါက်မြောက်အောင်မြင်မှုမရကြောင်း တီလာဆန်က ပြောကြားသည်။

နှစ်ပေါင်း ၂၀ ကြာမြင့်ခဲ့သည့် ဆက်ဆံရေးပုံစံအလုပ်မဖြစ်သဖြင့် ပြောင်းလဲရန် လိုအပ်လာပြီဖြစ်ကြောင်း လွန်ခဲ့သည့်နှစ် ၂၀ ကာလအတွင်း အမေရိကန်က မြောက်ကိုရီးယားအား ဒေါ်လာ ၁ ဒသမ ၃၅ ဘီလီယံ ကူညီထောက်ပံ့ပေးခဲ့ပြီး ယင်းနိုင်ငံ၏ ဦးတည်ချက်လမ်းကြောင်း ပြောင်းလဲသွားစေရန် မိမိတို့ တိုက်တွန်းအားပေးခဲ့သော်လည်း ချဉ်းကပ်ပုံနည်းလမ်းဟောင်းမှာ မအောင်မြင်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

မြောက်ကိုရီးယားအရေးနှင့် ပတ်သက်၍ ချဉ်းကပ်မှုပုံစံသစ်များ ဖော်ဆောင်နိုင်ရေးအတွက် အမေရိကန်တာဝန်ရှိသူများနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသော်လည်း အသေးစိတ်မသိရပေ။

**ရိုက်တာ။**

# တောင်အော်ဆက်ရှားဒေသရှိ လက်နက်ကိုင်တပ်ဖွဲ့များအရေး သဘောတူညီမှုရယူရန် တာဝန်ရှိသူများအား ပူတင်ညွှန်ကြား

**မော်စကို မတ် ၁၆**

ဂျော်ဂျီယာနိုင်ငံမှ ခွဲထွက်ရန် ကြိုးပမ်းနေသော တောင်အော်ဆက်ရှားဒေသ၏ လက်နက်ကိုင်တပ်ဖွဲ့များကို ရုရှားနိုင်ငံ၏ စစ်တိုင်းဒေသ ဖွဲ့စည်းပုံအောက်တွင် ပေါင်းစပ်ပါဝင်စေရန် ဖော်ပြထားသည့်သဘောတူညီချက်တစ်ရပ် ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်သွားရန် သမ္မတဗလာဒီမာပူတင်က တာဝန်ရှိသူများအား ညွှန်ကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျော်ဂျီယာနိုင်ငံ၏ သူပုန်ထနေသောဒေသမှ တပ်ဖွဲ့များကို ရုရှား၏ စစ်တိုင်းဒေသများ၏ ဖွဲ့စည်းပုံအောက်၌ ထားရှိနိုင်ရေးသဘောတူညီချက်ရယူရန် သမ္မတပူတင်က ရုရှားကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့ကို ညွှန်ကြားထားသည်ဟု သတင်းတွင်ဖော်ပြသည်။

ရုရှားအစိုးရအဖွဲ့က ယင်းသို့ ဆောင်ရွက်မည်ဆိုခြင်းကို ဂျော်ဂျီယာအစိုးရအဖွဲ့က ပြစ်တင်ရှုတ်ချခဲ့သည်။ နိုင်ငံတကာဥပဒေ ရှိနေလင့်ကစား ဂျော်ဂျီယာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးသော နယ်မြေဒေသကို ရုရှားက ယင်း၏အာဏာစက်အောက်သို့ တိတ်တဆိတ်သွတ်သွင်းနေသည်ဟု ဂျော်ဂျီယာ၏အနောက်တိုင်းမဟာမိတ်နိုင်ငံများက စွပ်စွဲမှုများ ပေါ်ထွက်လာဖွယ်ရှိကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

တောင်အော်ဆက်ရှားပြည်နယ်မှ ခွဲထွက်ရေးဝါဒီများအနေဖြင့် ၎င်းတို့၏ လက်နက်ကိုင်တပ်ဖွဲ့များနှင့် သက်ဆိုင်နေသည့် စစ်ဆင်ရေးဆင်နွှဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းသစ်များ ရေးဆွဲချမှတ်ရန်၊ ယင်းဒေသရှိ လက်နက်ကိုင်တပ်ဖွဲ့များ၏ ဖွဲ့စည်းပုံနှင့် ဦးတည်ချက်များကို သတ်သတ်မှတ်မှတ်ဖော်ပြရန် သဘောတူညီချက်မူကြမ်းတွင် ဖော်ပြထားသည်။

တောင်အော်ဆက်ရှားပြည်နယ်ရှိ ရုရှားစစ်အခြေစိုက်စခန်းတစ်ခု၌ ရုရှားစစ်သည်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တောင်အော်ဆက်ရှားလက်နက်ကိုင်တပ်ဖွဲ့ဝင်များကို လွှဲပြောင်းပေးနိုင်ရေးအချက်နှင့်ပတ်သက်၍လည်း သဘောတူညီချက်မူကြမ်းတွင် ဖော်ပြထားသည် ဆို၏။

သဘောတူညီချက်အတွက် အပြီးသတ်ရေးဆွဲရန်နှင့် လက်မှတ်ရေးထိုးနိုင်ရေးတို့အတွက် ခွဲထွက်ရေးဝါဒီများနှင့် ပူးပေါင်းဆောင်ရွက်ရန် ရုရှားကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနများအား သမ္မတပူတင်က မတ် ၁၄ ရက်တွင် ညွှန်ကြားခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနှင့် တောင်အော်ဆက်ရှားပြည်နယ်ခေါင်းဆောင်များအကြား သဘောတူညီမှုတစ်ရပ်ရပ် ရယူခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိနိုင်ကြောင်း ဂျော်ဂျီယာနိုင်ငံခြားရေးဝန်ကြီး မီခေးလ်ဂျာနီလီဒက်ဇ်က ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

**ရိုက်တာ။**



# အမေရိကန်ကချထားမည့် အဆင့်မြင့်ဒုံးကျည်ကာကွယ်ရေးစနစ် အိတ်စ်-ဘန်းရေဒါ တောင်ကိုရီးယားသို့ ရောက်ရှိလာတော့မည်ဟုဆို

**ဆိုးလ် မတ် ၁၆**

တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်က ချထားမည့် အဆင့်မြင့်ဒုံးကျည်ကာကွယ်ရေးစနစ်(တီအိတ်ချ်အေအေဒီ)၏ အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်သည့် အိတ်စ်-ဘန်းရေဒါသည် မကြာမီကာလအတွင်း တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာတော့မည်ဟု စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်ကို ကိုးကား၍ နိုင်ငံပိုင်ယွန်ဟပ်သတင်းဌာနက ယနေ့ဖော်ပြသည်။

အိတ်စ်-ဘန်းရေဒါသည် မတ် ၁၆ ရက်တွင် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာခြင်းမရှိသေးကြောင်း၊ သို့ရာတွင် ယင်းရေဒါအား တောင်ကိုရီးယားတွင် မကြာမီဖြန့်ကြက်ထားနိုင်မည်ဖြစ်ကြောင်း၊ ရေဒါအား တောင်ကိုရီးယားအခြေစိုက် အမေရိကန်တပ်ဖွဲ့(ယူကေအယ်ဖ်စီ)၏စစ်အခြေစိုက်စခန်းတစ်ခုသို့ ပို့ဆောင်မည်ဖြစ်ကြောင်း အမည်ဖော်ပြခြင်းမရှိသည့် စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မတ် ၁၅ ရက်တွင် တောင်ကိုရီးယား ကေဘီအက်စ်ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သော သတင်းတွင် အေအန်/တီပီဝိုင်-၂ အမျိုးအစားရေဒါသည် မတ် ၁၆ ရက် နံနက်တွင် မြို့တော်ဆိုးလ်၏တောင်ဘက် ကီလိုမီတာ ၆၀ အကွာရှိ အူဆန်လေတပ်အခြေစိုက်စခန်းသို့ ရောက်ရှိလာမည်ဟု ဖော်ပြခဲ့သည်။

ကေဘီအက်စ်သတင်းဌာန၏ သတင်းဖော်ပြချက်အား အတည်ပြုခြင်းမရှိကြောင်း တောင်ကိုရီးယားပူးတွဲတပ်ဖွဲ့များ စစ်ဦးစီးဌာနချုပ် (စီအက်ဖ်စီ)က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

**ဆင်ဟွာ။**

# ဖောင်းပြင် - ပင်လည်ဘူးလမ်းပိုင်းအား ယခုနှစ် မိုးရာသီမတိုင်မီ ဆောင်ရွက်သွားမည်



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကျင်းပစဉ်။

**နေပြည်တော် မတ် ၁၆**

ဖောင်းပြင်-ပင်လည်ဘူး လမ်းပိုင်းတွင် ဆောင်ရွက်မည့် လုပ်ငန်းများသည် ယခုနှစ် မိုးရာသီမတိုင်မီ ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ သို့မှသာ မိုးတွင်းကာလအတွင်း ရေလမ်းကြောင်းအပြင် ကားလမ်းကိုပါ အထောက်အကူပြု သုံးစွဲသွားနိုင်မည်ဖြစ်ပါကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၆)ရက်မြောက်နေ့တွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဖောင်းပြင်-ပင်လည်ဘူးကားလမ်း ၂၉ မိုင်(လမ်းသစ်) အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ငွေကျပ် သန်း ၅၅၇၅ ဒသမ ၀၀ ခွဲဝေသုံးစွဲမည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဖောင်းပြင်-ပင်လည်ဘူးကားလမ်း ၂၉ မိုင်(လမ်းသစ်)အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သီးသန့်ရန်ပုံငွေမှ သုံးစွဲမည့် ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၇ ဦးက အပြုသဘောဖြင့် ထောက်ခံအကြံပြု ဆွေးနွေးချက်များကို ကြိုဆိုပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် Grade နှိမ့်ချခြင်းလုပ်ငန်းများ၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများ၊ မြေကာနံရံတည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၁၇ ခုနှစ် မေလကုန်တွင် လည်းကောင်း၊ အမာခံကျောက်လမ်းခင်းခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းကို ၂၀၁၇ ခုနှစ် ဇွန်လ ဒုတိယပတ်တွင် လည်းကောင်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဇွန်လ တတိယပတ်တွင် လည်းကောင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေရရှိပါက ၂၀၁၇ ခုနှစ် မတ်လ တတိယပတ်မှစတင်၍ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဇွန်လအတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ လုပ်ငန်းများပြီးစီးအောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနမှ အရည်အသွေးထိန်းသိမ်းရေးအဖွဲ့များဖြင့်လည်းကောင်း၊ ပြင်ပမှ အရည်အသွေးထိန်းသိမ်းရေးအဖွဲ့များအား ငှားရမ်း၍ လည်းကောင်း ကြီးကြပ်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သည့်ကာလမှာ လွှတ်တော်ခေတ္တရပ်နားချိန်ဖြစ်ပါသဖြင့် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်း ကူညီအကြံပြုဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ပင်လည်ဘူး-ဖောင်းပြင်လမ်း သီးသန့်ရန်ပုံငွေသုံးစွဲမည့် ကိစ္စနှင့်ပတ်သက်၍ ယခုလွှတ်တော်ကိုယ်စားလှယ် ၁၇ ဦးက အပြုသဘောဖြင့် အကြံပြုဆွေးနွေးချက်များ၌ အပိုင်း ၃ ပိုင်း တွေ့ရှိရပါကြောင်း။

ပထမအပိုင်းတွင် ဒေသခံလွှတ်တော် ကိုယ်စားလှယ်များသည် ဒေသခံပြည်သူများကိုယ်စား ယခုလမ်းကို ဖောက်လုပ်ရန် ထောက်ခံဆွေးနွေးမှုကို တွေ့ရှိရပါကြောင်း၊ ဒုတိယအပိုင်း၌ လမ်းဖောက်လုပ်မှုကို ထောက်ခံသော်လည်း အဆိုပါလမ်းကို အချိန်တိုအတွင်း ဆောင်ရွက်သည့်အတွက် ပြန်လည်ပျက်စီးသွားမည်ကို စိုးရိမ်ကာ အပြုသဘောဖြင့် ဝေဖန်အကြံပြုသွားသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ တတိယအပိုင်းအနေဖြင့် ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြို့ရွာများအနေဖြင့် ရေလမ်းကြောင်းကို အားကိုးသွားလာနေရသည့်အတွက် အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံများအတွက် သက္ကယ်ကျင်း - ဖောင်းပြင် - ခန္တီးလမ်း မိုင် ၃၃၀ ကို ဦးစားပေးဆောင်ရွက်ပေးရန် တင်ပြလာသည်ကိုလည်း တွေ့ရှိရပါကြောင်း။

အဆိုပါတင်ပြချက်များနှင့်စပ်လျဉ်း၍ ပင်လည်ဘူး-ဖောင်းပြင်လမ်းပိုင်းကို ဒေသခံများအတွက် အချိန်တိုအတွင်း ဆောင်ရွက်ရမည်ဖြစ်သော်လည်း စက်ယန္တရားများ၊ အရည်အသွေး ထိန်းသိမ်းရေးအဖွဲ့များဖြင့် သေချာစွာကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်၍ အချိန်တိုအတွင်း ပျက်စီးမှုမရှိရန်နှင့် ရေရှည်ခံနိုင်ရန်အတွက် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဒေသခံ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်ရပ်နားထားချိန် ဖြစ်သည့်အတွက် ပူးပေါင်းကူညီပါဝင်ရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ပူးပေါင်းပါဝင်မှုဖြင့် အချိန်တိုအတွင်းမှာ စံချိန်စံညွှန်းမီ လမ်းတစ်လမ်းဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခုဆောင်ရွက်မည့် လုပ်ငန်းများကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် တင်ဒါအောင်မြင်ခဲ့သော ဈေးနှုန်းတန်ဖိုးများဖြင့် အနီးစပ်ဆုံး ခန့်မှန်းတွက်ချက်၍ ရန်ပုံငွေတစ်ရပ်ရရှိအောင် တင်ပြတောင်းခံထားခြင်းဖြစ်၍ လုပ်ငန်းများပြီးပါက ကျွမ်းကျင်မှုဆိုင်ရာ ခွင့်ပြုမိန့် ပြန်လည်တောင်းခံသည့်အခါ သတ်မှတ်ဒီဇိုင်း စံချိန်စံညွှန်းများဖြင့် စိစစ်ပြီး ရန်ပုံငွေပိုလျှံပါကလည်း နိုင်ငံတော်သို့ ပြန်လည်အပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးညီညီထွေး(ခေါ်) ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးတင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်၊ ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ တောင်သာမဲဆန္ဒနယ်မှ ဦးစစ်အေး၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ဖောင်းပြင်မဲဆန္ဒနယ် ဦးထွန်းဝေ၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွှန့်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်နှင့် ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်တို့က ထောက်ခံဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သည့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ အမည်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် နယ်နိမိတ်ဧရိယာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၈ အရ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေရာသီ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ငွေကျပ် ဘီလီယံ ၃၀ ခွဲဝေသုံးစွဲမည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ဘောဂဗေဒ)၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဝင်းအောင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှဦးထွန်းထွန်းဦး၊ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ မြို့သစ် မဲဆန္ဒနယ်မှ ဦးသာအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်တို့က ထောက်ခံဆွေးနွေးကြသည်။

အလားတူ နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကျေးရွာ ၄၁၆ ရွာသို့ လျှပ်စစ်ဓာတ်အားပေးနိုင်ရေး ဆောင်ရွက်ရန် ဂျာမနီနိုင်ငံ KfW Development Bank ထံမှ ယူရို ၂၃ ဒသမ ၈၈၃ သန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၊ အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ပန်းတောင်း မဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ တောင်ကြီး မဲဆန္ဒနယ်မှ ဒေါက်တာသန်းဌေး၊ ရွာငံ မဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ လှိုင်လင် မဲဆန္ဒနယ်မှ ဦးခင်မောင်သီနှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေးတို့က ထောက်ခံဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသည့် ကမ္ဘာ့ဘဏ်၏ ချေးငွေအစီအစဉ်အောက်မှ Development Policy Operation(DPO) ချေးငွေအမေရိကန်ဒေါ်လာ သန်း ၂၀၀ ချေးယူရန် ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ဘောဂဗေဒ) က ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ယနေ့အစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများကို မတ် ၁၇ ရက်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို မတ် ၁၇ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

## မြန်မာ - ရုရှား နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဆွေးနွေး

**နေပြည်တော် မတ် ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အထူးကိုယ်စားလှယ်အဖြစ် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် ရုရှားနိုင်ငံ မော်စကိုမြို့သို့ သွားရောက်ခဲ့ပြီး ရုရှားအမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာနီကိုလိုင် ပက်ထရူရှက်ဗ်နှင့် မတ် ၁၃ ရက်တွင် ကရင်မလင်နန်းတော်၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များနှင့် ဒေသအတွင်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



## နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းအခြေအနေ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် မတ် ၁၆**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းအခြေအနေ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံအနာဂတ်အတွက် ရေရှည်အကျိုးဖြစ်ထွန်းရေး အလားအလာများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ဆိုလာလှည်းယဉ်ကလေးကို လေးတပ်ပေးဖို့လိုနေသေး

**သိန်းမော်(ထိန်းသိမ်းရေးအင်ဂျင်နီယာ)**

၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့ထုတ် ဘလွန်းဘာ့ (Bloomberg) သတင်းဆောင်းပါးတစ်ပုဒ်အရ ဆိုလာစွမ်းအင်သည် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာပေါ်တွင် ဈေးအချိုဆုံးစွမ်းအင်သစ်ဖြစ်လာကြောင်း သိရှိလာကြရသည်။ တပ်ဆင်သုံးစွဲမှုများပြားလာသည်နှင့်အတူ ထုတ်လုပ်မှုများကို တိုးမြှင့်ပြိုင်ဆိုင်လာကြခြင်းကြောင့် ကမ္ဘာတစ်ဝန်းဆိုလာပြားဈေးနှုန်းများမှာ မမျှော်လင့်ခဲ့သည့် အနိမ့်ဆုံးဈေးများအထိ ဆက်တိုက်ကျဆင်းလာပြီး ဆိုလာစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ရင်းနှီးကုန်ကျရမည့်စရိတ်သည် အခြားရုပ်ကြွင်းလောင်စာနှင့် ရေအားမှအပ ပြန်ပြည့်စွမ်းအင်များမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ အထူးသဖြင့် လေအားမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းထက် သက်သာလာခဲ့သည်။ မြန်မာပြည်အတွင်းတွင်လည်း ၂၀၁၃ ခုနှစ်ကတည်းက စာချုပ်ချုပ်ဆို သဘောတူညီခွင့်ပြုချက်ရရှိထားခဲ့သည့် ဆိုလာစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများ စတင်တည်ဆောက်နိုင်ရန် အစပျိုးနေကြချိန်တွင် ရေတိုအတွက်သာ အကျိုးရှိသည့် အိမ်သုံးဆိုလာစနစ်များမှ ရရှိသည်ထက် ပိုမိုကောင်းမွန်သည့် နေစွမ်းအင်လျှပ်စစ်ကို အများနည်းတူလျှပ်စစ်ဓာတ်အား ကွန်ရက်မှတစ်ဆင့် မြန်မာပြည်သားတို့ ကျယ်ပြန့်စွာ ရယူသုံးစွဲနိုင်တော့မည့်အချိန်ကိုမျှော်လင့်နေမိသည်။


**အနာဂတ်အတွက် ဆိုလာစွမ်းအင်**

၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့ထုတ် အပြည်ပြည်ဆိုင်ရာစွမ်းအင်အေဂျင်စီ (International Energy Agency) အဖွဲ့၏ သတင်းဆောင်းပါးတွင် ဆိုလာစွမ်းအင်သည် အနာဂတ် ၂၀၅၀ ပြည့်နှစ်ခန့်တွင် ကမ္ဘာပေါ်တွင် အကြီးဆုံးစွမ်းအင်ထုတ်လုပ်မှုဖြစ်လာနိုင်ကြောင်း ရေးသားထားသည်။ ၂၀၁၅ ခုနှစ် ဧပြီလ ၁၅ ရက်နေ့ထုတ် ဘလွန်းဘာ့ သတင်းဆောင်းပါးပါ ဘလွန်းဘာ့စွမ်းအင်သစ်ငွေကြေးအဖွဲ့ (Bloomberg New Energy Finance)၏ ခန့်မှန်းချက်အရ ၂၀၂၀ ပြည့်နှစ်ခန့်တွင်ပင် ဆိုလာစွမ်းအင်ထုတ်လုပ်မှုသည် ကမ္ဘာပေါ်တွင် အကြီးဆုံးစွမ်းအင်ထုတ်လုပ်မှုဖြစ်လာနိုင်ကြောင်း တွေ့ရှိရသည်။ ဤသည်မှာ မတည်ငြိမ်မသေချာသည့် ပြန်ပြည့်စွမ်းအင်များကို လက်ရှိမဟာဓာတ်အားကွန်ရက်စနစ်များအတွင်း ပေါင်းစပ်ဖြန့်ဖြူးရာတွင် ကြုံတွေ့ရသည့် အကန့်အသတ်များကို နည်းပညာအရရော စီးပွားရေးအရပါ ဖယ်ရှားဖြေရှင်းနိုင်ခဲ့ကြခြင်းကြောင့်ဖြစ်သည်။

**အသင့်မဖြစ်သေး**

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတွင် အလုပ်လုပ်ခဲ့ကြသူ အကြီးတန်းအင်ဂျင်နီယာအချို့နှင့် နေစွမ်းအင်လျှပ်စစ်အသုံးချခြင်းအကြောင်း ဆွေးနွေးကြသည့်အခါတိုင်း အမြဲကြားသိရသည်မှာ မြန်မာ့လျှပ်စစ် ဓာတ်အားကွန်ရက်သည် တည်ငြိမ်မှုမရှိသေး၍ မတည်ငြိမ်သည့် နေအားနှင့်လေအားလျှပ်စစ်များကို လက်ခံရန်မဖြစ်နိုင်သေး။ လျှပ်စစ်ဓာတ်အားကွန်ရက်ကို တည်ငြိမ်မှုရှိအောင် လုပ်ဆောင်ပြီးမှသာ ယင်းလျှပ်စစ်ဓာတ်အားများကို လက်ခံကောင်းလက်ခံနိုင်မည်ဟူသော စကားသာဖြစ်သည်။ ဆိုလိုသည်မှာ အနိမ့်ဆုံး လျှပ်စစ်ဓာတ်အားလိုအပ်ချက် (Base Load Electricity) ကို ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ပေးနိုင်မည့် ရေအား၊ သဘာဝဓာတ်ငွေ့၊ ဒီဇယ်စသည့် ရေနံထွက်လောင်စာများနှင့် ကျောက်မီးသွေးသုံးစက်များကို လုံလောက်စွာ တပ်ဆင်ပြီးမှသာ နေနှင့်လေအားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများကို လက်ခံပေါင်းစည်းပေးနိုင်မည်ဖြစ်သည်ဟု နားလည်ရသည်။

ဤနေရာတွင် အနိမ့်ဆုံးလျှပ်စစ်ဓာတ်အားလိုအပ်ချက် (Base Load) မှာ မည်မျှဖြစ်သနည်း။ လူဦးရေအားလုံး၏ ၃၅ ရာခိုင်နှုန်းအောက်သာ လျှပ်စစ်မီးရနေသော ဤနိုင်ငံတွင် လျှပ်စစ်ကွန်ရက်ကို တိုးချဲ့ရန်လိုနေသည်နှင့်အမျှ အနိမ့်ဆုံးလိုအပ်ချက်ဆိုသည့် ကိန်းဂဏန်းများမှာလည်း ဆုံးနိုင်ဖွယ်မရှိ။ ဤလိုအပ်ချက်မပြည့်မီသေးမီ နေနှင့်လေအားလျှပ်စစ်များကို လက်ခံနိုင်ရန် မဖြစ်နိုင်တော့ပြီလားဟု မေးစရာရှိလာသည်။



Power generation capacity additions (GW)
(Bloomberg New Energy Finance)

Source: https://www.bloomberg.com/news/articles/2015-04-14/fossil-fuels-just-lost-the-race-against-renewables

**ရေအားနှင့်ကျောက်မီးသွေး**

လက်ရှိအနေအထားတွင် မြန်မာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက အဓိကမြစ်ကြီးများကို ပိတ်ပြီး ရေအားလျှပ်စစ်တိုးချဲ့ထုတ်လုပ်မည်ကိုရော ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးရုံများ တည်ဆောက်မည်ကိုပါ အကြီးအကျယ်ဆန့်ကျင်ကန့်ကွက်လျက်ရှိနေကြသဖြင့် မြန်မာ့လျှပ်စစ်၏ ရေအားနှင့်ကျောက်မီးသွေးတို့ဖြင့် အနိမ့်ဆုံးလိုအပ်ချက်ကို တိုးမြှင့်ဖြည့်ဆည်းပေးရေးမှာ အကန့်အသတ်များဖြင့် ရင်ဆိုင်နေရပြီး သဘာဝဓာတ်ငွေ့နှင့် ရေနံထွက်လောင်စာစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများကိုသာ အတတ်နိုင်ဆုံးတိုးချဲ့နေရသည်။ အဆိုပါနည်းလမ်းများဖြင့် တည်ငြိမ်သော လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည်ဖြစ်သော်လည်း ကာဗွန်မီးခိုးအငွေ့ထုတ်လွှတ်မှုများလာခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများလာခြင်းနှင့် လောင်စာကို ကိုယ်တိုင်မထုတ်လုပ်နိုင်လျှင် ဝယ်ယူသုံးစွဲရခြင်းကြောင့် နိုင်ငံခြားငွေအရင်းအမြစ်များ စီးထွက်မှုတိုးလာစေခြင်းအပြင် ရေနံဈေးနှင့် ဒေါ်လာငွေလဲနှုန်းမြင့်တက်မှုအပေါ် မူတည်၍ ထုတ်လုပ်မှုနှင့် ဝန်ဆောင်စရိတ် ကြီးမြင့်လာမှုများကိုပါ ရင်ဆိုင်ကြရမည်ဖြစ်သည်။

**မော်တော်ကားနှင့် နွားလှည်း**

ရေအား၊ အဏုမြူအား၊ သဘာဝဓာတ်ငွေ့နှင့် ဒီဇယ်စသည့် ရေနံထွက်လောင်စာများနှင့် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်များသည် လိုအပ်သည့် အချိန်တွင် လိုအပ်သလို ထုတ်လုပ်ပေးနိုင်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစနစ် (Dispatchable Generation) များဖြစ်ကြသည်။ လိုအပ်သည့်ဝန်အားကိုထမ်းရာတွင် အရင်းအမြစ်ရှိလျှင်ရှိသလောက် တည်ငြိမ်စွာထိန်းချုပ်မောင်းနှင်နိုင်ကြသဖြင့် ဆီထည့်ထားလျှင် စက်နှိုးပြီး အမြန်မောင်းထွက်နိုင်သည့် မော်တော်ကားများနှင့် နှိုင်းယှဉ်နိုင်သည်။

နေအားနှင့်လေအားတို့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများသည် ဓာတ်အားလိုအပ်ချက်အပြောင်းအလဲနှင့်အညီ လိုအပ်သလို မောင်းနှင်ထုတ်လုပ်မပေးနိုင်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစနစ် (Non-Dispatchable Generation) များ ဖြစ်ကြသည်။ လေအားကို လေတိုက်ခတ်သည့်ရာသီတွင်သာ တစ်နေ့တာလုံးအတက်အကျဖြင့် ရရှိနိုင်ပြီး နေအားမှာ မိုးတိမ်မရှိ မိုးမရွာသည့်ရက်များတွင် နေ့ပိုင်းတွင်သာ အတက်အကျဖြင့် ရရှိနိုင်သည်။ စွမ်းအင်ရရှိနိုင်သည့် ကာလများတွင် မတည်ငြိမ်မှုများဖြင့်သာ ထုတ်ယူသုံးစွဲနိုင်သဖြင့် နွားကိုတပ်၍ နွားအလိုကျမောင်းရသည့် နွားလှည်းများနှင့် နှိုင်းယှဉ်နိုင်သည်။

လက်ရှိ မပြည့်ဝသေးဘဲ တည်ငြိမ်မှုလည်းနည်းပါးနေသေးသည့် မြန်မာ့လျှပ်စစ်ဓာတ်အားကွန်ရက်အတွင်းသို့ လိုအပ်သည့်ပြင်ဆင်မှုများကို လုံလောက်စွာလုပ်ဆောင်ပေးခြင်းမရှိဘဲ နေအားနှင့်လေအားသုံးလျှပ်စစ်ဓာတ်အားများကို အလုံးအရင်းဖြင့် ထည့်သွင်းပေါင်းစပ်လိုက်ပါက လေးမပါသည့်လှည်းကြမ်းကို လမ်းကြမ်းတွင်စီးရသည်သို့သာ ကြုံလာကြရမည့်အပြင် တပ်ဆင်ပြီးသည့်နေအားနှင့် လေအားသုံးလျှပ်စစ်ဓာတ်အားစက်ရုံများကို ထုတ်လုပ်ရန် အသင့်ဖြစ်နေပြီးမှ ရပ်ဆိုင်းထားရခြင်းမျိုးလည်း ကြုံလာရနိုင်သည်။

**လှည်းကိုလေးတပ်ပေးရန်လို**

လှည်းကြမ်းကို လှည်းယဉ်အဖြစ် ပြောင်းလဲမောင်းနှင်စီးနင်းရာတွင် ချောမွေ့ညင်သာမှုရှိစေရန် လေးတပ်ပေးဖို့လိုသလို အစဉ်မပြတ်အတက်အကျဖြစ်နေသည့် နေအားနှင့်လေအားစွမ်းအင်များကို ထိန်းညှိပေးနိုင်ရန်နှင့် နေ့တွင်သာရရှိသည့်နေစွမ်းအင်ကို ညပိုင်းနှင့် နေရောင်မရသည့်အချိန်များ သို့မဟုတ် နေရောင်မရသည့်နေ့များသို့ အချိန်ရွှေ့အသုံးချနိုင်ရန် လျှပ်စစ်ဓာတ်အားကွန်ရက်အတွင်း ဘက်ထရီကဲ့သို့သော စွမ်းအင်သိုလှောင်မှု (Energy Storage)စနစ်များထည့်သွင်းတပ်ဆင်တည်ဆောက်ပေးရန်လိုအပ်သည်။ စွမ်းအင်သိုလှောင်မှုစနစ်သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလည်းမဟုတ် သုံးစွဲခြင်းလည်းမဟုတ်ဘဲ ယင်းနှစ်မျိုးစလုံးကိုလုပ်ဆောင်နိုင်သည့် ကြားခံစနစ်ဖြစ်သည်။

စွမ်းအင်သိုလှောင်မှုစနစ်များက လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးဝေရာတွင် ဓာတ်အားထုတ်လုပ်မှုနှင့် သုံးစွဲမှုများအကြား မညီမျှမှုများကို ပိုလျှံမှုနှင့်လိုအပ်မှုများပေါ်မူတည်ပြီး ပိန်ချည်ဖောင်းချည်၊ ပြည့်တစ်လှည့် လျော့တစ်လှည့်ဖြင့် လိုက်ပါထိန်းညှိပေးခြင်းဖြင့် ဓာတ်အားစနစ်ကိုတည်ငြိမ်စေရန် လုပ်ဆောင်ပေးနိုင်ကြသည်။ စွမ်းအင်သိုလှောင်မှုစနစ်များကိုအသုံးပြု၍ ကွန်ရက်အတွင်း ဗို့အား (Voltage)နှင့် ကြိမ်နှုန်း (Frequency) စသည့် ဓာတ်အားအရည်အသွေးမတည်ငြိမ်မှုများကို ထိန်းညှိပေးရာတွင် အသုံးချနိုင်သလို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် စက်တပ်ဆင်အားလိုအပ်ချက်ပမာဏ (Installed Capacity)ကိုလည်း လျှော့ချပေးနိုင်သည်။

ပြန်ပြည့်စွမ်းအင်သစ်များမပေါ်မီ ကာလရှည်ကြာကပင် စွမ်းအင်သိုလှောင်မှုနည်းစနစ်ပေါင်းများစွာကို အသုံးပြုခဲ့ကြရာတွင် အနိမ့်အမြင့်မတူသည့် ရေသိုလှောင်ကန်နှစ်ခုအတွင်းရှိရေကို လိုအပ်သလိုလွှဲပြောင်းကာ အတင်အချ၊အသွင်းအထုတ်လုပ်ပေးခြင်းဖြင့် လျှပ်စစ်ဓာတ်အားကို ရယူသုံးစွဲပြန်လည်ထုတ်ပေးနိုင်သည့် ရေတင်လျှပ်စစ်ထုတ်စနစ် (Pumped Hydroelectric Energy Storage)မှာ ရှေးအကျဆုံးနှင့် ကမ္ဘာတစ်ဝန်းတည်ဆောက်တပ်ဆင်မှုအများဆုံးဖြစ်သည်။ အခြားစနစ်များမှာ ဘက်ထရီအမျိုးမျိုး၊ မြေအောက်ရေအောက် ဖိအားမြင့် လေသိုလှောင်စနစ်များ (Compressed Air Energy Storage-CAES)၊လေရည်သုံးသိုလှောင်စနစ်များ (Liquid Air Energy Storage -LAES)၊ ဖလိုင်းဝှီး (Flywheel)ဘီးလည်ပတ်စွမ်းအင် သိုလှောင်မှုစနစ်များ၊ ဟိုက်ဒရိုဂျင်နှင့် လူလုပ်သဘာဝဓာတ်ငွေ့သုံး (Hydrogen or Synthetic Natural Gas)စွမ်းအင်သိုလှောင်မှုစနစ်များ၊ ဆားပျော်ရည်အပူစွမ်းအင် သိုလှောင်မှုစနစ် (Molten Salt Energystorage)စသည်တို့အပြင် အခြားနည်းလမ်းပေါင်းများစွာလည်းရှိနေပါသည်။

"ပြန်ပြည့်စွမ်းအင်သွားလေရာ စွမ်းအင်လှောင်စရာလိုက်မြဲပါ" (Where renewables go, storage will follow.) ဆိုသည့်စကားအတိုင်း ပြန်ပြည့်စွမ်းအင်သုံးစွဲမှုမြင့်တက်လာခြင်းများနှင့်အတူ စွမ်းအင်သိုလှောင်မှုတပ်ဆင်အားပမာဏများလည်း တိုးမြှင့်လာလျက်ရှိသည်။ နည်းပညာရှေ့ရောက်သည့်နိုင်ငံများတွင် စွမ်းအင်သိုလှောင်မှုအတွက် နေ့စဉ်အားစိုက် ကြိုးပမ်းဆောင်ရွက်နေကြရာတွင် ကိုယ်ပိုင်လူစီးလျှပ်စစ်ကားများ၏ ဘက်ထရီများကို တစ်ဖက်တစ်လမ်းမှ လျှပ်စစ်ဓာတ်အားကွန်ရက်အတွက် စွမ်းအင်သိုလှောင်စရာများအဖြစ် နေအိမ်တွင်ပင် ချိတ်ဆက်အသုံးချနိုင်ရန်အထိ ကြိုးစားလျက်ရှိကြသည်။ ကမ္ဘာ့ဘဏ်ကလည်း ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စွမ်းအင်သိုလှောင်မှုပမာဏမှာ လက်ရှိ နှစ်ဂီဂါဝပ်မှ ၂၀၂၅ ခုနှစ်တွင် ၈၀ ဂီဂါဝပ်ကျော်အထိ အဆ ၄၀ တိုးတက်မှုရှိလာမည်ဟု ၂၀၁၇ ခုနှစ် ဇန်နဝါရီတွင် ခန့်မှန်းတွက်ချက် ထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံတွင်မူ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့သည့် အမျိုးသားစွမ်းအင်မူဝါဒ (National Energy Policy) ပါ မူဝါဒ(၅)တွင် ပြန်ပြည့်စွမ်းအင် (Renewable Energy) အမျိုးအစားများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဟု ဖော်ပြထားသော်လည်း "စွမ်းအင်သိုလှောင်မှု"ဆိုသည့်စကားလုံးကိုမူ တစ်လုံးတစ်ပါဒမှ ဖော်ပြထားခြင်းမရှိခဲ့ပေ။

**ဆိုလာစွမ်းအင်အတွက် ကုန်ကျစရာစရိတ်များ**

ဆိုလာပြားဈေးနှုန်းများ လျော့ကျလာခြင်းနှင့်အတူ လျှပ်စစ်ဓာတ်အားဝယ်ယူမှု သဘောတူစာချုပ်ဈေးနှုန်း (Power Purchase Agreement-PPA or Feed-in -Tariff-FIT Rate) များလည်း လျော့ကျလာလျက်ရှိသည်။ အမေရိကန်နိုင်ငံတွင် ၂၀၁၅ ခုနှစ်အတွင်း နှစ်ရှည်လျှပ်စစ်ဓာတ်အားဝယ်ယူမှု စာချုပ်အရ ဈေးနှုန်းသည် တစ်မဂ္ဂါဝပ်နာရီအတွက် ဆင့် ၅၀ (တစ်ယူနစ်သုည ဒသမ ၀၅ ကန်ဒေါ်လာ) အောက်သို့ ရောက်ရှိသွားခဲ့ကြောင်း သိပ္ပံအမေရိကန် (Scientific American) မဂ္ဂဇင်းတွင် ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့က ရေးသားဖော်ပြခဲ့သည်။ တရုတ်ပြည်တွင်မူ ၂၀၁၇ ခုနှစ်မှစတင်၍ တစ်ယူနစ် သုည ဒသမ ၀၆ ကန်ဒေါ်လာဖြင့် ဝယ်ယူရန် အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် (National Development and Reform Commission) က ဆုံးဖြတ်လိုက်ကြောင်း ဇန်နဝါရီလ ၂၀ ရက်နေ့ သတင်းများအရ သိရသည်။

ဆိုလာလျှပ်စစ်ဓာတ်အား ဝယ်ယူမှုစာချုပ်အရ ဈေးနှုန်းများသက်သာလျက်ရှိလာခြင်းကြောင့် မြန်မာနိုင်ငံတွင်လည်း လျှပ်စစ်ဓာတ်အားကွန်ရက်အတွင်း တည်ငြိမ်မှုရှိစေရန် လိုအပ်သည့်စွမ်းအင်သိုလှောင်မှုစနစ်များနှင့် လက်ရှိဆောင်ရွက်နေသည့် ခေတ်မီသတင်းအချက်အလက်နှင့် ကွန်ပျူတာနည်းပညာသုံး လျှပ်စစ်ဓာတ်အား ကွန်ရက်ကြီးကြပ်ထိန်းချုပ်မှုနှင့် စွမ်းအင်စီမံခန့်ခွဲမှုစနစ်များကို ပြည့်စုံလျင်မြန်စွာ ပြီးမြောက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံပေးခြင်းဖြင့် ကာဗွန်ကို မီးရှို့သုံးစွဲရသည့် စွမ်းအင်စနစ်များအစားသန့်ရှင်းသည့် ပြန်ပြည့်စွမ်းအင်စနစ်များကို အခြားနိုင်ငံများနည်းတူ တိုးချဲ့ထုတ်ယူဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်ပေးသင့်ပါသည်။

အခြားရွေးချယ်စရာနည်းလမ်းတစ်ခုမှာ ကိုယ်ပိုင်ဆိုလာစွမ်းအင်ထုတ်လုပ်သုံးစွဲမှုများအတွက် လျှပ်စစ်ဓာတ်အားကွန်ရက်နှင့် ချိတ်ဆက်အသုံးပြုသည့် (Grid Connected or Grid-Tied) စနစ်များကို ခွင့်ပြုပေးရန်ဖြစ်သည်။ ထိုသို့ချိတ်ဆက်သုံးစွဲနိုင်ပါက ဈေးကြီးနေရာယူပြီး သက်တမ်းကုန်ပါက မဖြစ်မနေလဲပေးရသည့် ဘက်ထရီများကို သုံးစွဲရန်မလိုတော့သဖြင့် နေအိမ်၊ ဈေး၊ ရုံး၊ ကျောင်း၊ စက်ရုံစသည်တို့တွင် ဆိုလာစွမ်းအင်စနစ်များကို

**စာမျက်နှာ ၁၃ သို့** ❑

# ရခိုင်ပြည်နယ်အကြံပေးကော်မရှင်အဖွဲ့၏ နိုင်ငံတော်အစိုးရသို့တင်သွင်းမည့် ကြားဖြတ်အစီရင်ခံစာအကြံပြုချက်များနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်း

**ရန်ကုန် မတ် ၁၆**

ရခိုင်ပြည်နယ်အတွင်း နေထိုင်သူအားလုံး၏ လူမှုဘဝပိုမိုကောင်းမွန်လာရေးအတွက် အကြံပြုချက်များအဆိုပြုနိုင်ရန် မြန်မာနိုင်ငံအစိုးရက တာဝန်ပေးထားသည့် ရခိုင်ပြည်နယ်အကြံပေးကော်မရှင်အဖွဲ့၏ အစိုးရသို့တင်သွင်းမည့် ကြားဖြတ်အစီရင်ခံစာအကြံပြုချက်များနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ပြုလုပ်ခဲ့သည်။ **(အောက်ပုံနှင့်ယာပုံ)**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း နိုဘယ်ဆုရှင် မစ္စတာကိုဖီအာနန် ဥက္ကဋ္ဌအဖြစ် တာဝန်ယူသော ရခိုင်ပြည်နယ်အကြံပေးကော်မရှင်၏ သတင်းစာရှင်းလင်းပွဲသို့ အကြံပေးကော်မရှင် အဖွဲ့ဝင်များဖြစ်သည့် ဒေါက်တာသာလှရွှေ (မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနာယက)၊ ဦးအေးလွင်(ငြိမ်းချမ်းမေတ္တာအဖွဲ့တည်ထောင်သူ)၊ Ms.Laettia van den Assum (နယ်သာလန်နိုင်ငံ၏ အထူးသံတမန် )၊ ဒေါ်စောခင်တင့် (ရခိုင်စာပေနှင့်ယဉ်ကျေးမှုအသင်းရန်ကုန်-ဥက္ကဋ္ဌ)၊ Mr.Ghassansalame(လက်ဘနွန်နိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဟောင်း)၊ ဒေါက်တာမြသီတာ (သားဖွား၊ မီးယပ်ပညာအဖွဲ့ဥက္ကဋ္ဌ)၊ ဦးဝင်းမြ(မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ)၊ ဦးခင်မောင်လေး(မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်) တို့တက်ရောက်၍ နိုင်ငံတော်အစိုးရသို့ ပထမဦးဆုံးတင်သွင်းမည့် ကြားဖြတ်အစီရင်ခံစာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သတင်းစာရှင်းလင်းပွဲတွင် Mr.Ghassansalame က ကိုဖီအာနန်တင်ပြသည့် ကြားဖြတ်အစီရင်ခံစာတွင် ကော်မရှင်ကိုယမန်နှစ်ကစတင်ဖွဲ့စည်းခဲ့ကြောင်း၊ စတင်ဖွဲ့စည်းပြီးနောက်ပိုင်း ကော်မရှင်အဖွဲ့၏ လုပ်ထုံးလုပ်နည်းများအတိုင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသည့် တကယ့်အဖြစ်အပျက်အနေအထားများကိုကြည့်ရှုရန် ရည်ရွယ်ထားကြောင်း၊ ရရှိလာသည့်တွေ့ရှိချက်များကို ဩဂုတ်လမတိုင်ခင် နောက်ဆုံးအပြီးသတ် အစီရင်ခံစာအနေဖြင့် တင်သွင်းသွားရန်ရှိပါကြောင်း၊ သို့သော်လည်း အစိုးရအနေဖြင့် အရေးတကြီးဆုံးဖြတ်ရမည့်ကိစ္စရပ်များအတွက် ကြားဖြတ်အစီရင်ခံစာကို ယခုကဲ့သို့ စီစဉ်တင်သွင်းခြင်းဖြစ်ကြောင်း၊ ယခုအစီရင်ခံစာတွင် အကြံပြုချက်ပေါင်း ၃၀ ပါဝင်ကြောင်း ပြောကြားသည်။

ယင်းနောက် အစိုးရသို့တင်သွင်းမည့် ကြားဖြတ်အစီရင်ခံစာအကြံပြုချက် ၃၀ အား ကော်မရှင်ဥက္ကဋ္ဌ မစ္စတာကိုဖီအာနန်က ဖတ်ကြားထားသည့် ဗီဒီယိုကလစ်ကို ပြသသည်။

ဆက်လက်၍ Mr.Ghassansalame က အစီရင်ခံစာတွင် ပါဝင်သည့် အကြံပြုချက်အကျဉ်းချုပ်ကို တက်ရောက်လာကြသူများအား ရှင်းလင်းပြောကြားသည်။





အကြံပြုချက်အကျဉ်းချုပ်တွင် လူသားချင်းစာနာထောက်ထားမှုအတွက် ဆောင်ရွက်နေသည့် အဖွဲ့အစည်းများအားလုံးသည် ပြဿနာဖြစ်ပွားနေသည့် ဒေသအပါအဝင် ဒေသများအားလုံးသို့ အကန့်အသတ်မရှိသွားရောက်ရန် တိုက်တွန်းအကြံပြုထားကြောင်း၊ ပြည်တွင်းပြည်ပသတင်းဌာနများကိုလည်း အဆိုပါဒေသများသို့ သွားရောက်ခွင့်ပြုရန် နိုင်ငံတော်အစိုးရထံတောင်းဆိုပါကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်သည်ဟု အစွပ်စွဲခံထားရသူများနှင့် ကျူးလွန်ထားသူများအား တာဝန်ခံခိုင်းရန် လိုအပ်ကြောင်း၊ ဒုက္ခသည်များအား မိမိတို့သဘောဆန္ဒအလျောက် မိမိတို့နေရပ်သို့ ပြန်ချင်ပါက စေလွှတ်ပေးနိုင်ရန်အတွက် ပူးပေါင်းကော်မတီတစ်ရပ်ဖွဲ့စည်းရန် အကြံပြုပါကြောင်း၊ ရခိုင်မြောက်ပိုင်းဒေသတွင်ရှိနေသည့် တရားမဝင်ကုန်သွယ်မှုများကို တားဆီးနှိမ်နင်းရန်၊ တရားဝင်ကုန်သွယ်ရေးများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် အကြမ်းဖက်မှုနှင့် အကြမ်းဖက်ဝါဒများပပျောက်ရေး ဖြေရှင်းရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ငါးနှစ်စီမံကိန်းတစ်ရပ် အမြန်ဆုံးဆောင်ရွက်၍ ထုတ်ပြန်ရန်လိုအပ်ကြောင်း၊ ကျန်းမာရေးနှင့် ပညာရေးကိစ္စများ အညီအမျှရရှိရေးဆောင်ရွက်သွားရန်လိုကြောင်း။

ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်များအား လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့်သင်တန်းများပေးရန်လိုကြောင်း၊ ရခိုင်ပြည်နယ်ရှိ ရဲတပ်ဖွဲ့ဝင်များသည် အဆိုပါဒေသတွင်ရှိနေသော ဒေသခံများနှင့် လိုက်လျောညီထွေဖြစ်သည့် ဖွဲ့စည်းပုံမျိုးဖြစ်ရန် တိုက်တွန်းထားကြောင်း၊ အဆိုပါဒေသတွင် နေထိုင်သူများအား နိုင်ငံသားအဖြစ် အသိအမှတ်ပြုရန်နှင့် နိုင်ငံသားအခွင့်အရေးများရရှိရန် ဆောင်ရွက်သွားသင့်ကြောင်း၊ နိုင်ငံသားအခွင့်အရေးဆိုသည်မှာ လွတ်လပ်စွာသွားလာခွင့်၊ ရွှေ့ပြောင်းခွင့်နှင့် လူ့အခွင့်အရေးများပါဝင်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မဟာဗျူဟာတစ်ရပ်ချမှတ်၍ နိုင်ငံသားစိစစ်ရေးကိစ္စရပ်များကို အလျင်အမြန်ဆောင်ရွက်ရန် အကြံပြုထားကြောင်း။

တိုင်တန်းမှုများရှိလာပါက တိုင်ကြားမှုများကို ကိုင်တွယ်ဖြေရှင်းသွားရန်လိုကြောင်း၊ ကိုင်တွယ်ဖြေရှင်းရာတွင် အဖွဲ့အစည်းအသစ်ဖွဲ့၍ဖြေရှင်းရန်လိုပါကြောင်း၊ မွေးဖွားမှုမှတ်ပုံတင်ရာတွင် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းရန် အကြံပြုကြောင်း၊ အိုးပစ်အိမ်ပစ်ထွက်ပြေးနေကြသူများ၏စခန်းများ ရခိုင်ပြည်နယ်တွင်ရှိနေပြီး အဆိုပါစခန်းများပိတ်သိမ်းရန်လိုအပ်ပြီး မဖြစ်မနေပိတ်သိမ်းရမည့် စခန်းသုံးခုရှိကြောင်း၊ ယဉ်ကျေးမှုနှင့်ပတ်သက်၍ ရခိုင်ဒေသတွင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ်တွင် အပြန်အလှန်တွေ့ဆုံစကားပြောကြား၍ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အရေးတကြီးလုပ်ဆောင်ချက်အနေဖြင့် အမုန်းစကားဖြင့် သွေးထိုးလှုံ့ဆော်သူများအား အရေးယူရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အား စဉ်ဆက်မပြတ်ပြောဆိုဆွေးနွေးရန်လိုအပ်ကြောင်း စသည်တို့ပါဝင်သည်။

ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်များသည် ရခိုင်ပြည်နယ်ရှိ အခြေအနေတိုးတက်လာစေရန် မြန်မာအစိုးရအနေဖြင့် လတ်တလောအကောင်အထည်ဖော်နိုင်မည့် အဆင့်များနှင့် ရေရှည်ဆောင်ရွက်သွားသင့်သည့် အကြံပြုချက်များပါဝင်သည်။

သတင်းစာရှင်းလင်းပွဲအပြီးတွင် ပြည်တွင်းပြည်ပသတင်းဌာနများမှ သတင်းထောက်များကမေးမြန်းရာ တာဝန်ရှိသူများက ဖြေကြားကြသည်-

**မေး။ ။ ရခိုင်ပြည်နယ်မြောက်ပိုင်းကို သူတို့သတင်းသွားရောက်ရယူတဲ့ အခါမှာ ခွင့်မပြုခဲ့ပါဘူး။ အတားအဆီးမရှိဘဲ အပြည့်အဝ သွားလို့ရအောင် ကော်မရှင်ကတင်ပြထားတဲ့အပေါ်မှာ ဘယ်တော့လောက် ဖြစ်နိုင်မှာပါလဲ။**

ဖြေ။ ။ ဒီကိစ္စက မြန်နိုင်သလောက် အမြန်ဆုံးဆိုရင်တော့ အကောင်းဆုံးပါပဲ။ ကော်မရှင်အနေနဲ့လည်းအကြံပြုချက်တွေကို တင်သွင်းတော့မှာဖြစ်ပါတယ်။ မဖြစ်မနေလုပ်ဆောင်ရမယ့် ကိစ္စကတော့ သတင်းဌာနတွေက မီဒီယာတွေအနေနဲ့ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ရရှိသင့်ပါတယ်။

**မေး။ ။ အစီရင်ခံစာက တင်ပြီးသွားပြီလား။ တင်ပြီးပြီဆိုရင်လည်း ဘယ်ဌာနကို တင်ထားပါသလဲ၊ ဘယ်နေ့ဘယ်ရက်က တင်ပါသလဲ၊ ဒါကိုလက်ခံရရှိတဲ့သူကကော ဘယ်လိုဆက်လက်ဆောင်ရွက်သွားမယ်လို့ ပြောပါသလဲ။**

ဖြေ။ ။ ဒီကော်မရှင်ကို ဖွဲ့စည်းပေးလိုက်တာကတော့ အားလုံးသိကြတဲ့အတိုင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖွဲ့စည်းပေးလိုက်တာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ပထမစတင်ပြီးလုပ်ဆောင်တဲ့နေ့ကတည်းက ဒီကိစ္စနဲ့ပတ်သက်ပြီးဆောင်ရွက်နေသူတွေအားလုံးနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအထဲမှာ ဘာတွေပါဝင်လဲဆိုရင် လုံခြုံရေးအတွက် ဆောင်ရွက်နေကြတဲ့ပုဂ္ဂိုလ်တွေ တစ်နည်းအားဖြင့် တပ်မတော်အပါအဝင် လုံခြုံရေးဆောင်ရွက်နေသူတွေအားလုံးနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုအဆင့်မှာဆိုရင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် ပြည်ထောင်စုအဆင့်အုပ်ချုပ်ရေးနဲ့ပတ်သက်တဲ့ စီမံအုပ်ချုပ်ရေးဆိုင်ရာပုဂ္ဂိုလ်တွေအားလုံးနဲ့ တွေ့ဆုံနေပါတယ်။ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်မှုနဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေအားလုံးနဲ့တွေ့ဆုံနေပါတယ်။ ရခိုင်ပြည်နယ်အနေနဲ့ ပြောမယ်ဆိုရင်လည်း ရခိုင်ပြည်နယ်မှာရှိတဲ့ အရပ်သူအရပ်သားတွေ၊ ရခိုင်ပြည်နယ်အစိုးရအပြင် တပ်မတော်နဲ့ ရဲတပ်ဖွဲ့အပါအဝင် ပုဂ္ဂိုလ်တွေနဲ့လည်း တွေ့ဆုံလျက်ရှိနေပါတယ်။ အလုပ်လုပ်နေပါတယ်။ ယဉ်ကျေးမှုသဘောအရ ဝတ္တရားရှိတဲ့အတိုင်း ပြောရမယ်ဆိုရင်တော့ အားလုံးသောတာဝန်ရှိသူတွေလက်ထဲကို ကျွန်တော်တို့ရဲ့ အဓိကအစီရင်ခံစာကိုပေးပို့ပြီးဖြစ်ပါတယ်။ အဲဒီထဲမှာ တပ်မတော်လည်းပါဝင်နေသလို အရပ်ဘက်ကပုဂ္ဂိုလ်တွေလည်းပါဝင်နေပါတယ်။ ဒီကော်မရှင်ဟာ မှီခိုမှုကင်းရှင်း လွတ်လပ်တဲ့ကော်မရှင်ဖြစ်ပါတယ်။ ဒါကြောင့် တစ်နည်းအားဖြင့် ဘယ်သူ့ကိုမှကြောက်မနေရသောကော်မရှင် ဖြစ်ပါတယ်။ အဲဒီလိုကော်မရှင်ဖြစ်တဲ့အတွက်ကြောင့်လည်း ဒီလိုတင်သွင်းပြီးတဲ့အခါမှာ ဘာကိုမှပြုပြင်ပြောင်းလဲဖို့ အကြောင်းမရှိပါဘူး။ မစ္စတာ ကိုဖီအာနန်အပါအဝင် ကော်မရှင်အဖွဲ့ဝင်တွေအားလုံးက မျှော်လင့်နေတာကတော့ နိုင်ငံတော်အစိုးရနဲ့တကွ အစိုးရနဲ့ပတ်သက်ပြီးတော့ အုပ်ချုပ်ရေးမှာပါဝင်နေသူတွေအားလုံး တင်ပြခဲ့တဲ့အကြံပြုချက်တွေအတိုင်း လေးစားလိုက်နာစွာနဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားလိမ့်မယ်လို့မျှော်လင့်ပါတယ်။

**မေး။ ။ အိုးပစ်အိမ်ပစ် ထွက်ပြေးရသူများရဲ့ စခန်းသုံးခုပိတ်သိမ်းဖို့ အကြံပြုထားတယ်လို့ဆိုတဲ့အပေါ်မှာ ဘာတွေများတွေ့ရှိလို့ အဲဒီလိုပိတ်သိမ်းရတာပါလဲ။**

ဖြေ။ ။ အဲဒီစခန်းသုံးခုသာမကရှိရှိသမျှ အိုးပစ်အိမ်ပစ် ထွက်ပြေးကြသူများစခန်းတွေအားလုံးဟာ တစ်နေ့မှာတော့ ပိတ်သိမ်းရမှာပဲဖြစ်ပါတယ်။ ပိတ်သိမ်းဖို့လည်းလိုအပ်နေတာတွေ ရှိပါတယ်။ တချို့ဆိုဖွင့်သာဖွင့်ထားတာ တကယ်တော့ ရွာနဲ့ကိုက်အနည်းငယ်အကွာမှာနေနေကြတာပါ။ အားလုံးပေါင်းလိုက်ရင် စုစုပေါင်းလူပေါင်းတစ်သောင်းကျော်လောက်ဟာ အဲဒီလိုစခန်းတွေမှာနေနေကြတာ ဖြစ်ပါတယ်။ အဲဒီထဲကမှ သုံးခုကိုပြောရရင် ကမန်မိသားစု ၅၅ ဦးလောက်ရှိတဲ့ နေရာရယ်၊ မွတ်စလင်မိသားစု ၂၁၅ စုလောက်ရှိတဲ့ နေရာတစ်နေရာ၊ ရခိုင်မိသားစု ၆၅ စုလောက်နေထိုင်တဲ့ နေရာတွေပဲ ဖြစ်ပါတယ်။ အဲဒီသုံးခုကတော့ သူတို့နေရပ်ကို ပြန်ပို့မယ်ဆိုရင် အများကြီးအဆင်ပြေမှာဖြစ်တဲ့အတွက်ကြောင့် တစ်ဆင့်ချင်းသွားတဲ့အခါမှာ အဲဒီသုံးခုကို စတင်ပြီးလုပ်ဆောင်တာ ဖြစ်ပါတယ်။ ပြန်ပို့တယ်ဆိုတဲ့အခါမှာ သူတို့လည်း ပြန်သွားရမှာမကြောက်အောင် သူ့တို့ရောက်သွားပြီးမှ ပတ်ဝန်းကျင်အနီးအနားက စိုးရိမ်ထိတ်လန့်မှုတွေ မရှိဘူးဆိုရင် ပြန်သွားလို့ရမယ့် အနေအထားမျိုးပဲ ဖြစ်ပါတယ်။

**မေး။ ။ ရဲတပ်ဖွဲ့ကို သင်တန်းပေးမယ် ပြောထားပါတယ်။ သင်တန်းပေးမယ်ဆိုတာ ဘယ်လိုတွေများပေးမှာပါလဲ။ အခုဖြစ်စဉ်နဲ့ ပတ်သက်ပြီး နိုင်ငံတကာငြိမ်းချမ်းရေးတပ်ဖွဲ့ခေါ်ဖို့ ရှိပါသလား။**

ဖြေ။ ။ ရဲနဲ့ပတ်သက်ပြီး အပိုင်းသုံးပိုင်းရှိပါတယ်။ တစ်ပိုင်းကရဲတပ်ဖွဲ့ဖွဲ့စည်းပုံပါပဲ။ အဲဒီဒေသအတွင်း မှီတင်းနေထိုင်ကြတဲ့သူတွေကို ကိုယ်စားပြုမှုတွေထိုက်သင့်သလို ပါဝင်သင့်ပါတယ်။ ဒုတိယအချက်က သူတို့ကိုလူ့အခွင့်အရေးနဲ့ပတ်သက်ပြီး လေးစားလိုက်နာတတ်အောင် သင်တန်းတွေပေးဖို့လိုပါတယ်။ အခုလိုပြောတာက ရဲတပ်ဖွဲ့အနေနဲ့ လူ့အခွင့်အရေးကို ချိုးဖောက်နေတယ်လို့ ပြောတာမဟုတ်ပါဘူး။ နောက်တစ်ခုက အဲဒီဒေသမှာ ဖြစ်နေတာက လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ထားသလို ဖြစ်နေတယ်။ တမင်ပိတ်နေတာမျိုးမဟုတ်ပါဘူး။ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်သွားနိုင်ရင် ကောင်းပါလိမ့်မယ်။ ငြိမ်းချမ်းရေးတပ်ဖွဲ့ကိုခေါ်ဖို့က လွယ်ကူတဲ့ကိစ္စမဟုတ်ပါဘူး။ ပြည်တွင်းစစ်လို နှစ်ဖက်အကြီးအကျယ်ဖြစ်နေတာမျိုးမှ လုပ်ကြတာပါ။ လုံခြုံရေးကောင်စီရဲ့ သဘောတူညီခွင့်ပြုချက်တွေလိုပါတယ်။ နိုင်ငံတော်အနေနဲ့ ဒါမှမဟုတ် တာဝန်ရှိသူတွေအနေနဲ့ အားလုံးကသာလျှင်

**စာမျက်နှာ ၉ သို့**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြင်ဦးလွင်မြို့နယ်ရှိ ကော်ဖီခြံများကြည့်ရှု

**နေပြည်တော် မတ် ၁၆**
တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဒိုးကွင်း ကော်ဖီစက်ရုံနှင့် ပုဂ္ဂလိကကော်ဖီခြံများကို ကြည့်ရှုပြီး ပြင်ဦးလွင်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးနှင့် ရတနာပုံမြို့သစ်စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည်ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူ များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် Mandalay Coffee Group ကော်ဖီစက်ရုံသို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့အား ကော်ဖီစက်ရုံ‌ဧည့်ခန်းမ၌ မြန်မာနိုင်ငံ ကော်ဖီအသင်းဥက္ကဋ္ဌ ဦးရဲမြင့်က မြန်မာနိုင်ငံကော်ဖီအသင်းတည်ထောင်ခဲ့မှု၊ အသင်းဖွဲ့စည်းပုံ၊ ဈေးကွက်ရရှိမှု၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ပြည်ပသို့တင်ပို့နိုင်မှု၊ ဈေးကွက်နှင့်ပညာပေး ဆွေးနွေးမှု၊ အရည်အသွေးတိုင်းတာရေးအဖွဲ့ ဖွဲ့စည်းထားမှုနှင့် ဖြည့်ဆည်း ပေးရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် ကော်ဖီအရည်အသွေးစမ်းသပ်နေမှု၊ ကော်ဖီစေ့ နမူနာများ၊ ကော်ဖီသီးများစက်ဖြင့်အခွံခွာနေမှု၊ ကော်ဖီစေ့များ သိုလှောင်ထားရှိမှုနှင့် ကော်ဖီစေ့များ အခြောက်ခံစက်ဖြင့် အခြောက်ခံနေမှု တို့ကို လိုက်လံကြည့်ရှုသည်။**(ယာပုံ)**

ယင်းနောက် ပွင့်ကောင်းနှင့်ခင်နွဲ့ရီကုမ္ပဏီလီမိတက် ကော်ဖီခြံသို့ ရောက်ရှိကြရာ ခြံမန်နေဂျာက ခြံအတွင်းကော်ဖီပင်များစိုက်ပျိုးထားရှိမှု၊ နှစ်အလိုက်အသီးထွက်ရှိမှု၊ ကြားညှပ်သီးနှံစိုက်ပျိုးထားမှု၊ ဈေးကွက်အခြေ အနေနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတနှင့်အဖွဲ့သည် ကော်ဖီပင်များ စိုက်ပျိုးထား ရှိမှုကိုကြည့်ရှုသည်။

ဒုတိယသမ္မတသည် ကော်ဖီခြံများသို့ရောက်ရှိစဉ် ကော်ဖီသည်သဘာဝ အရိပ်ရပင်များအကြား ရောနှောစိုက်ပျိုးရသည့် အပင်မျိုးဖြစ်သည့်အတွက် တစ်ဆက်တည်း ရာသီဥတုကိုပါထိန်းသိမ်းရာရောက်ကြောင်း၊ ဒေသမှထွက်ရှိ သည့်ကော်ဖီများ ဈေးကွက်ဝင်ရန်အတွက် မျိုးကောင်း မျိုးသန့်များရွေးချယ် စိုက်ပျိုးခြင်း၊ စနစ်တကျဆွတ်ခူးခြင်း၊ အခွံချွတ်ခြင်း၊ ကြိတ်ခွဲခြင်းအဆင့်ဆင့် အပြင် ထုပ်ပိုးမှုလည်း ကောင်းမွန်ရန်လိုအပ်ကြောင်း၊ ရာသီဥတုဖြစ်စဉ် ပြောင်းလဲမှုများကြောင့် မြစ်ဝကျွန်းပေါ်ဒေသတွင် သီးနှံစိုက်ဧကများ ထိခိုက် ကျဆင်းလာသည့်အတွက် အမြင့်ပိုင်းဒေသများတွင် အဆင့်အတန်းမီ ကော်ဖီ များ စီးပွားဖြစ်စိုက်ပျိုးခြင်းဖြင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက ပြည်ပ ဝင်ငွေရရှိမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကော်ဖီ စိုက်ပျိုးမှုကို စီမံကိန်းရေးဆွဲပြီး အလေးအနက်ထား စနစ်တကျစိုက်ပျိုးကြ စေလိုကြောင်း ပြောကြားသည်။

ပြင်ဦးလွင်ကော်ဖီအရည်အသွေး အဆင့်တန်းမှာ ကမ္ဘာ့ကော်ဖီ ဈေးကွက် ဝင်ဖြစ်ပြီး ပြင်ဦးလွင်မြို့နယ်အနေဖြင့် ကော်ဖီဧက ၁၉၀၀၀ ကျော် စိုက်ပျိုး ထားကြောင်း သိရသည်။



ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ပြင်ဦးလွင်ကန်တော်ကြီး ရုက္ခဗေဒဥယျာဉ်အတွင်း ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်၊ သစ်ပင်မျိုးစိတ်များ ပျိုးထောင်ထားမှုနှင့် အရိပ်ရပင်များ စိုက်ပျိုးထားရှိမှုတို့ကို မော်တော်ယာဉ် များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများက ပြည်သူများအား ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက် ပေးနေမှုကိုကြည့်ရှုအားပေးသည်။

နိုင်ငံတော်အနေဖြင့် မြို့နယ်များတွင် ပြည်သူ့ဝန်ဆောင်မှုရုံးများကို ပြည်သူတို့၏ အခြေခံလိုအပ်ချက်များ အဆင်ပြေချောမွေ့အောင် ဝန်ဆောင်မှု ပေးရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုကိုတားမြစ်၍ ထိရောက် သော ဝန်ဆောင်မှုအလေ့အကျင့်များကို ပြုစုပျိုးထောင်ရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှုတိုးပွားရန်နှင့် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ ဦးစီးဌာနအလိုက် အပြန်အလှန် ထိန်းကျောင်းရန် ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ရတနာပုံ မြို့သစ် စီမံကိန်းနယ်မြေအတွင်း မော်တော်ယာဉ်များဖြင့်လှည့်လည်ကြည့်ရှုပြီး ရတနာပုံတယ်လီပို့စ် ပင်မအဆောက်အအုံသို့ရောက်ရှိရာ တိုင်းဒေသကြီး မြို့ပြ နှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ရတနာ ပုံမြို့သစ်စီမံကိန်းရည်ရွယ်ချက်၊ စီမံကိန်းနယ်မြေအတွင်းမှသိမ်းဆည်းမြေများ အတွက် လျော်ကြေးငွေထုတ်ပေးခဲ့မှု၊ IT လုပ်ငန်းများ လုပ်ကိုင်သည့်ကုမ္ပဏီများ ကို နေရာချထားပေးခဲ့မှု၊ အဆိုပြုစီမံကိန်း(Master Plan)၊ စီမံကိန်းအဆင့် အလိုက်ပါဝင်သည့်မြေဧက၊ အနာဂတ်ကာလအကောင်အထည်ဖော်ဆောင် ရွက်သွားမည့်အခြေအနေ၊ ဖွံ့ဖြိုးရေးစီမံကိန်းအဆင့်လိုက် အကောင်အထည် ဖော်ဆောင်ရွက်သွားမည့်အခြေအနေ၊ အိမ်ရာစီမံကိန်းဧရိယာနှင့် ရတနာ ပုံမြို့သစ်စီမံကိန်းဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို လည်းကောင်း၊ လုပ်ငန်းရှင်များကိုယ်စား လုပ်ငန်းရှင်တစ်ဦးက လက်ရှိ၎င်းတို့ ကြုံတွေ့နေရသည့် အခက်အခဲများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ပင်မအဆောက်အအုံပေါ်မှ စီမံကိန်းနယ်မြေ ကို ကြည့်ရှုသည်။ **(သတင်းစဉ်)**

## ရုမေးနီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးမြင့်နောင် ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၁၇**
ရုမေးနီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်နောင်သည် ၎င်း၏ခန့်အပ်လွှာကို မတ် ၁၄ ရက်တွင် ဘူခါရက်စ်မြို့၌ ရုမေးနီးယားနိုင်ငံ သမ္မတ မစ္စတာ ကလောက်စ် ဗမ်နာ ယိုဟာမ်နစ် ထံပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ **(သတင်းစဉ်)**



## စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များ စစ်တွေမြို့သို့ရောက်ရှိ

**စစ်တွေ မတ် ၁၆**
ရခိုင်ပြည်နယ် မောင်တောဒေသဖြစ်စဉ်များနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ဝင်များသည် ရန်ကုန်လေဆိပ်မှ AIR KBZ လေကြောင်းဖြင့် ထွက်ခွာ လာရာ စစ်တွေလေဆိပ်သို့ မတ် ၁၆ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က ရောက်ရှိပြီး ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အဆိုပါအဖွဲ့သည် မတ် ၁၇ ရက် နံနက် ၇ နာရီတွင် စစ်တွေမြို့မှ အမြန်ရေယာဉ်ဖြင့် မောင်တောဒေသသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

■

## မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲအခမ်းအနား ကျင်းပချိန်တွင် လမ်းပိတ်/လမ်းလွှဲဆောင်ရွက်မည်

**ရန်ကုန် မတ် ၁၆ ။ ။** မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကို မတ် ၁၈ ရက်တွင် ဒဂုံမြို့နယ်ရှိပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ မတ် ၁၈ ရက် ညနေ ၄ နာရီမှ ည ၇ နာရီအထိ ပြည်လမ်းအား ဟံသာဝတီအဝိုင်းမှ ပြည်ထောင်စု ရိပ်သာလမ်းထိ လည်းကောင်း၊ ဗားကရာလမ်းနှင့် ရှင်စောပုလမ်းအား ဦးဝိစာရ လမ်းဆုံမှ ဗဟိုလမ်းထိလည်းကောင်း၊ အလုံလမ်းအား မြို့မကျောင်းလမ်းဆုံမှ ဗဟိုလမ်းထိလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ်များ အနေဖြင့် လမ်းလွှဲမှမောင်းနှင်ကြပါရန် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီမှ သတိပေးနှိုးဆော်ထားသည်။ **(ကြေးမုံ)**

■ **ရှေ့ဖုံးမှ**
အဲဒီလိုအပ်တဲ့ဓာတ်အားတွေကို ဖြည့်ဆည်းပေးနိုင်ဖို့ အစီအမံတွေ ဆောင်ရွက်ထားပါတယ်”ဟု ဦးခင်မောင်ဝင်းက ဆိုသည်။

အဆိုပါလျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ယခုအခါ နွေရာသီတွင် ဓာတ်အားလုံလောက်မှုရရှိစေရန်အတွက် ရတနာကမ်းလွန်မှ ရရှိမည့်သဘာဝဓာတ်ငွေ့ကုဗပေ သန်း ၃၀ ကို အသုံးပြု၍ အရန်အဖြစ်ထားရှိခဲ့သည့် EGAT စက်များကို မောင်းနှင်လည်ပတ်ပါက ၆၅ မဂ္ဂါဝပ်တိုး၍ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ ယင်းစက်များကိုလည်း ယခုအခါစမ်းသပ်မောင်းနှင်လျက်ရှိသည်။ ယခင်က ရန်ကုန်မြို့၌ အသုံးပြုခဲ့သော EGAT စက်များကို အရန်အဖြစ်ထားရှိခြင်းမှာ စက်စွမ်းအားကောင်းမွန်သောစက်များလည်ပတ်ပါက သဘာဝဓာတ်ငွေ့တစ်ကုဗပေသန်းတွင် (၄) မဂ္ဂါဝပ်ထွက်ရှိသော်လည်း ယင်းစက်များမှာ (၂) မဂ္ဂါဝပ်သာ ထွက်ရှိသဖြင့် အရန်အဖြစ်ထားရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“အခုအချိန်မှာတော့ စွမ်းအင်နဲ့ သဘာဝဓာတ်ငွေ့ကို ရနိုင်သလောက်စုစည်းပြီးတော့ သန်း ၃၀ လောက် ရလာတဲ့အခါ အရန်အဖြစ်ထားတဲ့စက်ကို မောင်းနေပါပြီ။ မောင်းတဲ့အခါမှာ (၆၅) မဂ္ဂါဝပ်လောက်ရပါတယ်။ ရှိနေတဲ့ ဂတ်စ်တာဘိုင်တွေနဲ့ မောင်းပြီး ရေလှောင်တမံတွေမှာ ရှိတဲ့ ရေကို စုဆောင်းမယ်။ အဲဒီလိုစုဆောင်းထားမှ သာလျှင် တကယ်ပူပြင်းလာတဲ့ ဧပြီ၊ မေ၊ ဇွန် မှာ ထုတ်ပြီး သုံးမှာဖြစ်ပါတယ်။ အဲဒီအချိန်မှာ ထပ်ပြီးတိုးလာမယ့် ဓာတ်အားလိုအပ်ချက်ကို ရေအားကနေ ထုတ်ပေးမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ချွေတာနည်းပါ။ ချွေတာနည်းဆိုတာကတော့ ရန်ကုန်၊ နေပြည်တော်နဲ့ မန္တလေးမြို့တွေမှာ လမ်းမီးတွေက ထိန်နေတာပဲ။ ဒါတွေကို သက်ဆိုင်ရာ စည်ပင်သာယာအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းပြီး လုံခြုံရေးအရလည်း အဆင်ပြေအောင်၊ လုံလောက်တဲ့ အလင်းရောင်လည်းရအောင် လမ်းမီးတွေကို ချွေတာတဲ့ နည်းလုပ်ပါမယ်။ ဒါကလည်း မဂ္ဂါဝပ် (၂၀) လောက်တိုးပြီး ထွက်လာမှာဖြစ်ပါတယ်။ အဲဒီမဂ္ဂါဝပ် (၂၀) နဲ့လည်း မလုံလောက်ပါဘူး။ ဧပြီ၊ မေ၊ ဇွန်မှာဆိုရင် ပိုပြီးပူပြင်းလာမှာဖြစ်လို့ နောက်ထပ် မဂ္ဂါဝပ် (၆၀) လောက်လိုတာကို အလှည့်ကျ ဓာတ်အားဖြတ်တောက်ရမှာဖြစ်ပါတယ်”ဟု ဦးခင်မောင်ဝင်းက ဆိုသည်။

ထို့ပြင် ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန်အတွက် နိုင်ငံပိုင်စက်ရုံများကို ရပ်တန့်ခြင်း၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် သံမဏိနှင့် သံရည်ကျိုစက်ရုံများ၏ ထုတ်လုပ်မှုကို ပူပြင်းသောနွေရာသီတွင် အများပြည်သူ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် စက်ရုံများနှင့် ညှိနှိုင်းကာ ရပ်တန့်လျှော့ချခြင်းနှင့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများကို ဝန်အားအများဆုံးသုံးစွဲချိန်တွင် အသုံးပြုခြင်းမရှိဘဲ ညဉ့်နက်ပိုင်းအချိန်တွင်သာ အသုံးပြုခြင်းဖြင့် မဂ္ဂါဝပ် ၁၀၀ ခန့် သုံးစွဲမှုလျော့နည်းမည်ဖြစ်ပြီး ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲမှုအဆင်ပြေစေမည်ဖြစ်သည်။

သဘာဝဓာတ်ငွေ့သုံးစက်ရုံများကို နွေရာသီကာလတွင် စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်ခဲ့ခြင်းမှာ နွေရာသီတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၌ ရေစုဆောင်းမှုကို ပိုမိုပြုလုပ်ကာ မိုးရာသီကာလတွင် ဆည်ရေဝင်ရောက်မှုမြင့်တက်လာပါက ရေအားလျှပ်စစ်စက်ရုံများ၏ ထုတ်လုပ်မှုအားကို တိုးမြှင့်၍ ထုတ်လုပ်သွားနိုင်ရန်အတွက် သဘာဝဓာတ်ငွေ့သုံးစက်ရုံများ၏ ထုတ်လုပ်မှုကို ထိန်းညှိထုတ်လုပ်သွားနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိခြင်းဖြစ်ကြောင်း သိရသည်။

**(နိုင်လင်းကြည်)**

# ကော်မရှင်၏ အကြံပြုတင်ပြချက်အများအပြားကို အချိန်မဆိုင်းဘဲ ထိထိရောက်ရောက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာကို ကြိုဆိုကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ထားသည်။ ယင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန
သတင်းထုတ်ပြန်ချက်
၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာကို ကြိုဆိုပါသည်။

ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ ကိုဖီအာနန်နှင့်တကွ ကော်မရှင်အဖွဲ့ဝင်များအားလုံး၏ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးအတွက် အမြော်အမြင်ရှိမှုနှင့် အပြုသဘောဆောင်သော ကြိုးပမ်းဆောင်ရွက်မှုတို့အတွက် နိုင်ငံတော်အစိုးရမှ ကျေးဇူးအထူးပင်တင်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ယခုအစီရင်ခံစာပါ အကြံပြုတင်ပြချက်များအပေါ် သဘောထားအမြင် တူညီကြောင်းနှင့် ယင်းတင်ပြချက်များသည် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အပေါ် ကောင်းမွန်သောအကျိုးသက်ရောက်မှုများစွာ ရရှိစေမည်ဟု ယုံကြည်ပါသည်။

ကော်မရှင်၏ အကြံပြုတင်ပြချက်အများအပြားကို အချိန်မဆိုင်းဘဲ ထိထိရောက်ရောက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အချို့ကိစ္စရပ်များမှာမူ ဒေသန္တရအခြေအနေနှင့် လိုက်လျောညီထွေ ဆက်စပ်ဆောင်ရွက်ရမည်ဖြစ်သော်လည်း လျင်လျင်မြန်မြန် တိုးတက်မှုများရရှိလာမည်ဟု ယုံကြည်ထားပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်၏ ရှုပ်ထွေးနက်နဲသည့်အခြေအနေများအတွက် လက်တွေ့ကျပြီး ရေရှည်တည်တံ့သောဖြေရှင်းချက်များကို ရှာဖွေရာတွင် ကူညီပံ့ပိုးမှုများ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။


ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန
နှင့်
မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
မော်လမြိုင် တက္ကသိုလ် (ဘက်စုံခန်းမ)၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်။
၂၀၁၇ ခုနှစ် ၊ မတ်လ (၂၅၊ ၂၆၊ ၂၇ )ရက် (စနေ၊ တနင်္ဂနွေ၊ တနင်္လာ)နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
Platinum Sponsor
Dugro
Aptamil
Organized by
VI mix HeptaMix

# ဆီးခုံချင်းဆက်အမြွှာညီအစ်ကိုအား တစ်ဦးစီဖြစ်အောင် ခွဲစိတ်ကုသမည်

**မန္တလေး မတ် ၁၆**

မန္တလေးမြို့ ခုတင် (၅၅၀) ဆံ့ ကလေးဆေးရုံကြီးသို့ တစ်နှစ်ကျော်ကြာ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေသော ဆီးခုံချင်းဆက် ယောကျ်ားလေးအမြွှာ မောင်ဝေယံငြိမ်းနှင့် မောင်ဝေယံဟိန်းတို့ကို မတ် ၂၃ ရက်တွင် တစ်ဦးစီဖြစ်အောင် မြန်မာနိုင်ငံဆရာဝန်များအဖွဲ့က ခွဲစိတ်ကုသမှု (Major Separation)ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါကလေးဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာသက်ဆွေက ပြောသည်။

ဝင်းကလေးငယ်များကို မုံရွာမြို့နယ် ဗောဓိတစ်ထောင်အနီး ညောင်ပင်သာရွာမှ တောင်သူလုပ်ကိုင်သည့် ကိုအောင်ငြိမ်း-မမာလာစန်းတို့က ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီတွင် မုံရွာဆေးရုံ၌ မွေးဖွားခဲ့ပြီး ယင်းနေ့ညနေပိုင်းတွင် မန္တလေး ခုတင် (၅၅၀) ဆံ့ ကလေးဆေးရုံသို့ ပြောင်းရွှေ့ကုသမှုခံယူခဲ့ခြင်းဖြစ်သည်။

“ဒီအမြွှာကလေးနှစ်ဦးကို ဆေးရုံမှာပဲ မိဘတွေနဲ့အတူ ဆရာဝန်၊ သူနာပြုတွေနဲ့ စောင့်ရှောက်ထားတယ်။ ခုဆိုရင် ကလေးတွေအသက်က တစ်နှစ်ကျော်နေပြီး ကျန်းမာရေးလည်းကောင်းလို့ တစ်ဦးချင်းစီဖြစ်အောင်ခွဲစိတ်သွားမယ်”ဟု ဝင်းက ပြောကြားသည်။

မန္တလေး ခုတင်(၅၅၀) ဆံ့ကလေးဆေးရုံတွင် ၂၀၀၂ ခုနှစ် ဩဂုတ်လက တင်ချင်းဆက် အမြွှာများဖြစ်သည့် မမိုးမမအောင်နှင့် မမိုးပပအောင်တို့ကို လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် မောင်အောင်ခန့်ကျော်နှင့် မောင်အောင်မြတ်ကျော် တို့ကိုလည်းကောင်း တစ်ဦးစီဖြစ်အောင် မြန်မာနိုင်ငံ ဆရာဝန်များအဖွဲ့က အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ပြီး ဆီးခုံချင်းဆက် အမြွှာညီအကိုအား ခွဲစိတ်မှုသည် တတိယမြောက်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကလေးငယ်များမှာ မွေးရာပါစအိုပေါက်မပါ၍ အရေးပေါ် ခွဲစိတ်ကုသမှု (Colostomy) ပြုလုပ်ပေးထားရကြောင်း၊ ဝင်းတို့ကိုဆေးရုံရှိအထူးခန်းတွင် အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုပေးထားပြီး အလှူရှင်များကလည်း လာရောက်လှူဒါန်းကြသဖြင့် သီးသန့်ဘဏ်စာရင်းဖွင့် အပ်နှံထားကာ ယခုခွဲစိတ်ကုသမှုများအတွက် လိုအပ်သော ဆေးဝါးနှင့် ပစ္စည်းကိရိယာများကို အသင့်ပြင်ဆင်ထားရှိသည့်အပြင် နိုင်ငံတော်မှ ထောက်ပံ့ပေးရန် တောင်းခံထားကြောင်း ဝင်းက ဆက်လက်ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

■

**❑ စာမျက်နှာ ၇မှ**

အခုတင်ပြတဲ့ အကြံပြုချက်တွေကို အဆောတလျင်လုပ်ဆောင်ကြမယ်။ လေးစားလိုက်နာသွားမယ်ဆိုရင် အဲဒီလောက်ဝေးဝေးအထိ သွားစရာမလိုပါဘူး။ ပြဿနာကြီးကြီးမားမားရှိမနေပါဘူး။ ငြိမ်းချမ်းရေးတပ်ဖွဲ့ကြီးခေါ်လောက်အောင် မလိုအပ်ပါဘူး။

**မေး။ ။အစီရင်ခံစာထဲမှာပါသလို ရခိုင်ပြည်နယ်မှာမြောက်ပိုင်းမှာနိုင်ငံသားဖြစ်ခွင့်သတ်မှတ်ပေးဖို့ တိုက်တွန်းထားတော့ လူပေါင်းဘယ်လောက်လိုအပ်တာလဲ။**

ဖြေ။ ။ နိုင်ငံသားဖြစ်ခွင့်နဲ့ ပတ်သက်ပြီး စိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးဖို့လိုတယ်လို့ ပြောသွားပါတယ် ။ ရခိုင်ပြည်နယ်မှာရှိတဲ့ ထောင်ပေါင်းများစွာသောသူတွေဟာ သူတို့ ဘယ်သူဘယ်ဝါ ဖြစ်ကြောင်းစာရွက်စာတမ်းမရှိပါဘူး။ နောက်မွေးစာရင်းလည်းမရှိပါဘူး။ ဒါကြောင့် ဒါတွေကိုစိစစ်ဆောင်ရွက်ဖို့ လိုပါတယ်။ နောက် နယ်စပ်ကို ဖြတ်ကျော်တဲ့ ကိစ္စမရှိတော့ပါဘူး။ လောလောဆယ်မှာနယ်စပ်ကိုပိတ်ထားလို့ပါ။ ဒါကိုလည်း အမြန်ဆုံးပြန်ဖွင့်စေချင်ပါတယ်။ ဒါကလည်းဘင်္ဂလားဒေ့ရှ်နဲ့မြန်မာနှစ်နိုင်ငံကြားမှာ တရားဝင်ကုန်သွယ်ရေး ဆက်လက်ဖြစ်ထွန်းဖို့ပါ။ အဲဒီလိုဖြစ်ထွန်းမှ နှစ်နိုင်ငံအကြားအကျိုးရှိမှာပါ။ စိစစ်ရေးလုပ်ငန်းများကိုဆောင်ရွက်ဖို့ နိုင်ငံသားပြုသင့်တဲ့သူကို ပြုပေးဖို့ လိုအပ်ပါတယ်။ ဒါကိုမဟာဗျူဟာချပြီးအမြန်ဆုံးလုပ်ဆောင်ဖို့ ပြောကြားပါတယ်။ နိုင်ငံသားပြုခွင့်ရခဲ့ရင် နိုင်ငံသားပိုင်အခွင့်အရေးများပါရရှိအောင် ဆောင်ရွက်သင့်ပါတယ်။ အဖေ၊ အမေကို စစ်ဆေးပြီးစီးပါက သားသမီးကိုဆက်လက်စစ်ဆေးဖို့ မလိုတော့ပါဘူး။

**မေး။ ။ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်ခွင့်ဥပဒေကို ရခိုင်ပြည်နယ် ဆန္ဒပြမယ်ကြားနေပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်ဥပဒေက နိုင်ငံတကာအမြင်အရ ပြီးပြည့်စုံမှုရှိပါသလား။**

ဖြေ။ ။ လူသားတွေလုပ်ဆောင်တဲ့အရာမှာ ဘယ်အရာမှပြီးပြည့်စုံတယ်ဆိုတာမရှိပါဘူး။ ဥပဒေပြင်ဆင်ဖို့တာဝန်က အကြံပေးကော်မရှင်ရဲ့ တာဝန်မဟုတ်ပါဘူး။ နိုင်ငံတော်အနေနဲ့ ရခိုင်ပြည်နယ်မှာဖြစ်နေတဲ့ အခြေအနေတွေ ပိုဆိုးမသွားအောင် တာဝန်ပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် အကြံပေးခြင်းကိစ္စကိုသာဆောင်ရွက်ပါတယ်။

**မေး။ ။ ကော်မရှင်အနေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုသွားရောက်ပြီးအဲ့ဒီမှာရှိနေတဲ့ဒုက္ခသည်တွေ၊ တာဝန်ရှိသူတွေနဲ့တွေ့ခဲ့တာနဲ့ပတ်သက်ပြီးသိလိုပါတယ်။ နောက်တစ်ခုက ကုလသမဂ္ဂက ဒုက္ခသည်တွေပြောထားတာနဲ့ ပတ်သက်ပြီး ကြေညာချက်ထုတ်ထားတာရှိပါတယ်။ အဲဒါကဘယ်လောက်အထိမှန်ကန်ပါသလဲ။**

ဖြေ။ ။ ကော့ဘဇားမှာဒုက္ခသည်တွေ၊ ဘင်္ဂလားဒေ့ရှ်က တာဝန်ရှိသူတွေနဲ့ တွေ့ခဲ့ပါတယ်။ လူသားချင်းစာနာမှု အရေးဆောင်ရွက်နေတဲ့ လူမှု အဖွဲ့အစည်းတွေနဲ့လည်းတွေ့ပါတယ်။ အားလုံးနဲ့ စကားပြောပါတယ်။ ဒါပေမဲ့ ကော်မရှင်အနေနဲ့ စုံစမ်းစစ်ဆေးတာမဟုတ်ဘဲတွေ့ဆုံတယ်။ တွေ့ရှိချက်တွေနဲ့ ပတ်သက်ပြီး အစိုးရကိုအကြံပဲ ပြုတာပါ။**သတင်းနှင့်ဓာတ်ပုံ-ရဲခေါင်ညွန့်၊ ဇော်ကြီး(ပဏီတ)**

**✱ ကျောဖုံးမှ**

နွေစပါးစိုက်ပျိုးရတာအဆင်ပြေပါပြီ” ဟုပီတိစကားဆိုလေသည်။

အဆိုပါ သံဖရိန်ဖြင့်အသစ်တည်ဆောက်ထားသော ရေမြှင့်အဆောက်အအုံ ( Check Structure)မှာ အကျယ် ခြောက်ပေ၊ အမြင့် ရှစ်ပေရှိပြီး အပေါက်ပေါင်း ကိုးပေါက်ဖြင့်သံကူကွန်ကရစ်ခင်းကျင်းတည်ဆောက်ထားခြင်းဖြစ်ကာ ၁၉၉၅ ခုနှစ်က ကွန်ကရစ်ဖြင့်တည်ဆောက်ခဲ့ခြင်းကြောင့် ရေတိုက်စားမှုများဖြစ်ပွားခဲ့ပြီး ပျက်စီးယိုယွင်းခဲ့ရကြောင်းနှင့်ယခုနှစ် နွေစပါး စိုက်ပျိုးနိုင်မှုမှာ လယ်ဧက ၂၃၁ ဧကသာစိုက်ပျိုးနိုင်ခဲ့ကြောင်းဒေသခံများထံမှသိရသည်။

နွေရာသီကာလ အတွက်တောင်သူများအား ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေသော အကောက်ခွန်မှူး ဦးအောင်လှက “ကျွန်တော်ကတော့ ဒေသခံတောင်သူတွေအတွက် ဒီရေတံခါးအတိုးအလျှော့ကိုစီမံခန့်ခွဲပေးရတာပါ။ အရင်တည်ဆောက်ခဲ့တဲ့ဒီ Check Structure ဟာ နှစ်ကြာလာလို့ PR တိုင်တွေ ပြုတ်ထွက်ခဲ့ပါတယ်။ အဲဒီတော့လယ်သမားတွေအခက်အခဲဖြစ်လို့ ၂၀၁၆ ခုနှစ်မှာပဲ သံဖရိန်နဲ့အသစ်တည်ဆောက်လိုက်တာဖြစ်ပြီး မြောင်းရေတက်ဖို့အတွက် ဒီ Structure ကို အသစ်တည်ဆောက်ပြီး ရေခုပေးလိုက်တာဖြစ်တဲ့အတွက် အထက်ကရေမြောင်းသွယ်တွေမှာ ရေတက်မှာဖြစ်ပါတယ်။ ဒီ ရေမြှင့်အဆောက်အအုံ ( Check Structure)တည်ဆောက်နေတုန်းမှာလည်း ဒေသခံတောင်သူများ စပါးစိုက်ပျိုးအဆင်ပြေစေဖို့အတွက် ရေစုပ်စက်များဖြင့်ရေတင်ကာစပါးစိုက်ပျိုးနိုင်ဖို့စီမံဆောင်ရွက်ပေးခဲ့ပါတယ်။ ခုတော့ဒီရေမြှင့် အဆောက်အအုံအသစ် တည်ဆောက်ပြီးစီးပြီဆိုတော့ တောင်သူတွေအတွက် နွေစပါးစိုက်ပျိုးတာ အဆင်ပြေတော့မှာဖြစ်ပြီး အနီးက ရွာပေါင်း ၁၂ ရွာအတွက် နွေစပါးစိုက်ပျိုးရအဆင်ပြေစေပါပြီ။ တောင်သူတွေလည်းစိတ်ဝင်တစားရှိပြီးစပါးဈေးနှုန်းလည်းကောင်းမွန်လာမယ်ဆိုရင်တော့ တောင်သူတွေနွေစပါးအပြည့်စိုက်ပျိုးနိုင်ကြမှာဖြစ်ပါတယ်” ဟုပြောသည်။

ဟိုင်းကူးကျေးရွာမှဦးရွှေဆံက “ဒီရေတံခါးကြီး တည်ဆောက်ပြီးစီးသွားလို့ လာမယ့်နှစ်စပါးစိုက်ပျိုးမှုအဆင်ပြေတော့မှာပါ။ ဒီနှစ်ကတော့အခက်အခဲဖြစ်ခဲ့တာပေါ့။ လက်ရှိဆောင်းရာသီမှာကြဲထားတဲ့ ကျွန်တော်ပိုင်ခြောက်ဧကရှိတဲ့စပါးခင်းတွေမှာရေဝင်နေပြီဆိုတော့ ဒီနှစ်အတွက်ပါအဆင်ပြေနေပါပြီ။ စပါးကတော့ တန်ခူးလကုန်ဆိုရင်ထွက်ပါပြီ။ ဒီနှစ်စပါးဈေးကနည်းနည်းကျဆင်းနေတယ်ဆိုပေမယ့် ရွာထဲကတောင်သူတွေအတွက်အဆင်ပြေရပြီမို့တာဝန်ရှိသူတွေကိုအထူးကျေးဇူးတင်ပါတယ်” ဟုဆိုသည်။

ယခုအခါ ရေမြှင့်အဆောက်အအုံ(Check Structure) ဆောင်ရွက်ပြီးစီးပြီဖြစ်၍ M.C မြောင်းမကြီးမှတစ်ဆင့် ရေပေးမြောင်းသွယ်များဖြစ်သော Dy.1၊ Do.2 ၊ Do.1၊ Do.2.A နှင့် Do.2.B မြောင်းသွယ်များအတွင်းသို့ရေဝင်ရောက်နိုင်ပြီဖြစ်ပြီး ထိုမှတစ်ဆင့် စပါးခင်းများထဲသို့ ရေဝင်ရောက်မည်ဖြစ်သောကြောင့် ဒေသခံတောင်သူများ နွေစပါးစိုက်ပျိုးနိုင်ကြတော့မည်ဖြစ်ကြောင်း၊ လာမည့်နှစ်နွေရာသီကာလ၌ လှည်းကူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု သုံးစုမှ ဒေသခံတောင်သူများ၏ လယ်ဧက ၁၃၉၆ ဧကအပြည့်စပါး စိုက်ပျိုးနိုင်ကြတော့မည်ဖြစ်ကြောင်းနှင့် အဆိုပါ ရေမြှင့်အဆောက်အအုံ (Check Structure)ကို ၂၀၁၆ ခုနှစ် အောက်တိုဘာလက ဖောင်ဒေးရှင်းတူးဖော်ခြင်းလုပ်ငန်းစတင်ခဲ့ကာစတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၇ခုနှစ် ဇန်နဝါရီလတွင်အပြီးသတ် ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်ကာ စပါးစိုက်ပျိုးကြမည့် ဒေသခံတောင်သူများအတွက်ယခုအခါ အောင်ရေ အပြည့်အဝပေးနေပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှသိရသည်။

**သတင်းနှင့်ဓာတ်ပုံ - စိုးဝင်း (MLA)**

# ကျေးရွာအဆင့်စောင့်ကြည့်ကြီးကြပ်ရေးသင်တန်းဖွင့်

**စေတုတ္တရာ မတ် ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ္ဘာ့ဘဏ်၏ထောက်ပံ့ငွေဖြင့် ကျေးရွာအဆင့်စောင့်ကြည့်ကြီးကြပ်ရေးသင်တန်းကို မတ် ၁၂ ရက်က မကွေးတိုင်းဒေသကြီး စေတုတ္တရာ မြို့နယ်ကျန်စိမ့်ကျေးရွာ၌ ပို့ချပေးခဲ့သည်။

ကျေးရွာအဆင့်စောင့်ကြည့်ကြီးကြပ်ရေးသင်တန်းဖွင့်ရခြင်း၏အဓိကရည်ရွယ်ချက်မှာ စောင့်ကြည့်ကြီးကြပ်ခြင်း၏အခြေခံသဘောတရားများ၊ တာဝန်ဝတ္တရားများကို ကောင်းစွာနားလည်သိရှိအသုံးချ ဖြန့်ဝေနိုင်ရန်နှင့် ကျေးရွာတွင်ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းခွဲများကို စောင့်ကြည့်ကြီးကြပ်နိုင်သည့်စွမ်းဆောင်ရည်ရရှိ၍ စီမံကိန်းလမ်းကြောင်းမှန်ပေါ် ရှိနေစေရန်၊ တာဝန်ခံမှု ကျင့်ဝတ်စောင့်ထိန်းမှုတို့အားကောင်းစေရေး နှင့်စီမံကိန်းအရည်အသွေးတိုးတက်လာစေရန်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို စေတုတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၁၅ ရွာမှ စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီဝင်များ အားလုံးအတွက် ပို့ချပေးမည်ဖြစ်ပြီး ယခုသင်တန်းသည် (၅)ကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ကာ ကျန်စိမ့်ကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ၁၂ ရွာမှ ကော်မတီဝင် ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

# မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာမှ ခေတ္တတိမ်းရှောင်ပြီး ပြန်လည်ရောက်ရှိလာသော မိသားစုများအား စားနပ်ရိက္ခာများထောက်ပံ့



**မောင်တော မတ် ၁၆**
မောင်တောဒေသမြောက်ပိုင်း ဦးရှည်ကျကျေးရွာမှ ခေတ္တတိမ်းရှောင်ပြီး ပြန်လည်ရောက်ရှိလာသည့် မိသားစုများအား စားနပ်ရိက္ခာများ ထောက်ပံ့သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းက အမှာစကားပြောကြားသည်။

ယင်းနောက် မောင်တောခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်က နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ UNHCR မှ Mrs. Mar Co(Senior Field Coordinator)က အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက အိမ်ထောင်စု ၁၂ စုသို့ စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲတွင် မိသားစု ၁၂ စုနှင့် မိသားစုဝင် ၁၀၆ ဦးတို့အတွက် မိသားစုတစ်စုလျှင် ဆန်တစ်အိတ်၊ ဆားနှစ်ပိဿာ၊ ဆီနှစ်ပိဿာနှင့် ကုလားပဲနှစ်ပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **အေးမြ(မန္တလေး)၊ အေးမင်းသူ**

# စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်နှင့်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် မတ် ၁၆**
စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်နှင့်အဖွဲ့သည် ယနေ့ညပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားသည်။

စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီးနှင့်အဖွဲ့အား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ချွာနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



# လားရှိုးကြက်ခြေနီအသင်းမှ တိုက်ပွဲရှောင်များအား ထောက်ပံ့လှူဒါန်း

**လားရှိုး မတ် ၁၆**
ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်သို့ ယနေ့တွင် ထပ်မံရောက်ရှိလာသည့် လောက်ကိုင်တိုက်ပွဲရှောင်များအား မန်ဆူရှမ်းကျောင်းဆရာတော်နှင့် ကူညီစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ မီးသတ်ကြက်ခြေနီနှင့် ပရဟိတအသင်းဝင်များက လက်ခံနေရာချထားပြီး ကျွေးမွေးစောင့်ရှောက်ပေးခဲ့ကြသည်။

ယနေ့ မန်ဆူရှမ်းကျောင်းတိုက်သို့ ရောက်ရှိနေသော တိုက်ပွဲရှောင် ၄၀၀ ခန့်ကို တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း(လားရှိုး)ကိုယ်စား ဒုတိယကြက်ခြေနီတပ်ခွဲမှူး စိုင်းထွန်းအောင်နှင့် တာဝန်ရှိသူများက တိုက်ပွဲရှောင်တစ်ဦးချင်းသို့ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မန္တလေးမြို့ဗဟိုပြု၍ နေရပ်ဒေသအသီးသီးသို့ ပြန်ကြမည့် တိုက်ပွဲရှောင်များနှင့် မိသားစုဝင်များအား မန်ဆူရှမ်းကျောင်းဆရာတော်နှင့် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းများ ညှိနှိုင်းစီစဉ်၍ ဆက်လက်ပို့ဆောင်ပေးခဲ့ကြသည်။ "မတ် ၆ ရက် နံနက် ၁ နာရီခန့်ကစပြီး မန်ဆူရှမ်းကျောင်းကို ရောက်ရှိလာတဲ့ တိုက်ပွဲရှောင်ဦးရေမှာ ဒီနေ့ညနေပိုင်းအထိ ၅၀၀၀ ကျော် ရှိသွားပါပြီ။ ရောက်ရှိလာသမျှ ဒီနေ့ တိုက်ပွဲရှောင်ဒုက္ခသည်တွေကို လူမျိုးမရွေး နေရပ်ဒေသမခွဲခြားဘဲ လူသားချင်းစာနာထောက်ထားပြီး အစွမ်းကုန်ကူညီပေးခဲ့ပါတယ်။ ကျန်းမာရေးလိုအပ်ချက်တွေကိုလည်း ဆရာဝန်၊ ဆရာမ၊ သူနာပြုတွေက ကုသပေးကြပါတယ်။ သူတို့ရဲ့နေရပ်ပြန်နိုင်ဖို့ကိုလည်း စီစဉ်ပို့ဆောင်ပေးခဲ့တဲ့ ကားအစီး ၁၀၀ လောက်ရှိသွားပါပြီ။ လမ်းမှာ စားသောက်ဖို့အတွက်ကိုပါ စီစဉ်ပေးလိုက်နိုင်ပါတယ်။ အဘက်ဘက်က ပါဝင်ပူးပေါင်းပြီး ကူညီလှူဒါန်းပေးကြတဲ့ အလှူရှင်စေတနာရှင်တွေကိုလည်း အထူးကျေးဇူးတယ်ပါတယ်"ဟု သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပုညနန္ဒက မီဒီယာများအား ရှင်းလင်းမိန့်ကြားတော်မူသည်။

**သီပေါ(ကိုလတ်)**

# မောင်တောမြို့နယ် အောင်ဇံရဲကင်းမှ လုယူခံရသည့် လက်နက် သုံးလက်အနက် ကျန်ရှိနေသည့် ဘီအေ-၆၃ အမျိုးအစား လက်နက်တစ်လက်ပြန်လည်တွေ့ရှိ

**နေပြည်တော် မတ် ၁၆**
မောင်တောမြို့နယ် အောင်ဇူနယ်မြေ အောင်ဇံရဲကင်း ရဲတပ်ဖွဲ့ဝင်များထံမှ မတ် ၁၁ ရက်က လူ ငါးဦး လုယူသွားသော လက်နက် သုံးလက် အနက် ကျန်ရှိနေသည့် ဘီအေ-၆၃ တစ်လက်ကို ယနေ့နံနက်ပိုင်းက ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

အောင်ဇူနယ်မြေ ခေတ္တနယ်မြေမှူးနှင့်အဖွဲ့၊ အောင်ဇံကျေးရွာပြည်သူ့စစ်အဖွဲ့တို့သည် မတ် ၁၁ ရက် ညနေ ၅ နာရီက သေနတ်လုယူ ထွက်ပြေးသွားသည့် လမ်းကြောင်းများအတိုင်း လိုက်လံရှင်းလင်းခဲ့ရာ နယ်စပ်မိုင်တိုင် (၄၂) အနီး ဝေလာတောင်ချောင်းဘေး၌ ဘီအေ-၉၄ (ကျည်အိမ်မပါ) နှစ်လက်ကို ပြန်လည်တွေ့ရှိခဲ့သည်။

ကျန်ရှိသည့် ဘီအေ-၆၃ သေနတ်တစ်လက် (ကျည် ၁၅ တောင့်ပါ ကျည်အိမ်တစ်ခု)ကို နယ်စပ်မှတ်တိုင် (၄၂)ကင်းစခန်း၏ နယ်စပ်ခြံစည်းရိုး အနောက်မြောက်ဘက် တစ်ဖက်နိုင်ငံဘက်ခြမ်းရှိ ဘော်ရစ်တေလီရွာ၏ အရှေ့ဘက်နှစ်မိုင်ခန့်ဝေးသည့် ဆာရာမတ်ချောင်း အရှေ့ဘက်ကမ်း ချုံပုတ်အတွင်း၌ ဘော်ရစ်တေလီ ရွာသားနှစ်ဦးက ယနေ့နံနက်ပိုင်းတွင် ရှာဖွေတွေ့ရှိခဲ့သဖြင့် ကင်းစခန်းသို့ လာရောက်အကြောင်းကြားခဲ့ရာ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက နံနက် ၉ နာရီတွင် နယ်စပ်ခြံစည်းရိုးအနီး သွားရောက်၍ သေနတ်နှင့် ဆက်စပ်ပစ္စည်းများကို လက်ခံလွှဲပြောင်းရယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


# ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်း ဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်

**နေပြည်တော် မတ် ၁၆**
တပ်မတော်(ရေ) စစ်ရေယာဉ်များသည် မတ် ၂၃ ရက်မှ မတ် ၃၁ ရက်အတွင်း ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းနှင့် လက်နက်များ လေ့ကျင့်ပစ်ခတ်ခြင်းများကို ကိုကိုးကျွန်းရေပြင်တွင် လေ့ကျင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ် စသည့် Coordinates အမှတ်များကို ဆက်ဆွဲထားသည့် ဧရိယာကို သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ငါးမိုင်ပတ်လည်အား သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်း မပြုကြရန် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က သတိပေးချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# မောင်တောမြို့နယ်၌ ကျေးရွာသားတစ်ဦးသေဆုံး

**နေပြည်တော် မတ် ၁၆**
မောင်တောမြို့နယ် ပွန်တီကျေးရွာသားတစ်ဦး ယမန်နေ့ နံနက်ပိုင်းက နွားကျောင်းထွက်သွားရာမှ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေရာ ယနေ့နံနက်ပိုင်းတွင် တောင်ပြို-ကြိမ်ချောင်း ကားလမ်းဘေး၌ ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

မောင်တောမြို့နယ် ပွန်တီကျေးရွာနေ တန်ဒါများ (၅၉) နှစ်သည် ယမန်နေ့နံနက်ပိုင်းက နွားကျောင်းထွက်သွားရာမှ ညနေပိုင်းတွင် နေအိမ်သို့ပြန်လည်ရောက်ရှိလာခြင်းမရှိ၍ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မိသားစုဝင်များက တောင်ပြိုရဲစခန်းသို့ သတင်းပို့ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် လိုက်လံရှာဖွေခဲ့ရာ ယနေ့နံနက်ပိုင်းတွင် တောင်ပြို-ကြိမ်ချောင်း ကားလမ်းဘေး ပုစွန်ကန်အနီး၌ ဦးခေါင်းပြတ်ရှ၊ လည်ကုပ်ပြတ်ရှ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် တောင်ပြိုနယ်မြေရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ ကျေးရွာသားတစ်ဦး ပျောက်ဆုံး

**နေပြည်တော် မတ် ၁၆**
မောင်တောမြို့နယ် စဉ်တောင်ကျေးရွာမှ ရွာသားတစ်ဦး မတ် ၁၂ ရက် ညနေ ၅ နာရီက နေအိမ်မှ ရွာထဲသို့ထွက်သွားပြီး ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေကြောင်း သိရသည်။

မောင်တောမြို့နယ် နယ်မြေ (၅)စဉ်တောင်ကျေးရွာနေ မာမတ်ရော်ဖီး (၂၁)နှစ်သည် မတ် ၁၂ ရက် ညနေ ၅ နာရီက နေအိမ်၌ ရေချိုးရန် ပြင်ဆင်နေစဉ် ဖုန်းလာသဖြင့် ရွာထဲသို့ ထွက်သွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေကြောင်း၊ ၎င်းပျောက်ဆုံးမှုနှင့် ပက်သက်၍ ငါးခူရနယ်မြေစခန်းမှ လူပျောက်စာရင်းသွင်းပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သတင်းစာရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သတင်းစာရှင်းလင်းပွဲ(၁/၂၀၁၇) အခမ်းအနားကို ရုံးအမှတ်(၄)တွင် ယနေ့မွန်းလွဲပိုင်း၌ ကျင်းပသည်။**(ယာပုံ)**



သတင်းစာရှင်းလင်းပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု အတွက် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေး၊ ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာ ငွေကြေးကုန်ကျမှုကို အကာအကွယ်ပေးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း တိုးတက်မြင့်မားရေး စသည့် ကျန်းမာရေးမူဝါဒများ ချမှတ်၍ အကောင်းဆုံး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ခွင့်ပြုရန်ပုံငွေများကို နှစ်စဉ် ပိုမိုခွဲဝေသုံးစွဲခွင့်ပြုခဲ့ပြီး (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ်တွင် (၁၀၇၆၁၀၀. ၄၀၁) ကျပ်သန်းခွင့်ပြုပေးရန် လျာထားတောင်းခံထားပါကြောင်း၊ ဝန်ထမ်းဖွဲ့စည်းပုံခွင့်ပြုစာရင်းအရ (၄၉. ၉၉%)ခန့်ထားပြီး ဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံးတွင် ဆေးရုံပေါင်း ၁၁၂၃ ရုံ၊ သူနာပြုဝန်ထမ်းအင်အားအနေဖြင့် ခွင့်ပြု ၃၇၇၀၄ ဦး၊ ခန့်ထား ၂၀၆၈၃ ဦး၊ လစ်လပ် ၁၇၀၂၁ ဦးရှိပါကြောင်း၊ လာမည့် (၅)နှစ်အတွင်း ကျန်းမာရေးဝန်ဆောင်မှုများကို ပီပြင်ထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်အဆင့် ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူထုဗဟိုပြုအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များ၊ ပညာရှင်အသင်းအဖွဲ့များနှင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍများအားလုံး အလုံးစုံပူးပေါင်းပါဝင်သော အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁)ကို ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း၊ ငွေကုန်ကျမှုအပါအဝင် အသေးစိတ်လုပ်ငန်းများ Operational Plan ကို ဆက်လက်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်အောင်၊ နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုပေးနိုင်အောင် အစဉ်အမြဲ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်၍ ကျွမ်းကျင်မှုနှင့် အရည်အချင်းပြည့်ဝသော ဝန်ထမ်းများလေ့ကျင့်မွေးထုတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

သူနာပြု၊ သားဖွားအသက်မွေးဝမ်းကျောင်းပညာရပ်နှင့် သူနာပြု၊ သားဖွားအဆင့်အတန်းများကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ “အမျိုးသားအဆင့် သူနာပြုနှင့်သားဖွားနှီးနှောဖလှယ်ပွဲ” (National Nursing and Midwifery Seminar)ကို (၂၁-၁၂-၂၀၁၆)ရက်နေ့မှ (၂၂-၁၂-၂၀၁၆) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး သူနာပြုနှင့် သားဖွားပညာရေးကို မြှင့်တင်ပေးရန်၊ သူနာပြုနှင့် သားဖွားများ၏ အသက်မွေးဝမ်းကျောင်းစိတ်ဓာတ်(Professionalism)ကို မြှင့်တင်ပေးရန်၊ လုပ်ငန်းခွင်မှ သူနာပြုနှင့်သားဖွားများ၏ Role, Responsibilities, Job description များကို ခေတ်နှင့် လျော်ညီစွာသတ်မှတ်ရန်၊ နိုင်ငံတကာမှ သူနာပြုအဖွဲ့အစည်းများနှင့်(Networking) ဆက်သွယ်ဆောင်ရွက်၍ သူနာပြုစုမှုနှင့် သားဖွားအရည်အသွေးများ ပိုမိုတိုးတက်လာစေရန်၊ အရည်အသွေးပြည့်မီသော သူနာပြုစုစောင့်ရှောက်မှု ပိုမိုရရှိစေနိုင်မည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်ရန်၊ သူနာပြုနှင့်သားဖွားများ၏ လုပ်ငန်းခွင်အခက်အခဲများကို ဖြေရှင်းပေးရန်နှင့် သူနာပြုနှင့် သားဖွားများအား လုပ်ငန်းခွင်တွင် ပျော်ရွှင်စေခြင်းဖြင့် လုပ်ငန်းခွင်တွင် ရေရှည်တည်တံ့ရန်၊ သူနာပြုနှင့်သားဖွားများ၏ စဉ်ဆက်မပြတ်ပညာရေးအခွင့်အလမ်းများ တိုးမြှင့်လာစေရန်၊ သူနာပြု၊ သားဖွားအင်အားပြုန်းတီးနေမှု(Attrition)ကို လျော့ပါးသွားစေရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

သူနာပြု၊ သားဖွားများ၏ ဝတ်စုံများသည် ဝတ်ဆင်ရာတွင် သက်သောင့်သက်သာဖြစ်ပြီး ခေတ်နှင့် လျော်ညီသော ဝတ်စုံများအား(၁-၁-၂၀၁၇)ရက်နေ့မှစ၍ ပြင်ဆင်ဖြည့်စွက်ဝတ်ဆင်ခဲ့ပါကြောင်း၊ သူနာပြုသိပ္ပံဘွဲ့ရများနှင့် ဒီပလိုမာလက်မှတ်ရ သူနာပြုများအတွက် လည်းကောင်း၊ သားဖွားဆရာမများ၏ လစာနှုန်းထား၊ ဝတ်စုံစရိတ်နှင့် စားစရိတ်များကို ပြင်ဆင်သတ်မှတ်ပေးရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ နိုင်ငံတကာအဆင့်မီအောင် သူနာပြုဒီပလိုမာ၊ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)နှင့် သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) သင်ရိုးညွှန်းတမ်းများကို WHO Nurse- Midwife Consultant ခေါ်ပြီး review & revise လုပ်နေပါကြောင်း၊ လုပ်ငန်းခွင်တွင် သူနာပြုအင်အားလိုအပ်နေသည့်အတွက် သူနာပြုသင်တန်းသားသင်တန်းသူများကို အကြိမ်ပိုမိုခေါ်ယူပြီး မွေးထုတ်ပေးရန် စီစဉ်လျက်ရှိပါကြောင်း၊ ထို့အပြင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ညှိနှိုင်းလျက်ရှိပါကြောင်း။

သူနာပြု၊ သားဖွားကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုပါက ကုသရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင် အဖွဲ့ခေါင်းဆောင်အဖြစ် အဖွဲ့ဝင်(၇)ဦးပါဝင်သောအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပတ်သက်သည့် အခြားသိလိုသည်များရှိပါကလည်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေးက သူနာပြုသားဖွားပညာရေးနှင့် ပတ်သက်၍ လေ့ကျင့်မွေးထုတ်မှုအနေဖြင့် လက်ရှိတွင် သူနာပြုတက္ကသိုလ်(၂)ခု၊ သူနာပြု၊ သားဖွားနှင့် နီးနွယ်ကျောင်း(၅၀)တို့မှ မြန်မာနိုင်ငံအတွက် လိုအပ်လျက်ရှိသော သူနာပြုနှင့် သားဖွားများကို မွေးထုတ်လျက်ရှိပါကြောင်း၊ ယခုအချိန်ထိ သူနာပြု ၃၅၀၀၀ ကျော်နှင့် သားဖွားဆရာမ ၃၇၀၀၀ ကျော် လေ့ကျင့်မွေးထုတ်ပေးပြီးဖြစ်ကာ တက္ကသိုလ်နှင့် သင်တန်းကျောင်းအသီးသီးတွင် သင်တန်းသား ၉၀၀၀ ကျော် သင်တန်းတက်ရောက်လျက်ရှိပါကြောင်း၊ သင်တန်းကျောင်းများတွင် သူနာပြုနှင့်သားဖွားများ လေ့ကျင့်သင်ကြားရေးနှင့် စာချုပ်ချုပ်ဆိုရေးနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်ဟန်က သူနာပြုများအနေဖြင့် သင်တန်းတက်ရောက်စဉ်က (၃)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ထမ်းဆောင်ရန် စာချုပ်ချုပ်ဆိုထားပါ၍ နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်သည်နှင့်တစ်ပြိုင်နက် သူနာပြုလိုင်စင်အမှတ်နှင့် သူနာပြုမှတ်ပုံတင်အမှတ်ထုတ်ပေးပါကြောင်း၊ ထို့အပြင် တာဝန်ချိန်ပြင်ပတွင် ပုဂ္ဂလိကဆေးရုံဆေးခန်းများ၌ လုပ်ကိုင်ခွင့်ရှိပါကြောင်းနှင့် သင်တန်းဆင်း သူနာပြုလိုင်စင်လက်မှတ်ရများအနေဖြင့် ATTRITION RATE များနေသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံကြီးများတွင် တာဝန်ချထားရာ၌ အခက်အခဲများရှိနေပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥက္ကဋ္ဌ ဒေါ်ဖြူဖြူက ယခုအခါ နိုင်ငံတော်အစိုးရဆေးရုံများ၌ သူနာပြုဝန်ထမ်းအင်အား နည်းပါးနေပြီး အလုပ်မဝင်ရောက်သူဦးရေ များပြားလာသောကြောင့် (၂၀၁၅) ခုနှစ်မှစ၍ သူနာပြုများကို ဘွဲ့/ဒီပလိုမာ အောင်လက်မှတ်ချီးမြှင့်စဉ်မှာပင် တစ်ပြိုင်တည်း နိုင်ငံ့ဝန်ထမ်းအတွက် အလုပ်ခန့်စာကို ပေးအပ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီသည် လုပ်ထုံးလုပ်နည်းနှင့်အညီ အောင်မြင်ပြီးသော သူနာပြု၊ သားဖွား ဆရာမများကို သူနာပြု၊ သားဖွားဟူသောအမည်ကို ခံယူသုံးစွဲခွင့်ရှိကြောင်း သက်သေခံမှတ်ပုံတင်လက်မှတ် (Registration) ထုတ်ပေးခြင်း၊ သင်တန်းတက်စဉ်က ချုပ်ဆိုခဲ့သော စာချုပ်အရ အစိုးရဝန်ထမ်းအဖြစ် အလုပ်ဝင်ရောက်သည့်အခါ (၂)နှစ်သက်တမ်းရှိ ပုံမှန်လိုင်စင်ကို ထုတ်ပေးခဲ့ပါကြောင်း၊ ကောင်စီအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ မှတ်ပုံတင်ထုတ်ပေးခြင်း၊ လိုင်စင်ပြုလုပ်ပေးခြင်းများကို ဆောင်ရွက်ပေးနေဆဲဖြစ်ပါကြောင်း၊ ဆေးရုံများတွင် အလုပ်ဝင်ရောက်နေသော သူနာပြုများကို လိုင်စင်များပြုလုပ်ပေးနေပြီး လိုင်စင်နံပါတ်လည်း ရှိကြပါကြောင်း၊ လိုင်စင်မရှိဘဲ သူနာပြု၊ သားဖွားလုပ်ငန်းကို လုပ်ခွင့်မရှိပါကြောင်း။

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥပဒေပုဒ်မ (၅၂)၊ အပိုဒ်ခွဲ(ခ) ပါဖော်ပြချက်အရ ဝန်ကြီးဌာနနှင့် ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ဖော်ပြထားပါကြောင်း၊ ထို့အတွက် လိုင်စင်ကဲ့သို့ အလားတူသည့် ထောက်ခံစာကို မှတ်ပုံတင်လက်မှတ်နှင့်အတူ ထုတ်ပေးနေပါကြောင်း၊ အာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်၍ ပြောရမည်ဆိုလျှင် ယခုကဲ့သို့ (၃)နှစ်တာဝန်ထမ်းဆောင်ခြင်းအားဖြင့် အာဆီယံနိုင်ငံများအကြား အသိအမှတ်ပြုနိုင်ရေး(MRA)အတွက် အခြားအာဆီယံနိုင်ငံများသို့ သွားရောက်အလုပ်လုပ်နိုင်ရန် အခွင့်အလမ်းရှိသွားမည်ဖြစ်ပါကြောင်း၊ ကောင်စီကဲ့သို့ (National Regulatory Body)က ထုတ်ပေးသည့် သက်တမ်းရှိ လိုင်စင်လည်း ရှိရန်လိုပါကြောင်း၊ ထို့ကြောင့်ချုပ်ဆိုထားသော စာချုပ်ပါ ကတိကဝတ်နှင့်အညီ အစိုးရဝန်ထမ်းအဖြစ် (၃)နှစ်တာဝန်ထမ်းဆောင်ခြင်းအားဖြင့် နစ်နာစရာမရှိနိုင်ပါကြောင်း၊ ကောင်စီအနေဖြင့် (Patient Safety and Quality Assurance)ကို အဓိကရည်မှန်းချက်ထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် သတ်မှတ်ချက်များနှင့်အညီ အလုပ်ဝင်ပြီး ထောက်ခံစာထုတ်ယူကြပါရန်နှင့် အခက်အခဲနှင့် ဆွေးနွေးတင်ပြစရာများရှိပါက ကောင်စီသို့ လာရောက်တင်ပြနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းစာဆရာကြီးများ၏ မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

“သင်တန်းတက်ရောက်စဉ်က (၃)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ထမ်းဆောင်ရန် စာချုပ်ချုပ်ဆိုထားပါ၍ နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်သည်နှင့် တစ်ပြိုင်နက် သူနာပြုလိုင်စင်အမှတ်နှင့် သူနာပြုမှတ်ပုံတင်အမှတ်ထုတ်ပေးပါကြောင်း၊ ထို့အပြင် တာဝန်ချိန်ပြင်ပတွင် ပုဂ္ဂလိကဆေးရုံဆေးခန်းများ၌ လုပ်ကိုင်ခွင့်ရှိပါကြောင်း။”

“ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်အောင်၊ နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုပေးနိုင်အောင် အစဉ်အမြဲ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်၍ ကျွမ်းကျင်မှုနှင့် အရည်အချင်းပြည့်ဝသော ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။”

“သူနာပြု၊ သားဖွားကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုပါက ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင် အဖွဲ့ခေါင်းဆောင်အဖြစ် အဖွဲ့ဝင်(၇)ဦးပါဝင်သောအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက် နိုင်ရန် စီစဉ်ထားရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ပတ်သက်သည့် အခြားသိလိုသည်များ ရှိပါကလည်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း။”

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
______ သင်တန်းကျောင်းတွင်တက်ရောက်သည့်
သူနာပြု-သားဖွားဒီပလိုမာ( ၃ )နှစ်သင်တန်းသင်တန်းသား/သူများချုပ်ဆိုသည့်
ကတိခံဝန်ချုပ်

အခွန်တံဆိပ်ခေါင်း

ကျွန်တော်/ ကျွန်မသည် ______ ခုနှစ် တွင် ______ သင်တန်းကျောင်းသို့ အမှတ်စဉ်( )ဖြင့် ဝင်ခွင့် ရရှိသူဖြစ်ပြီး ကျွန်တော်/ကျွန်မ သည် ______ ရက်နေ့မှစတင် ဖွင့်လှစ်မည့် သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်းသို့ တက်ရောက် ပညာသင်ကြားခွင့် ရရှိသူဖြစ်ပါသည်။

ကျွန်တော် / ကျွန်မသည် သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်းကိုပြီးဆုံးအောင် သင်ကြားပါမည်။ ထို့ပြင်အောင်လက်မှတ်ရရှိပြီးနောက် နိုင်ငံတော်မှ လိုအပ်သည့်အချိန်တွင်နိုင်ငံ့ဝန်ထမ်းအဖြစ် (၃)နှစ်ကြာမပျက်မကွက်တာဝန်ထမ်းဆောင်ပါမည်ဟုဝန်ခံကတိပြုလက်မှတ်ရေးထိုးပါသည်။

အထက်ပါကတိခံဝန်ချုပ်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လျော်ကြေးငွေ ကျပ် (၈၀၀၀၀၀/-)(ကျပ်ရှစ်သိန်းတိတိ)ကိုပေးလျော်ရန်တာဝန်ယူပါသည်။ ထို့ပြင် တည်ဆဲတရားဥပဒေအရ အရေးယူခြင်းကိုလည်းခံယူပါမည်ဟု ဝန်ခံကတိပြုပါသည်။

လက်မှတ် ______
အမည် ______
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ______
သင်တန်းကျောင်းဝင်ခွင့်အမှတ်စဉ် ______
နေရပ်လိပ်စာအပြည့်အစုံ ______

ရက်စွဲ ______

အထက်ပါသင်တန်းသား/သူသည်ကတိခံဝန်ချုပ်အတိုင်းလိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါကပေးလျော်ရန်ရှိသည်များကိုအာမခံပါသည်။ထို့ပြင်တည်ဆဲတရားဥပဒေအရ အရေးယူခြင်းကိုလည်း ခံယူပါမည်ဟုဝန်ခံကတိပြုပါသည်။

မိဘ/အုပ်ထိန်းသူ လက်မှတ် ______
အမည် ______
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ______
နေရပ်လိပ်စာ ______

အသိသက်သေများ( ၁ ) လက်မှတ် ______
အမည် ______
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ______
နေရပ်လိပ်စာ ______

အသိသက်သေများ(၂) လက်မှတ် ______
အမည် ______
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ______
နေရပ်လိပ်စာ ______

ဤကတိခံဝန်ချုပ်ကို ( )ရက်နေ့၌ ကျွန်ုပ်၏ ရှေ့မှောက်တွင် လက်မှတ် ရေးထိုးပါသည်။

ဥက္ကဋ္ဌ/အတွင်းရေးမှူး ______
မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ______
တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ် ______

မှတ်တံဆိပ်

## တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်

(ဃဃ) သူနာပြုတက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိသူများသည် သင်တန်းကို ပြီးဆုံးအောင်တက်ရောက်ရမည်။ ဘွဲ့ရရှိပြီးနောက် နိုင်ငံတော်မှ လိုအပ်သော အချိန်တွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၃)နှစ်ကြာ တာဝန်ထမ်းဆောင်ပါမည်ဟု ဝန်ခံကတိလက်မှတ်ရေးထိုးကြရမည်။

(ငင) ခံဝန်ချုပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လျော်ကြေးငွေ ကျပ် ၄၀၀၀၀၀/- (ကျပ်လေးသိန်းတိတိ)ကို ပေးလျော်ရန်နှင့် တည်ဆဲတရားဥပဒေအရအရေးယူခြင်းကိုလည်းခံရမည်ဖြစ်ပါသည်။

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၆**

တရားမဝင် ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၅ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂၉ စီး၊ သွင်းကုန် ၇၄၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈ စီး၊ သွင်းကုန် ၂၄၂ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၅ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈ ဒသမ ၈၁ သန်းခန့်ရှိသည့်အနက် ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၅ ရက်တွင် မြဝတီမှ ရန်ကုန်မြို့သို့ သွားရောက်မည့် Mitsubishi Fuso ၁၂ ဘီးယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော Cycle Tyre, Tube, Helmet, Exhaust၊ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော ဘေထုပ်(အဝတ်အထည်ဟောင်း) အိတ် ၆၀ နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅ ဒသမ ၂၂၇ သန်းခန့် တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# လှိုင်သာယာတွင် မသင်္ကာသူတစ်ဦးထံမှ စိတ်ကြွဆေးပြားများနှင့် ပစ္စတိုလေသေနတ်များသိမ်းဆည်းရမိ

**ရန်ကုန် မတ် ၁၆**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၆)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းမကြီးပေါ်ရှိ (၁၆)ကွေ့ကားလမ်းပေါ်တွင် မတ် ၁၄ ရက် ည ၁၁ နာရီ ၂၃ မိနစ်က မသင်္ကာသူတစ်ဦးအား လှည့်ကင်းဆောင်ရွက်နေသော မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်နှင့်အဖွဲ့က စစ်ဆေးရှာဖွေရာစိတ်ကြွဆေးပြားများနှင့်အတူ ပစ္စတို လေသေနတ်တစ်လက်၊ မူးယစ်ဆေးဝါးအသုံးပြုရာတွင် ပါဝင်သော ဆက်စပ်ပစ္စည်းများနှင့် အယောင်ဆောင်ရာတွင် အသုံးပြုသောပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး ၎င်းက နယ်ထိန်းအဖွဲ့အား ပြန်လည်ခုခံသဖြင့် လုံးထွေးဖမ်းဆီးခဲ့ရကြောင်း သိရသည်။



ထိုနေ့က (၁၆)ကွေ့ ဗိုလ်အောင်ကျော် လမ်းပေါ်တွင် Bojia အမျိုးအစား အနက်ရောင်ဆိုင်ကယ်ပေါ်တွင် ထိုင်နေသူအား မသင်္ကာသဖြင့် နယ်ထိန်းခေါင်းဆောင်နှင့်အဖွဲ့က စစ်ဆေးရှာဖွေရာ ပြန်လည်တိုက်ခိုက်သောကြောင့် နယ်ထိန်းအဖွဲ့က လုံးထွေးဖမ်းဆီးပြီး ၎င်း၏ခါးကြားမှ SENDER အမျိုးအစားဆက်သွယ်ရေးစက်တစ်လုံး၊ နောက်ကျောတွင် လွယ်ထားသော Fashion စာတန်းပါ အနက်ရောင်ကျောပိုးအိတ်အတွင်းမှ WY စိတ်ကြွဆေးပြားဟု ယူဆရသော လိမ္မော်ရောင်ဆေးပြား ၁၅၇ ပြားနှင့် အစိမ်းရောင်ဆေးပြားနှစ်ပြား၊ မူးယစ်ဆေးဝါးသုံးစွဲရန်ပြုပြင်ထားသော ဂက်စ်မီးခြစ်နှစ်လုံး၊ သုံးစွဲလျက်ရှိသော ခဲပြားပေါင်း ၁၅၉ ပြား၊ မူးယစ်ဆေးဝါးသုံးစွဲရန် ပြုလုပ်ထားသော ခဲပြားငါးပြား၊ ငွေကျပ် ၁၀၂၀၀၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ ယာဉ်မောင်းလိုင်စင်တစ်ခုနှင့် ATM တစ်ခုတို့ကို သိမ်းဆည်းရမိသည်။

ထိုအနက်ရောင် ကျောပိုးအိတ်အတွင်းမှ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော STIN တံဆိပ်ပါ ကော်ပုလင်းတွင် အဝါရောင်ပိုက်ကောက်တပ်ထားသော ပုလင်းတစ်လုံး၊ နက်စိမ်းရောင်သေနတ်အိတ်တွင်ထည့်ထားသော ခဲကျည်ငါးတောင့် ဖြည့်သွင်းထားသော (လက်ကိုင်တွင် ကြယ်တံဆိပ်ပါ) ပစ္စတိုလေသေနတ်တစ်လက်၊ အနက်ရောင်သားရေပိုက်ဆံအိတ်အတွင်းမှ ဗိုလ်မှူးထက်သူ ယူနီဖောင်းဝတ်စုံနှင့်အမည်ပါ စိစစ်ရေးကတ်ပြားတစ်ခု၊ ထက်သူအမည်ဖြင့် ဓာတ်ပုံပါ ဟိုတယ်နှင့် ခရီးသွားလာရေး ကတ်ပြားတစ်ခု၊ တပ်မတော်တွင် အသုံးပြုသော အစိမ်းရောင် ပခုံးဒေါက်တစ်စုံ၊ လေကြောင်းရန်ကာကွယ်ရေးတပ် တွံတေးအမည်ပါ ရုံးတံဆိပ်အဝိုင်းတစ်ခု၊ ဒုတပ်ရင်းမှူးအမှတ် လေကြောင်းရန်ကာကွယ်ရေးတပ် တွံတေးအမည်ပါ ရုံးတံဆိပ်တုံးတစ်ခုတို့အားလည်းကောင်း၊ အဆိုပါအနက်ရောင်ကျောပိုးအိတ်အတွင်းမှ လေကြောင်းရန်ကာကွယ်ရေးတပ်မှ ဗိုလ်မှူးထက်သူအမည်ဖြင့် မော်တော်ယာဉ်အသုံးပြုခွင့်ပေးထားသော ရုံးစာအတုနှစ်စောင်၊ ဆင်းကတ်ထည့်သွင်းအသုံးပြုထားသည့်အနက်ရောင်လက်ကိုင်ဖုန်းတစ်လုံးတို့အား သက်သေများနှင့်အတူရှာဖွေတွေ့ရှိ သိမ်းဆည်းခဲ့သည်။

တပ်မတော်မှ အရာရှိတစ်ဦးကဲ့သို့ အသုံးအဆောင်ပစ္စည်းများလက်ဝယ်ထားရှိပြီး လိမ်လည်ရန်အကြံဖြင့် လက်ဝယ်ထားရှိ ကိုင်ဆောင်သူ ထက်သူ(ခ)ထက်သူမိုးမြင့်ရှိန် (၃၀)နှစ် အမှတ်(၁၁) အခန်း(၅၆) ပြည်ရိပ်မွန်အိမ်ရာလမ်း (၆)ရပ်ကွက် ကမာရွတ်မြို့နယ် နေသူအား မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**အောင်သန်းဦး(လှိုင်သာယာ)**
**ဓာတ်ပုံ - ကိုသစ္စာ**

# ဒဂုံမြို့သစ်တောင်ပိုင်း (၇၀)ရပ်ကွက် မီးလောင်မှုဖြစ်

**ရန်ကုန် မတ် ၁၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) (၇၀)ရပ်ကွက် အောင်ချမ်းသာလမ်းတွင် မတ် ၁၅ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်သည်နှင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတိုင်းဦးစီးမှူး ဦးကျော်သူရနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိမီးငြိမ်းသတ်ရာ ညနေ ၃ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါမီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် (၂၂) စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ အထောက်အကူပြုယာဉ် ၁၁ စီး၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသည်။

မီးလောင်ကျွမ်းမှုကြောင့် အိမ် ၁၁ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး (Level-2) အဆင့်ဖြင့် မီးငြိမ်းသတ်ခဲ့ရသည်။ အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး(မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့သည်။ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၇၀)ရပ်ကွက် အောင်ချမ်းသာလမ်းမှ နေအိမ်ပိုင်ရှင်ဦးအောင်နိုင်ဦးအား ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ မီးပေါ့ဆမှုဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(ရွှေတိုင်လွင်)**



# အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှု လေးမှုဖြစ်ပွား

**နေပြည်တော် မတ် ၁၆**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၁၃/၃) နှင့် (၁၁၃/၅) အကြား ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်းစိုးနိုင်ဦး မောင်းနှင်လာသော TOYOTA ISISANM VAN မော်တော်ယာဉ်မှာ ယနေ့နံနက် ၂ နာရီ ၁၅ မိနစ်က ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကာရံထားသော အလူမီနီယံတန်းအား တိုက်မိတိမ်းမှောက်ပြီး လမ်းယာဘက်ချောက်ထဲသို့ ထိုးကျခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ ခြောက်ဦးစလုံး အန္တရာယ်ကင်းခဲ့သော်လည်း ယာဉ်မှာ အနည်းငယ်ပျက်စီးသွားသည်။ သို့ပါ၍ ယာဉ်ကိုမဆင်မခြင်ပေါ့ဆစွာမောင်းနှင်သော ယာဉ်မောင်းအား ဖြူးအမြန်လမ်းရဲတပ်ဖွဲ့မှ ယာဉ်(ပ) ၆/၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၂၇၉ အရ အမှုဖွင့်အရေးယူထားသည်။

အလားတူ ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်က မိုင်တိုင်အမှတ် (၁၁၃/၇) အကြား ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း ရာဂျူးတစ်ဦးတည်း မောင်းနှင်လာသော HONDA INSIGHT (ခရောင်)မော်တော်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရေမြောင်းထဲသို့ ရောက်ရှိခဲ့သည်။ ယာဉ်မောင်းမှာ ထိခိုက်မှုမရှိကြောင်း သိရသည်။



ထို့အတူ ယနေ့နံနက် ၉ နာရီက မိုင်တိုင်အမှတ် (၁၁၃/၇) နှင့် (၁၁၄/၀) အကြား ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်းမျိုးမင်း မောင်းနှင်လာသော MICRO Bus မော်တော်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ ယာဉ်မောင်း စိုးလှိုင်ဌေး မောင်းနှင်နေသော PROBOX ယာဉ်အား ဝင်တိုက်ခဲ့ရာ PROBOX ယာဉ်မှာ လမ်းယာဘက် မြေသားလမ်းပေါ်ရောက်ရှိတိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် PROBOX ယာဉ်ပေါ်ပါ လေးဦးမှာ ထိခိုက်ဒဏ်ရာမရှိခဲ့သော်လည်း MICRO Bus ပေါ်ပါရှိသူ သုံးဦးမှာဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား ဖြူးအမြန်လမ်းရဲတပ်ဖွဲ့ပိုင်မော်တော်ယာဉ်ဖြင့် ဖြူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ထို့အတူ ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ က အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၃၀၂/၅)နှင့် (၃၀၂/၆)အကြား နေပြည်တော်မှ မန္တလေးသို့ ယာဉ်မောင်းနိုင်ဦးမောင်းနှင်လာသော LIGHT TRUCK ယာဉ်မှ ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက် အလူမီနီယံတန်းအား တိုက်မိတိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ အမျိုးသားရှစ်ဦး၊ အမျိုးသမီးကိုးဦး စုစုပေါင်း ၁၇ ဦးအနက် အမျိုးသားနှစ်ဦး၊ အမျိုးသမီးကိုးဦး စုစုပေါင်း ၁၁ ဦး ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား သီးကုန်းအမြန်လမ်းရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်ဖြင့် မိတ္ထီလာဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ထို့ကြောင့် သက်ဆိုင်ရာအမြန်လမ်း ရဲတပ်ဖွဲ့စခန်းများက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**
**ဓာတ်ပုံ (အမြန်လမ်းရဲတပ်ဖွဲ့)**

# ရပ်ထားသော နောက်တွဲယာဉ်ကို ၁၂ ဘီးကုန်တင်ယာဉ်ဝင်တိုက်

**နေပြည်တော် မတ် ၁၆**

နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ်တွင် မတ် ၁၆ ရက် နံနက် ၂ နာရီ မိနစ် ၅၀ က မိုင်တိုင်အမှတ် (၂၅၈/၅-၆)ကြား ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်တွင် ရွှေတွင်းကုန်းရွာဘက်မှ သိုက်ချောင်းရွာသို့ ယာဉ်မောင်းထက်သူအောင်(၂၃)နှစ် ပျဉ်စည်ရွာ နွားထိုးကြီးမြို့နေသူနှင့် ယာဉ်ပေါ်ပါ ကိုစိုးဝင်း(၄၂)နှစ် ပျဉ်စည်ရွာ နွားထိုးကြီးမြို့နယ်နေသူတို့ လိုက်ပါမောင်းနှင်လာသည့် 7J/---- Hino Profia ၁၂ ဘီးကုန်တင်ယာဉ်သည် လမ်းယာဘက်တွင်ရပ်ထားသော အောင်ဌေးဦး(၅၃)နှစ် (၁၃)ရပ်ကွက် တောင်ငူမြို့နေသူမောင်းနှင်သည့် 2C/---Nissan Diesel နောက်တွဲယာဉ်အား နောက်မှဝင်တိုက်မိရာ ယာဉ်မောင်း ထက်သူအောင်တွင် ပြင်းထန်စွာဒဏ်ရာရရှိသဖြင့် နေပြည်တော်ယာဉ်မှုစစ်ရဲအုပ်ရွှေလင်းက ရဲဆေးစာဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းခုတင်(၃၀၀)ဆေးရုံသို့ ပို့ဆောင်ထားရှိသည်။

ထို့ကြောင့် ယာဉ်ကိုမဆင်မခြင်မောင်းနှင်သော ယာဉ်မောင်းထက်သူအောင်အား ရွှေတွင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မေသုခ)**

**မီးဘေးရှောင် မလောင်ခင်တား**

# ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာဖြေဆိုနေမှုများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး လှည့်လည်ကြည့်ရှု

**နေပြည်တော် မတ် ၁၆**
ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနသို့လည်းကောင်း၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းရှိ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနသို့လည်းကောင်း၊ နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနသို့ လည်းကောင်း ရောက်ရှိပြီး ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး၌ ပထဝီဝင်ဘာသာရပ် ဆက်လက်ဖြေဆို

**ရန်ကုန် မတ် ၁၆**
ယနေ့ဆက်လက်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် အတွဲ(၂) ပထဝီ၊ သမိုင်း၊ ဘောဂ၊ အတွဲ(၃) ပထဝီ၊ သမိုင်း၊ စိတ်ကြိုက်မြန်မာစာ၊ အတွဲ(၈) ဓာတု၊ ရူပ၊ ပထဝီဘာသာရပ်များကို ရန်ကုန်တိုင်းဒေသကြီး စာစစ်ဌာန ၅၅ ခုတို့၌ ပထဝီဝင်ဘာသာရပ်ကို ဖြေဆိုကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပထဝီဝင်ဘာသာရပ်ကို ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ကျောင်းသား ၂၇၀၊ ကျောင်းသူ ၃၅၅ ဦး စုစုပေါင်း ၆၂၅ ဦးအနက် ဖြေဆိုသူ ကျောင်းသား ၁၉၅ ဦး၊ ကျောင်းသူ ၂၉၀ စုစုပေါင်း ၄၈၅ ဦး (ဖြေဆိုရာခိုင်နှုန်း ၇၇ ဒသမ ၆၀)ရှိပြီး ပျက်ကွက်သူ ကျောင်းသား ၇၅ ဦး၊ ကျောင်းသူ ၆၅ ဦး စုစုပေါင်း ၁၄၀ (ပျက်ကွက်ရာခိုင်နှုန်း ၂၂ ဒသမ ၄၀) ရှိသည်။ မတ် ၁၇ ရက် (သောကြာနေ့)တွင် သမိုင်းဘာသာရပ် ဖြေဆိုရန်ကျန်ရှိကြောင်း သိရသည်။

**(ဥမ္မာသန့်)**

# မီးလောင်ဆုံးရှုံးမှုအတွက် မီးအာမခံလျော်ကြေးငွေပေးအပ်

**မော်လမြိုင် မတ် ၁၆**
IKBZ Insurance (မော်လမြိုင်ရုံးခွဲ) တွင် မီးအာမခံထားရှိသော သထုံမြို့နယ် နန်းခဲရပ်ကွက် ရှမ်းစုအလယ်တန်းရှိ ဦးဖြိုးငြိမ်းအောင်၊ ဦးညဏ်ထွန်းနှင့် ဦးသန်းထွဋ်တင်တို့၏ နေအိမ်များမှာ ဖေဖော်ဝါရီ ၁၈ ရက် နံနက်က မီးလောင်ဆုံးရှုံးမှုနှင့် ဖေဖော်ဝါရီ ၁၉ ရက်က မုဒုံမြို့နယ်ရှိ ဒေါ်နှင်းပွင့်ဖြူပိုင် မိုးကောင်းကင်စတိုးက အာမခံထားရှိသော ကုန်ပစ္စည်းအချို့ မီးလောင်ဆုံးရှုံးမှုများ ဖြစ်ပွားခဲ့သည်။




အဆိုပါ မီးလောင်ဆုံးရှုံးမှုအတွက် လျော်ကြေးငွေပေးအပ်ပွဲကို မတ် ၁၆ ရက်က မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် IKBZ အာမခံကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်(ကိုယ်စား) လျော်ကြေးဌာန၏ အထွေထွေမန်နေဂျာ ဦးသန်းဇော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး လျော်ကြေးငွေပေးအပ်ရခြင်းနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သထုံမြို့နယ်မှ ဦးဖြိုးငြိမ်းအောင် နေအိမ်အတွက် မီးအာမခံလျော်ကြေးငွေ ကျပ် ၁၀၃၀၈၉၀၀၀၊ ဦးသန်းထွဋ်တင် နေအိမ်အတွက် ကျပ် ၃၁၆၈၀၀၀၀၊ ဦးညဏ်ထွန်း နေအိမ်အတွက် ကျပ် ၈၉၁၀၀၀၀၀ ကို အာမခံထားသူ နေအိမ်ပိုင်ရှင်များ ထံသို့ လည်းကောင်း၊ မုဒုံမြို့နယ်ရှိ ကုန်ပစ္စည်းများ မီးလောင်ဆုံးရှုံးမှုအတွက် စုစုပေါင်းလျော်ကြေးငွေကျပ် ၁၅၆၈၁၀၀ ဒသမ ၂၅ ကို အာမခံထားသူထံသို့လည်းကောင်း စုစုပေါင်း လျော်ကြေးငွေကျပ် ၂၂၅၄၃၇၇၁၀၀ ဒသမ ၂၅ တိတိကို အာမခံထားသူများထံသို့ ပေးအပ်ခဲ့သည်။ အာမခံထားသူများကလည်း လျော်ကြေးငွေပေးအပ်မှုအတွက် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်။

IKBZ Insurance သည် အသက်အာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ မီးအာမခံ၊ ငွေပို့ ငွေသယ်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ သမာဓိအာမခံ၊ အထူးခရီးသွားအာမခံ၊ ကျန်းမာရေးအာမခံ၊ ကုန်စည်ပို့ဆောင်ရေး အာမခံလုပ်ငန်းများကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

**(ကြေးမုံ)**

# တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ်ဖြေဆို

**နေပြည်တော် မတ် ၁၆**
တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာကို နိုင်ငံတစ်ဝန်းရှိ စာစစ်ဌာနပေါင်း ၈၁၄ ခုနှင့် နိုင်ငံခြားစာစစ်ဌာန ၁၇ ခု စုစုပေါင်းစာစစ်ဌာန ၈၃၁ ခုတို့၌ ယနေ့ နံနက် ၉ နာရီတွင် စတင်ဖြေဆိုရာ ဖြေဆိုခွင့်ရှိသူ ၈၀၅၂၇ ဦးရှိသည့် အနက် ၇၂၉၃၁ ဦး ဖြေဆိုခဲ့ကြပြီး ၇၅၉၆ ဦး ဖြေဆိုရန် ပျက်ကွက်သဖြင့် ဖြေဆိုသူ ၉၀ ဒသမ ၆၈ ရာခိုင်နှုန်း ဖြစ်သည်။

တစ်နိုင်ငံလုံး၌ ဆေးရုံဖြေဆိုသူ ၁၈ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့၌ ဆွံ့အနားမကြားဖြေဆိုသူ နှစ်ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုယ်လက်အင်္ဂါမသန်စွမ်းဖြေဆိုသူ ၁၂ ဦး၊ အကျဉ်းထောင်နှင့် အချုပ်များတွင် ဖြေဆိုသူ သုံးဦးရှိပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်ဒေသတွင် ဖြေဆိုရန် ကိုးဦး စာရင်းသွင်းထားသော်လည်း အထက(၂) တပ်ကျောင်းတွင် နှစ်ဦး၊ ကွမ်းလုံစာစစ်ဌာနတွင် လေးဦး စုစုပေါင်း ခြောက်ဦး ဖြေဆိုကြသည်။

**(သတင်းစဉ်)**

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှု အခြေပြဇယား

ဘာသာ- ပထဝီဝင် ရက်စွဲ၊ ၁၆-၃-၂၀၁၇

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် | | | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | ကျား | မ | ပေါင်း | | |
| ၁ | ကချင် | ၄၁ | ၁၈၂၈ | ၂၈၈၉ | ၄၇၁၇ | ၁၅၆၉ | ၂၆၆၂ | ၄၂၃၁ | ၈၉.၇၀ | ၂၅၉ | ၂၂၇ | ၄၈၆ | ၁၀.၃၀ | |
| ၂ | ကယား | ၁၂ | ၇၆၇ | ၁၂၁၈ | ၁၉၈၅ | ၇၀၀ | ၁၁၅၀ | ၁၈၅၀ | ၉၃.၂၀ | ၆၇ | ၆၈ | ၁၃၅ | ၆.၈၀ | |
| ၃ | ကရင် | ၂၀ | ၃၂၄ | ၅၈၃ | ၉၀၇ | ၂၈၂ | ၅၂၄ | ၈၀၆ | ၈၈.၈၆ | ၄၂ | ၅၉ | ၁၀၁ | ၁၁.၁၄ | |
| ၄ | ချင်း | ၂၄ | ၁၃၇၆ | ၁၇၉၄ | ၃၁၇၀ | ၁၀၇၁ | ၁၄၈၀ | ၂၅၅၁ | ၈၀.၄၇ | ၃၀၅ | ၃၁၄ | ၆၁၉ | ၁၉.၅၃ | |
| ၅ | စစ်ကိုင်း | ၁၁၄ | ၅၃၈၅ | ၈၅၄၃ | ၁၃၉၂၈ | ၄၉၀၄ | ၈၁၁၄ | ၁၃၀၁၈ | ၉၃.၄၀ | ၄၈၁ | ၄၂၉ | ၉၁၀ | ၆.၆၀ | |
| ၆ | တနင်္သာရီ | ၁၃ | ၆၉ | ၉၃ | ၁၆၂ | ၅၈ | ၈၆ | ၁၄၄ | ၈၈.၈၉ | ၁၁ | ၇ | ၁၈ | ၁၁.၁၁ | |
| ၇ | ပဲခူး | ၆၀ | ၁၃၀၂ | ၂၂၀၇ | ၃၅၀၉ | ၁၁၃၇ | ၂၀၅၄ | ၃၁၉၁ | ၉၀.၉၄ | ၁၆၅ | ၁၅၃ | ၃၁၈ | ၉.၀၆ | |
| ၈ | မကွေး | ၇၆ | ၃၀၄၁ | ၄၀၉၈ | ၇၁၃၉ | ၂၇၇၈ | ၃၉၂၉ | ၆၇၀၇ | ၉၃.၉၅ | ၂၆၃ | ၁၆၉ | ၄၃၂ | ၆.၀၅ | |
| ၉ | မန္တလေး | ၆၀ | ၆၈၇ | ၉၆၄ | ၁၆၅၁ | ၆၁၂ | ၉၀၆ | ၁၅၁၈ | ၉၁.၉၄ | ၇၅ | ၅၈ | ၁၃၃ | ၈.၀၆ | |
| ၁၀ | မွန် | ၁၃ | ၁၆၅ | ၃၈၀ | ၅၄၅ | ၁၄၂ | ၃၅၃ | ၄၉၅ | ၉၀.၈၃ | ၂၃ | ၂၇ | ၅၀ | ၉.၁၇ | |
| ၁၁ | ရခိုင် | ၇၁ | ၂၈၇၁ | ၃၆၆၀ | ၆၅၃၁ | ၂၃၇၁ | ၃၂၉၉ | ၅၆၇၀ | ၈၆.၈၂ | ၅၀၀ | ၃၆၁ | ၈၆၁ | ၁၃.၁၈ | |
| ၁၂ | ရန်ကုန် | ၅၅ | ၂၇၀ | ၃၅၅ | ၆၂၅ | ၁၉၅ | ၂၉၀ | ၄၈၅ | ၇၇.၆၀ | ၇၅ | ၆၅ | ၁၄၀ | ၂၂.၄၀ | |
| ၁၃ | ရှမ်း | ၅၅ | ၇၂၆ | ၁၀၃၉ | ၁၇၆၅ | ၆၄၄ | ၉၆၂ | ၁၆၀၆ | ၉၀.၉၉ | ၈၂ | ၇၇ | ၁၅၉ | ၉.၀၁ | |
| ၁၄ | ဧရာဝတီ | ၁၈၆ | ၁၄၉၁၆ | ၁၉၆၈၉ | ၃၄၆၀၅ | ၁၃၀၉၅ | ၁၈၃၄၂ | ၃၁၄၃၇ | ၉၀.၈၅ | ၁၈၂၁ | ၁၃၄၇ | ၃၁၆၈ | ၉.၁၅ | |
| ၁၅ | နေပြည်တော် | ၁၄ | ၁၂၆ | ၁၃၅ | ၂၆၁ | ၉၄ | ၁၁၁ | ၂၀၅ | ၇၈.၅၄ | ၃၂ | ၂၄ | ၅၆ | ၂၁.၄၆ | |
| ၁၆ | နိုင်ငံခြားစာစစ်ဌာန | ၁၇ | ၃ | ၁၄ | ၁၇ | ၃ | ၁၄ | ၁၇ | ၁၀၀.၀၀ | ၀ | ၀ | ၀ | ၀.၀၀ | |
| | စုစုပေါင်း | ၈၃၁ | ၃၂၈၆၆ | ၄၇၆၆၁ | ၈၀၅၂၇ | ၂၈၆၅၅ | ၄၄၂၇၆ | ၇၂၉၃၁ | ၉၀.၆၈ | ၄၂၁၁ | ၃၃၈၅ | ၇၅၉၆ | ၉.၃၂ | |

## ○ အာရှဖလားမှ

မြန်မာအမျိုးသမီးအသင်းသည် ခြေစမ်းပွဲအဖြစ် အောင်ဆန်းကွင်း၌ မတ် ၁၇ ရက် နံနက်ပိုင်းတွင် ဇွဲကပင်အသင်း၊ ညနေပိုင်းတွင် သစ္စာအားမာန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ကစားသမား ၃၀ ဖြင့် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်လျက်ရှိပြီး နည်းပြချုပ်အဖြစ် နယ်သာလန်နိုင်ငံသား ရော်ဂျာက ကိုင်တွယ်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ပြီးခဲ့သည့်နှစ် စက်တင်ဘာလကတည်းက လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး တရုတ်ဖိတ်ခေါ် အမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သလို ယခုလဆန်းပိုင်းတွင် ထိုင်းလက်ရွေးစင်အသင်းနှင့် ပူးတွဲလေ့ကျင့်မှုများပြုလုပ်ပြီး ခြေစမ်းပွဲတစ်ပွဲကစားခဲ့ရာ ဂိုးမရှိသရေကျခဲ့သည်။

တရုတ်ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းသည် ရလဒ်ကောင်းရယူနိုင်ခြင်းမရှိဘဲ ယူကရိန်း၊ အိမ်ရှင်တရုတ်နှင့် ထိုင်းအသင်းတို့ကို ရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် အာရှဖလားအမျိုးသမီးခြေစစ်ပွဲကို ဧပြီ ၃ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်ဗီယက်နမ်၊ ဆီးရီးယား၊ စင်ကာပူ၊ အီရန်အသင်းတို့ ပါဝင်လျက်ရှိသည်။ အာရှဖလားခြေစစ်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

❑ စာမျက်နှာ ၆ မှ

ဈေးသက်သာစွာ တပ်ဆင်အသုံးပြုလာနိုင်ကြမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ၂-လမ်းသွား ၂-ဖက်လည် လျှပ်စစ်မီတာများတပ်ဆင်၍ လျှပ်စစ်ဓာတ်အားလိုအပ်လျှင် ကွန်ရက်မှရယူသုံးစွဲပြီး ပိုလျှံနေလျှင် ကွန်ရက်ထဲသို့ ပြန်လည်ပေးသွင်းကာ ထုတ်ယူမှုနှင့် ပေးသွင်းမှုတို့အကြား ခြားနားချက်အပေါ်တွင်သာ ငွေပေးချေခွင့်ပြုပါက ဆိုလာလျှပ်စစ်သုံးစွဲမှုစနစ်များ ကျယ်ပြန့်လာစေရေးအတွက် တွန်းအားတစ်ခုဖြစ်လာနိုင်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် သုံးစွဲမှုများ ကျယ်ပြန့်လာခြင်းနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးလာမည်ဖြစ်သည်။

**လျှပ်စစ်ဓာတ်အားကွန်ရက်အပြင်ဘက်က ဆိုလာ**

အကယ်၍ စွမ်းအင်သိုလှောင်မှုစနစ်များကို တည်ဆောက်တပ်ဆင်ပေးရန် အခက်အခဲများရှိနေပြီး ဆိုလာလျှပ်စစ်ကို ဓာတ်အားကွန်ရက်အတွင်း ပေါင်းသွင်းဖြန့်ဖြူးပေးရန် မဖြစ်နိုင်သေးလျှင် နေရောင်ရရှိရာ အရပ်ဒေသတိုင်းတွင် အခမဲ့ရရှိနိုင်သည့် ဆိုလာစွမ်းအင်ကို လျှပ်စစ်ဓာတ်အားကွန်ရက်၏ အပြင်ဘက်တွင် နေ့ပိုင်းတွင်သာ ထုတ်ယူ၍ ရေစုပ်ရေတင်နှင့် ရေပေးဝေရေးလုပ်ငန်းများအတွက် ကျယ်ကျယ်ပြန့်ပြန့် အကျိုးဖြစ်စွာ အသုံးချသင့်ကြသည်။

လူတို့အသုံးပြုရန်နှင့် စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေပမာဏမှာ ရာသီဥတုနှင့် အပူချိန်ပေါ်တွင် တည်မှီနေလေ့ရှိသည်။ မိုးရွာစိုစွတ်သည့် ကာလများတွင် ရေလိုအပ်ချက် လျော့နည်းလေ့ရှိပြီး ပူပြင်းခြောက်သွေ့သည့် ကာလများတွင် ရေပမာဏပိုမိုလိုအပ်လေ့ရှိသည်။ ဆိုလာရေစုပ်ရေတင်စက်များက မိုးရာသီတွင် မိုးအုံ့မိုးရွာမှုများကြောင့် ရေပမာဏလျော့နည်းထုတ်ပေးလေ့ရှိသော်လည်း နေရောင်ပိုမိုရရှိသည့် ဆောင်းနှင့် နွေရာသီများတွင် ရေကို ပိုမိုထုတ်ပေးနိုင်ခြင်းကြောင့် ရာသီအလိုက်ရေလိုအပ်ချက်နှင့် ရေထုတ်ပေးနိုင်မှုတို့အကြား သဟဇာတဖြစ်အောင် လုပ်ဆောင်ပေးနိုင်ကြသည်။ ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ကဲ့သို့သော အဖွဲ့အစည်းများကလည်း ဆိုလာစွမ်းအင်ဖြင့် ရေထုတ်ရေတင်ခြင်းများက ရေရှည်တွင် ရေထုတ်ယူစရိတ်ကို များစွာသက်သာစေကြောင်း နှိုးဆော်တိုက်တွန်း အားပေးလျက်ရှိကြသည်။

မြန်မာပြည်အတွင်းတွင်လည်း ဆိုလာစွမ်းအင်ဖြင့် ရေထုတ်ရေတင်မှုများမှာ ဆက်လက်ကျယ်ပြန့်လာလျက် ရှိနေသည်။ ရင်းနှီးငွေပြန်ပေါ်ချိန်တိုသော်လည်း ကနဦးရင်းနှီးမြှုပ်နှံမှုမြင့်မားနေခြင်းကိုမူ ကမ္ဘာ့ဘဏ်ကဲ့သို့သော အဖွဲ့အစည်းများ၏ အကူအညီကို ရယူဖြေရှင်းပေးနိုင်မှသာ အကျိုးဖြစ်မှုများ ပိုမိုမြန်ဆန်လာမည်ဖြစ်သည်။ နွေရာသီတွင် ဆိုလာစွမ်းအင်ဖြင့် ရေသွင်းပြီးစိုက်ပျိုးလာနိုင်ကြပါက စပါးအထွက်နှုန်းဆတက်တိုးရေးကိုလည်း ကြီးစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။

ထို့ကြောင့် မဟာဓာတ်အားကွန်ရက်အတွင်းမှ လျှပ်စစ်ဓာတ်အားကို စက်မောင်းနှင်မှုနှင့် မီးအလင်းရောင် ပေးခြင်းတို့အတွက် ဦးစားပေးဖြန့်ဖြူးပေးပြီး ဆိုလာစွမ်းအင်ကို မြစ်ရေတင်နှင့် အခြားစိုက်ပျိုးရေရရှိရန် ရေစုပ်ရေတင်နှင့် ရေးပေးခြင်းများအတွက် မဟာဓာတ်အားကွန်ရက်အပြင်ဘက်တွင် ပိုမိုအကျိုးရှိစွာဖြင့် ကျယ်ပြန့်စွာ အသုံးချသင့်ကြသည်။

**အနာဂတ်အတွက် ရည်မှန်းစရာများ**

လူ့သမိုင်းတစ်လျှောက် ရုပ်ကြွင်းလောင်စာများကို ထုတ်ယူသုံးစွဲလာခဲ့ကြရာမှ ရာသီဥတုပျက်စီးပြောင်းလဲလာသည့် အကျိုးဆက်များ၏ ခြိမ်းခြောက်မှုများကို ရင်ဆိုင်ရင်း ပြန်ပြည့်စွမ်းအင်များကို စီးပွားရေးအရ အကျိုးဖြစ်အောင် ထုတ်ယူသုံးစွဲလာနိုင်ခဲ့ကြသည်။ ကနဦးရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်၊ ငွေကြေးစီးဆင်းမှုတန်ဖိုး၊ အလုပ်အကိုင်ဖန်တီးနိုင်မှု၊ လေထုညစ်ညမ်းမှု၊ သဘာဝပတ်ဝန်းကျင်သန့်ရှင်းစေရေးအတွက် ကုန်ကျစရိတ်၊ ကျန်းမာရေးထိခိုက်ပျက်စီးရခြင်း စသည့် ဆက်စပ်နေသည့် အချက်အားလုံးဖြင့် တွက်ယူနှိုင်းယှဉ်ကြည့်ပါက ပြန်ပြည့်စွမ်းအင်အရင်းအမြစ်များကို အသုံးချခြင်းသည် ရုပ်ကြွင်းလောင်စာများကို သုံးစွဲခြင်းထက် ပိုမိုသက်သာကြောင်း တွေ့ရမည်ဖြစ်သည်။

လျှပ်စစ်စွမ်းအင် အလွန်အမင်းလိုအပ်နေသည့် မြန်မာနိုင်ငံတွင် တည်ဆောက်တပ်ဆင်မှု မြန်ဆန်သည့်အပြင် ရေရှည်တွင် စွမ်းအင်ကို အခမဲ့ရသည့်အတွက် သန့်ရှင်းသည့် ပြန်ပြည့်စွမ်းအင်များ အထူးသဖြင့် ကနဦးရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်အနည်းဆုံးဖြစ်လာနေသည့် ဆိုလာစွမ်းအင်ကို နိုင်ငံအတွင်း လိုအပ်သည့်နေရာများအနီးတွင် နေရာအနှံ့ခွဲဖြန့်ထုတ်လုပ်ခြင်း (Distributed Generation) ဖြင့် ကျယ်ပြန့်စွာ ထုတ်ယူတိုးချဲ့အသုံးချသင့်ကြသည်။ အကျိုးဆက်အဖြစ် လျှပ်စစ်ဓာတ်အားရရှိမှုနှင့်သုံးစွဲမှုများ ကျယ်ပြန့်လာကာ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည့်အပြင် နည်းပညာတိုးတက်မှုနှင့် အထောက်အကူပြုဆက်စပ်လုပ်ငန်းများ၏ ဖွံ့ဖြိုးမှုကိုလည်း ကောင်းစွာမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ထိုသို့ ဆိုလာနှင့် ပြန်ပြည့်စွမ်းအင်ထုတ်ယူသုံးစွဲမှုများ ဖွံ့ဖြိုးတိုးမြင့်လာစေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးပွားလာစေနိုင်ရန်မှာ နိုင်ငံရေးအရ ခိုင်မာသည့် ရည်မှန်းချက်ထားရှိမှုများ၊ မူဝါဒချမှတ်မှုများ၊ ဆုံးဖြတ်တွန်းအားပေးမှုများ၊ စီးပွားရေးအရ အခိုင်အမာပံ့ပိုးပေးမှုများကိုရရှိမှသာ အောင်မြင်အကျိုးဖြစ်ထွန်းမှုများကို အလျင်အမြန်နှင့် အသေအချာ မြင်တွေ့လာနိုင်ကြမည်ဖြစ်သည်။

# မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

## အများပြည်သူ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော**
**ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်     ။)**
**၁၃၇၈ ခုနှစ်၊     လ     ရက်**
**(၂၀၁၇ ခုနှစ်၊     လ     ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂ တွင်

(က) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) **ထုတ်လုပ်ခြင်း** ဆိုသည်မှာ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအဖြစ်သို့ ရောက်ရှိစေရန် ထုတ်လုပ်ခြင်း၊ ယင်းသို့ ထုတ်လုပ်သော အရာဝတ္ထုကို ဓာတုပစ္စည်း သို့မဟုတ် အခြားပစ္စည်း တစ်မျိုးမျိုးနှင့်ရောစပ်၍ ပြုပြင်ထုတ်လုပ်ခြင်း၊ ဖော်စပ်ခြင်း၊ ပြင်ဆင်ပြုလုပ်ခြင်း ကို ဆိုသည်။"

(ခ) ပုဒ်မခွဲ(စ)၏နောက်တွင် ပုဒ်မခွဲ(ဆ) နှင့် (ဇ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဆ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဇ) **လူမှုရေးပြစ်ဒဏ်** ဆိုသည်မှာ သတ်မှတ်ဝတ်စုံဖြင့် ကြီးကြပ်သူရှေ့မှောက်၌ အများပြည်သူဆိုင်ရာ နေရာများတွင် အများပြည်သူ အကျိုးရှိစေသည့် လုပ်ငန်းများဖြစ်သည့် သစ်ပင်ပန်းမန် စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လမ်းတံတားများပြုပြင်ခြင်း၊ လူမှုရေးအဖွဲ့များနှင့် ပူးပေါင်း၍ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့်လုပ်ငန်းများကို ကိုယ်တိုင် လုပ်အားဖြင့် အခမဲ့ လုပ်ကိုင်ဆောင်ရွက်ပေးခြင်းကို ဆိုသည်။"

၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၃ တွင် ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) မြန်မာနိုင်ငံက သဘောတူလက်မှတ်ရေးထိုးထားသည့် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင် တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊"

၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(င) မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ပြည်တွင်းမူဘောင်များ ချမှတ်၍ မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း သယ်ယူပို့ဆောင်ခြင်း၊ ထုတ်လုပ်ခြင်းများကို တားဆီးကာကွယ်ရန် ကမ္ဘာ့နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်"

(ခ) ပုဒ်မခွဲ (င)၏နောက်တွင် ပုဒ်မခွဲ (စ)နှင့် (ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(စ) ရှိရင်းစွဲ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ယန္တရားများကို အသုံးပြု၍ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးကို တွန်းအားပေးဆောင်ရွက်ရန်

(ဆ) ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါးထိန်းချုပ်မှုဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ရေတိုစီမံကိန်းများနှင့် ရေရှည်ရည်မှန်းချက်ပန်းတိုင်များ ချမှတ်အကောင်အထည်ဖော်ခြင်းဖြင့် တရားမဝင်စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် မူးယစ်ဆေးဝါးနှင့် ဆက်စပ်လျက်ရှိသည့် လူမှုစီးပွားရေး ပြဿနာရပ်များအား ဖြေရှင်းရန်"

၅။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၅ တွင် ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေရမည်။"

၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၆ တွင်-

(က) ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း"

(ခ) ပုဒ်မခွဲ (င) နှင့် (စ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(င) ဆေးဝါးသုံးစွဲသူများအား ဆေးကုသပေးရေး၊ အသိပညာပေးရေး၊ ပညာပေးလှုံ့ဆော်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသည့် အန္တရာယ်လျှော့ချပေးရေးတို့နှင့်စပ်လျဉ်း၍ အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(စ) ဆေးဝါးသုံးစွဲသူများကို ပြန်လည်ထူထောင်ပေးရေးနှင့် စပ်လျဉ်း၍ စီမံချက်များချမှတ်ပြီး စည်းရုံးလှုံ့ဆော်ခြင်း၊ စာရင်းကောက်ယူခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ သင့်လျော်သော ကူညီထောက်ပံ့မှုများပေးခြင်း၊ ကောင်းမွန်သော လူနေမှုဘဝသို့ ပြန်လည်ရောက်ရှိစေရန် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုပေးခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးခြင်း၊"

(ဂ) ပုဒ်မခွဲ (ဈ) နှင့် (ည) တို့ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ(ဏ)၏နောက်တွင် ပုဒ်မခွဲ(တ) (ထ) (ဒ) (ဓ) (န) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(တ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း ပြစ်မှုကျူးလွန်သူများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ အခြားနိုင်ငံကအလိုရှိသော မြန်မာနိုင်ငံသား တရားခံကို လည်းကောင်း၊ မြန်မာနိုင်ငံက အလိုရှိသော အခြားနိုင်ငံမှ တရားခံကိုလည်းကောင်း လွှဲပြောင်းပေးရာတွင် တရားခံလွှဲပြောင်းခြင်း ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊"

"(ထ) မူးယစ်ဆေးဝါးသုံးစွဲသည့်အတွက် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို ကလေးသူငယ်များနှင့် လူငယ်များမှ သိရှိနိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်း"

"(ဒ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ ကျန်းမာဖွံ့ဖြိုးသည့် လူမှုဘဝများဖြစ်လာစေရန် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းနှင့် လူမှုအသိုင်းအဝိုင်း အဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ခြင်း"

"(ဓ) မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဆိုးကျိုးများအား လူမှုရေးမီဒီယာများနှင့် အခြားသော သတင်းမီဒီယာများမှတစ်ဆင့် ကျောင်းအတွင်းနှင့် ကျောင်းပြင်ပ၊ အလုပ်နေရာများတွင်ပါ ကျယ်ကျယ်ပြန့်ပြန့် အသိပေး ဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်း"

"(န) ပြည်သူ့ကျန်းမာရေး၊ ပညာရေးနှင့် ဥပဒေအရ အကောင်အထည်ဖော်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြီးကြပ်လမ်းညွှန်ခြင်း-

၇။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၇ တွင်-

(က) ပုဒ်မခွဲ (က) နှင့် (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့၊

(ခ) အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့၊"

(ခ) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့၊"

(ဂ) ပုဒ်မခွဲ (ဠ) ကို ပယ်ဖျက်ရမည်။

၈။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၈ တွင် ပုဒ်မခွဲ (က) ၌ ပါရှိသော "ပြည်နယ်/တိုင်း" ဆိုသည့် စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အခန်း(၅) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

"ဆေးဝါးသုံးစွဲသူကို ဆေးကုသပေးခြင်းနှင့် ပြန်လည် ထူထောင်ပေးခြင်း"

၁၀။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၉ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ဆေးဝါးသုံးစွဲသူသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်သည့်ဌာန သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရအသိအမှတ်ပြုဆေးကုသဌာနတွင် ဆေးကုသမှု ခံယူရမည်။"

(ခ) ပုဒ်မခွဲ (ခ)တွင် ပါရှိသော "မှတ်ပုံတင်ထားသော" ဆိုသည့်စကားရပ်ကို ပယ်ဖျက်၍ ကျန်းမာရေးဝန်ကြီးဌာနဆိုသော စကားရပ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဟု အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဂ) တွင်ပါရှိသော "မှတ်ပုံတင်၍" ဆိုသည့် စကားရပ်ကို ပယ်ဖျက်၍ ကျန်းမာရေးဝန်ကြီးဌာနဆိုသောစကားရပ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဟု အစားထိုးရမည်။

(ဃ) ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) ၊ (ဆ) ၊ (ဇ) နှင့် (ဈ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) ရဲတပ်ဖွဲ့ဝင်သည် ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူအား ပဏာမဆေးစစ်ချက်ခံယူရန် သို့မဟုတ် ဆေးကုသမှုခံယူနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်သည့်ဌာန သို့မဟုတ် အစိုးရက ဤကိစ္စအလို့ငှာ အသိအမှတ်ပြုထားသည့် အနီးဆုံးဆေးကုသဌာနသို့ ပို့အပ်နိုင်သည်။

(င) သက်ဆိုင်ရာ ရဲအရာရှိသည် ပုဒ်မခွဲ (ဃ) ပါပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်သူအားစိစစ်ပြီး လိုအပ်ပါက ခံဝန်ချုပ် ချုပ်ဆိုစေသည့် အမိန့်ချမှတ်နိုင်ရန် သက်ဆိုင်ရာ တရားရုံးသို့ လျှောက်ထားရမည်၊

(စ) တရားရုံးသည် ပုဒ်မခွဲ (င) အရ လျှောက်ထားခြင်းခံရသူအား ဆေးစစ်ချက် ခံယူနိုင်ရေးနှင့် ဆေးကုသမှု ခံယူနိုင်စေရေး အတွက် သတ်မှတ်ချက်များနှင့်အညီ ခံဝန်ချုပ် ချုပ်ဆိုစေသည့်အမိန့် ချမှတ်နိုင်သည်၊


(ဆ) ဆေးဝါးသုံးစွဲသူသည် ပုဒ်မခွဲ (စ) အရ တရားရုံးမှ ချမှတ်သော အမိန့်နှင့်အညီ ခံဝန်ချုပ် ချုပ်ဆိုခြင်း မပြုလျှင်ဖြစ်စေ၊ ချမှတ်သော ခံဝန်ချုပ်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဆေးကုသမှု ခံယူရေးနှင့် ပြုစုပျိုးထောင်ရေးတို့အတွက် ဤကိစ္စအလို့ငှာ ဖွင့်လှစ်ထားသော သက်ဆိုင်ရာပြုစုပျိုးထောင်ရေးဌာန သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ အနည်းဆုံး ၃ လမှ အများဆုံး ၅ လအထိ ပို့အပ်ခြင်းခံရမည်။

(ဇ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပုဒ်မခွဲ(ဆ) အရ သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးဌာန သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ခြင်းခံရသည့်ဆေးဝါးသုံးစွဲသူအား တာဝန်ယူကုသပေးရမည်။

(ဈ) ပုဒ်မ ၉(ဇ)အရ ဆေးကုသမှု ခံယူပြီးသူများအား ၎င်းတို့၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုကို ခံယူစေရေးအတွက် ပြန်လည်ထူထောင်ရေး သင်တန်းသို့ တက်ရောက်နိုင်ရန် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ လူမှုဝန်ထမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးပို့ရမည်။"

၁၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၁၀ ကို ပယ်ဖျက်ရမည်။

**ဆက်လက်ဖော်ပြပါမည်။**



## မိုင်လီဆိုင်းရပ်စ်ရဲ့ မင်္ဂလာသတင်းနဲ့ပတ်သက်တဲ့ ကောလာဟလတွေကို အဆုံးသတ်စေခဲ့တဲ့ နော့ဆိုင်းရပ်စ်

မိုင်လီဆိုင်းရပ်စ်ဟာ သူနဲ့စေ့စပ်ထားတဲ့ချစ်သူ လီယမ်ဟမ်းစ်ဝ့ါသ်နဲ့ လက်ထပ်ခဲ့ပြီးဖြစ်တယ်ဆိုတဲ့ကောလာဟလတွေဟာ လတ်တလောမှာပေါ်ထွက်လာခဲ့ပါတယ်။ ဒါပေမယ့် မိုင်လီဆိုင်းရပ်စ်ရဲ့ ညီမဖြစ်သူ နော့ဆိုင်းရပ်စ်က အဆိုပါကောလာဟလတွေဟာ မမှန်ကန်ကြောင်းနဲ့ မိုင်လီဆိုင်းရပ်စ်ဟာ လတ်တလောအချိန်အထိ လက်ထပ်ခဲ့ခြင်းမရှိကြောင်း ပြောကြားလာခဲ့ကြောင်း ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက ပေ့ါပ်အဆိုတော်မိုင်လီဆိုင်းရပ်စ်ရဲ့ဖခင်ဖြစ်သူ ဘီလီဆိုင်းရပ်စ်က အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားတဲ့ မိုင်လီရဲ့ဓာတ်ပုံတစ်ပုံကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာကြောင့် ဟောလိဝုဒ်မီဒီယာတွေနဲ့ မိုင်လီရဲ့ပရိသတ်တွေက အဆိုပါပေ့ါပ်ကြယ်ပွင့်ဟာ လတ်တလောမှာ လက်ထပ်လိုက်ပြီဖြစ်ကြောင်း အွန်လိုင်းမီဒီယာတွေပေါ်မှာ ဝေဖန်ရေးသားခဲ့ကြတာဖြစ်ပါတယ်။ ဒါပေမယ့် အဆိုပါဝေဖန်သံတွေဟာ နော့ဆိုင်းရပ်စ်ရဲ့ ဖွင့်ဟလာတဲ့စကားသံတွေအဆုံးမှာတော့ ရပ်တန့်သွားခဲ့ပြီဖြစ်ကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ မတ် ၁၁ရက်မှာ ပြုလုပ်ခဲ့တဲ့ ရုပ်သံအစီအစဉ်တစ်ခုမှာ လတ်တလာမှာ အသက်(၁၇)နှစ်ရှိပြီဖြစ်ကာ ကိုယ်တိုင်တေးသီချင်းတွေကို သီဆိုလျက်ရှိပြီး တေးအယ်လ်ဘမ်တစ်ခုကိုလည်း ထုတ်လုပ်ခဲ့ပြီးဖြစ်တဲ့ အဆိုတော် နော့ဆိုင်းရပ်စ်က ယခုလို ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ နော့က သူတို့ရဲ့ဖခင်အနေနဲ့ အဆိုပါဓာတ်ပုံကိုဖော်ပြခဲ့ခြင်းဟာ ပျော်ရွှင်မှုတစ်ခုအတွက်သာဖြစ်နိုင်ကြောင်းလည်း သူက ဖွင့်ဟလာခဲ့ပါတယ်။ ဆက်လက်ပြီး နော့က သူ့ရဲ့ အနာဂတ်ခဲအိုလောင်းဖြစ်တဲ့ စွန့်စားခန်းရုပ်ရှင်“The Hunger Games”ရဲ့ ဇာတ်ဆောင်မင်းသားတစ်ဦးဖြစ်သူ လီယမ်ဟမ်းစ်ဝ့ါသ်နဲ့ပတ်သက်ပြီး သူ့အနေနဲ့ အစ်မရဲ့ ခင်ပွန်းလောင်းကို ချစ်ခင်ပါကြောင်းလည်း မှတ်ချက်ပြုခဲ့ပါတယ်။

ဒစ်စနေရဲ့ သရုပ်ဆောင်တစ်ဦးအဖြစ်သာမက ပေ့ါပ်တေးသံရှင်တစ်ဦးအဖြစ်ပါ အောင်မြင်နေတဲ့ မိုင်လီဆိုင်းရပ်စ်နဲ့ ဟောလိဝုဒ်သရုပ်ဆောင် မင်းသားတစ်ဦးဖြစ်သူ လီယမ်ဟမ်းစ်ဝ့ါသ်တို့ဟာ ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ်အတွင်းရိုက်ကူးခဲ့တဲ့ “The Last Song”ရိုက်ကွင်းပေါ်မှာ စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပါတယ်။ အဲဒီနောက်ချစ်သူတွေအဖြစ် ၂၀၁၂ ခုနှစ်အတွင်း တရားဝင်လက်တွဲလာခဲ့ကာ ၂၀၁၃ ခုနှစ်အတွင်းမှာတော့ စေ့စပ်ခဲ့ကြပါတယ်။ အဲဒီနောက်ပိုင်း လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့ကြပြီး ယခုနှစ်နှစ်စပိုင်းမှာမှ ပြန်လည်လက်တွဲခဲ့ကာ လက်ထပ်တော့မှာဖြစ်ကြောင်း ကောလာဟလတွေဟာလည်း ဆက်တိုက်ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။

## သင်ကြားရေးလုပ်ငန်းမှာ စတင်ခြေချလာတဲ့ အန်ဂျလီနာဂျိုလီ



တစ်ချိန်က ဟောလိဝုဒ်ရဲ့ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့တဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ အန်ဂျလီနာဂျိုလီဟာ လတ်တလောမှာ သူ့ဘဝရဲ့မှတ်တိုင်သစ်တစ်ခုကို စိုက်ထူလိုက်ပြီဖြစ်ပါတယ်။ အနုပညာရပ်ဝန်းကနေ ခြေဆန့်ကာ အန်ဂျလီနာဂျိုလီဟာ သင်ကြားရေးအသိုင်းအဝိုင်းအတွင်း စတင်ခြေချလာခဲ့တာဖြစ်ပါတယ်။ သူဟာ လန်ဒန်စီးပွားရေးတက္ကသိုလ်မှာ ဧည့်ပါမောက္ခတစ်ဦးအဖြစ် ပထမဆုံးအကြိမ် စာသင်ကြားပေးခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့် စက်တင်ဘာလအတွင်းမှာတော့ အန်ဂျလီနာဂျိုလီက အဆိုပါတက္ကသိုလ်မှာ ဘွဲ့လွန်သင်တန်းသားတွေကို တာဝန်ယူသင်ကြားပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ယခုလိုကျော်ကြားတဲ့သူတစ်ဦး တက္ကသိုလ်ပရဝဏ်အတွင်း သွားလာနေချိန်တွေမှာလည်း အားလုံးသောသူတွေရဲ့အကြည့်တွေဟာ အန်ဂျလီနာဂျိုလီဆီမှာသာရှိနေကြောင်းလည်း အဆိုပါ တက္ကသိုလ်ကကျောင်းသူတစ်ဦးဖြစ်တဲ့ ကမ်မီလာယာဟာယာက ဖွင့်ဟလာခဲ့တယ်လို့ သိရပါတယ်။ ဒါ့အပြင် အန်ဂျလီနာဂျိုလီရဲ့ အတန်းကိုတက်ရောက်ခဲ့တဲ့ ကမ်မီလာရဲ့ သူငယ်ချင်းတစ်ဦးက အန်ဂျလီနာဂျိုလီဟာ စာသင်ကြားပေးဖို့ စိတ်အားထက်သန်နေခဲ့ပေမယ့်လည်း အနည်းငယ်တော့ ရှက်ကိုးရှက်ကန်းဖြစ်နေတာကိုတွေ့ရကြောင်း ပြန်လည်ပြောပြခဲ့တယ်လို့ သိရပါတယ်။

ပီးပဲလ်မဂ္ဂဇင်းကြီးရဲ့ ပြောကြားချက်အရ အန်ဂျလီနာဂျိုလီဟာ အဆိုပါတက္ကသိုလ်မှာ အမျိုးသမီးအခွင့်အရေးဆိုင်ရာတွေကို ဆွေးနွေးပို့ချသွားမှာဖြစ်ပြီး ဒုက္ခသည်စခန်းတွေမှာ နေထိုင်နေကြတဲ့ အမျိုးသမီးတွေအတွက် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေနဲ့ အခြားရာဇဝတ်မှုတွေကို အထူးအလေးပေးဆွေးနွေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

## "The Smurfs" ရုပ်ရှင်သစ် စမ်းသပ်ထုတ်လွှင့်

စမာ့ဖ်ကောင်လေးတွေ ခေါင်းဆောင်ပါဝင်ထားတဲ့ ရုပ်သံဖန်တီးမှုဇာတ်လမ်းတွဲရုပ်ရှင်သစ် "Smurfs: The Lost Village"အတွက် အစမ်းဗီဒီယိုတစ်ခုကို လတ်တလောမှာ စမ်းသပ်ထုတ်လွှင့်လိုက်ပြီ ဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

စွန့်စားခန်းရုပ်ရှင် အမျိုးအစားဖြစ်တဲ့ အဆိုပါရုပ်ရှင်သစ်မှာတော့ ပျောက်ဆုံးနေတဲ့ ရွာကိုရှာရင်းက ထူးဆန်းတဲ့သတ္တဝါတွေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို ရှုစားကြရမှာဖြစ်ပြီး အစမ်းထုတ်လွှင့်ခဲ့တဲ့ ဗီဒီယိုမှာ ဇာတ်ကောင်သစ်တစ်ဦးဖြစ်တဲ့ စမာ့ဖ်ဝစ်လိုးလည်း ပါဝင်နေတာတွေ့မြင်ခဲ့ရပါတယ်။ စမတ်ဖ်ဝစ်လိုးဟာ အမျိုးသမီးစမာ့ဖ်ကောင်လေးတွေ အုပ်စုရဲ့ ခေါင်းဆောင်ဖြစ်ပြီး ဟောလိဝုဒ်ရဲ့ နာမည်ကျော်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ မင်းသမီး ဂျူလီယာရောဘတ်က အဆိုပါဇာတ်ကောင်အတွက် အသံဖြင့် ပါဝင်သရုပ်ဆောင်ပေးထားတာဖြစ်ကြောင်းလည်း သိရပါတယ်။



အဆိုပါရုပ်ရှင်သစ်ကို လာမယ့် ဧပြီ ၇ ရက်ကစတင်ပြီး အမေရိကန်နိုင်ငံတစ်ဝန်း ရုံတင်သွားမှာဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာ ဂျူလီယာရောဘတ်အပြင် အဓိကဇာတ်ဆောင်တွေအတွက် အသံဖြင့်ပါဝင်သရုပ်ဆောင်ထားကြတဲ့ အနုပညာရှင်တွေကတော့ ဒေမီလက်ဗားတိုး၊ မိုက်ကယ်လ်ရော့ဒရီဂွက်စ်၊ အေရီရယ်ဝင်းတား၊ ဂေါ်ဒန်ရမ်စေးနဲ့ မက်ဟန်ထရိန်နာတို့ပဲ ဖြစ်ကြပါတယ်။

## ကြေးမုံ ရုပ် ရှင် အ ညွှန်း

### ဘဝကံကြမ္မာအလှည့်အပြောင်းတွေနဲ့ အမျိုးသမီးတစ်ယောက်အကြောင်းကို ပုံဖော်ထားသည့် “မာယာစတိုင်” ဇာတ်ကားသစ် ရုံတင်




ယခုနှစ်ရဲ့ ရုပ်ရှင်ဇာတ်ကားကြီးတွေမှာ ခပ်စိပ်စိပ်တွေ့လာရတာကတော့ ရုပ်ရှင်မင်းသမီး ရွှေမှုန်ရတီပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့သီတင်းပတ်က စတင်ပြသခဲ့တဲ့ “ငါ့အကယ်ဒမီ”ဇာတ်ကားမှာလည်း ပြိုင်ဘက်မင်းသမီးတစ်ဦးကို အနိုင်မခံအရှုံးမပေးလိုတဲ့စိတ်နဲ့ ယှဉ်ပြိုင်ခဲ့တဲ့ ဆယ်ကျော်သက်မော်ဒယ်တစ်ဦးအဖြစ် ပါဝင်ခဲ့ပြီး ယခုတစ်ပတ်မှာ ရုံတင်မယ့် “မာယာစတိုင်”ဇာတ်ကားသစ်မှာလည်း အရင်နဲ့မတူ တစ်မူထူးခြားတဲ့ ဇာတ်ရုပ်နဲ့မြင်တွေ့ရဦးမှာဖြစ်ပါတယ်။

ဆယ်ကျော်သက်အရွယ် လှသွေးကြွယ်နေတဲ့ တောသူမလေး မာလာ။ မိဘတွေမရှိတော့လို့ အဒေါ်ဖြစ်သူနဲ့ အတူနေရင်း အဒေါ်ရဲ့ ယောကျ်ား အရက်သမားရဲ့ တဏှာကို အသက်လုရှောင်ရှားထွက်ပြေးခဲ့ရာက မြို့ကြီးကို ရောက်ခဲ့ပြီး လောကဇာတ်ခုံ အခက်အခဲတွေ အမျိုးမျိုးကြားကနေ တည်ငြိမ်တဲ့ဘဝကို ဘယ်လိုကူးဖြတ်မလဲဆိုတာ။ ဇာတ်အိမ်ဖွဲ့စည်းမှုနဲ့ဇာတ်ရဲ့အသွားအလာ၊ သရုပ်ဆောင်တွေရဲ့ အံဝင်ခွင်ကျတဲ့သရုပ်ဆောင်မှုတွေအပြင် ဟာသ ရသတွေကို ခံစားကြရမယ့် ဒရာမာကားကောင်းတစ်ကားလည်းဖြစ်ပါတယ်။

ဒီဇာတ်ကားမှာ အဓိကဇာတ်ကောင်ဖြစ်တဲ့ မာလာ တစ်ဖြစ်လဲ မာယာ ဆိုတဲ့မိန်းကလေးတစ်ယောက် အဖြစ်ကနေ တည်ငြိမ်တဲ့ အမျိုးသမီးတစ်ယောက်ဖြစ်လာခဲ့ကာ ကိုယ့်ကို ချစ်တဲ့သူတွေတွေ့သော်ငြားလည်း ယောကျ်ားကံခေတဲ့ မိန်းမလှလေးတစ်ယောက်ရဲ့ကြမ္မာကို ရိုးမယ်ဖွဲ့ပြီး ကံရဲ့အလှည့်အပြောင်း ဇာတ်လမ်းတစ်ခန်းနဲ့တစ်ခန်း ဆက်စပ်ထားပြီး မာလာရဲ့ဘဝကို ဦးတည်အသားပေးထားတဲ့ ဒီဇာတ်လမ်းမှာ သရုပ်ဆောင် ရွှေမှုန်ရတီက အဓိကပါဝင်သရုပ်ဆောင်ထားပါတယ်။

“မာယာစတိုင်”ဇာတ်ကားကို ဖိုးသူတော်ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ညွန့်မြန်မာညီညီအောင်နဲ့ ရာဇာနေဝင်းတို့က ပုံဖော်ခြယ်မှုန်းထားခြင်းဖြစ်ကာ အဓိကသရုပ်ဆောင်များအဖြစ် ရွှေမှုန်ရတီ၊ မြင့်မြတ်၊ ဇေရဲထက်၊ ရာဇာနေဝင်း၊ ရဲအောင်၊ ညီထွဋ်ခေါင်၊ ရွှေပိုးအိမ်နဲ့ သရုပ်ဆောင်များစွာက ပါဝင်အားဖြည့်ပေးထားပါတယ်။

မင်းသား ငါးယောက်နဲ့အပြိုင်သရုပ်ဆောင်ထားတဲ့ ရွှေမှုန်ရတီရဲ့ သရုပ်ဆောင်ချက်တွေကို မြင်တွေ့ခံစားနိုင်မယ့် မာယာစတိုင် မြန်မာရုပ်ရှင်ဇာတ်ကားသစ်ကြီးကို မတ် ၁၇ ရက်မှစတင်ကာ ရန်ကုန်မြို့မှာ သမ္မတ၊ သွင်၊ မင်္ဂလာ(သိမ်ကြီးဈေး)၊ မင်္ဂလာစံပြ(ဘုန်းကြီးလမ်း)၊ မင်္ဂလာဂမုန်းပွင့်(စံရိပ်ငြိမ်)၊ တော့ရှိုင်ရယ်(ပါရမီ)၊ ဂျန်းရှင်းစကွဲ (မော်တင်)၊ Paradiso(မှော်ဘီ)၊ မန္တလေးမြို့မှာတော့ ဝင်းလိုက်၊ မြို့မ၊ မန်းနေပြည်တော်၊ JCGV၊ နေပြည်တော်တွင် အောင်သပြေ၊ ဇေယျာသီရိ၊ ပြည်မြို့တွင် မင်္ဂလာထွန်းသီရိ၊ တောင်ငူမြို့တွင် နယူးသရီးဒီ၊ ပဲခူးမြို့ရှိ မင်္ဂလာရုပ်ရှင်ရုံ၊ မကွေး၊ မော်လမြိုင်၊ တောင်ကြီး၊ ပြင်ဦးလွင်၊ လားရှိုး၊ ဗန်းမော်၊ ရေနံချောင်း၊ မြဝတီ၊ ဘားအံ၊ ပုသိမ်၊ မြိတ်နှင့် ထားဝယ်မြို့ရှိ အဆင့်မြင့်ရုပ်ရှင်ရုံတွေမှာ တစ်ပြိုင်နက်တည်းပြသသွားမှာဖြစ်ပါတယ်။

ဖြိုးစန္ဒာမြင့်

## ဟသ်ာတမြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည်ကျင်းပ

**ဇလွန် မတ် ၁၆**
ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးကိုမတ် ၁၅ ရက် နံနက်ပိုင်းက ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးစိန်ဝင်း(ပန်းမြိုင်လယ်စိန်ဝင်း)က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်ခင်စောဝင်း (ဆရာမ ခင်ရှင်စော)က နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားပြီး ဘဏ္ဍာရေးမှူး ဦးကြည်အေး(ပျဉ်းမကုန်းကိုကြေး)က ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားတင်ပြကာ ဖိတ်ခေါ်စာပေပြိုင်ပွဲတွင် အသင်း၏ ဂုဏ်ဆောင်ဆုရ စာရေးဆရာများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် လက်ဆောင် ပစ္စည်းများပေးအပ်ခဲ့သည်။

ယင်းအခမ်းအနားသို့ ဟသ်ာတမြို့ ဌာနဆိုင်ရာများ၊ စာရေးဆရာအသင်းဝင်များ၊ စာပေဝါသနာရှင်များ အင်အား ၁၀၀ ကျော် တက်ရောက်ကြသည်။ **ငွေသန်း (ပြန်/ဆက်)**

# ကျောက်မျက်ရတနာများရောင်းချပွဲကျင်းပရန်ပြင်ဆင်
# နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များသာ တက်ရောက်ဝယ်ယူခွင့်ပြု

**မန္တလေး မတ် ၁၆**
နိုင်ငံသား ကျောက်မျက်ရတနာ အချောထည်လုပ်ငန်းရှင်များ ကုန်ကြမ်းပြတ်လပ်မှုမရှိစေရေး၊ အချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပိုမိုဖန်တီးပေးနိုင်ရေး၊ ပြည်ပသို့ တရားမဝင်ရောင်းချမှုများ တားဆီးနိုင်ရေးနှင့် တူးဖော်ရေးလုပ်ငန်းရှင်များ ငွေကြေးလည်ပတ်မှုကို အထောက်အကူဖြစ်စေနိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်း အသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၁၉ ရက်မှ ၂၄ ရက်အထိ ခင်းကျင်းပြသရောင်းချရန် ပြင်ဆင်လျက်ရှိသည်။

ကျောက်မျက်ရတနာ သယံဇာတများကို တူးဖော်ထုတ်လုပ်သူများအနေဖြင့် တူးဖော်ထုတ်လုပ်မှုမှရရှိသည့် စီးပွားရေး အကျိုးစီးပွားထက် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေခြင်းကို ပိုမိုဦးစားပေး ထုတ်လုပ်ရန်၊ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်မှုကြောင့် လူမှုဘဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများ မရှိစေရေးစသည့် အခြေခံမူများဖြင့်တူးဖော်ထုတ်လုပ်ရန် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်။

ကျောက်မျက်ရတနာများ ရောင်းချရာတွင်လည်း အရိုင်းအတိုင်းရောင်းချခြင်းအစား နည်းပညာများအသုံးပြုလုပ်ဆောင်ထားသည့် ကျောက်မျက်ရတနာ အချောထည်များကို ရောင်းချနိုင်ရန်ဦးစားပေးလုပ်ဆောင်ရေး၊ ကျောက်မျက်ရတနာ အချောထည်လုပ်ငန်းများ ပြည်တွင်းတွင် ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်တွင်းတွင် ကျောက်မျက်ရတနာ အချောထည် ဈေးကွက်တိုးတက်လာစေရေး၊ ကျောက်မျက်ရတနာအချောထည်များ အရည်အသွေးမြှင့်တင်ပြီး ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရေး လုပ်ဆောင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ပြပွဲသို့ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များသာ တက်ရောက်ဝယ်ယူခွင့် ပြုသွားမည်ဖြစ်ပြီး မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**



# မလှိုင်မြို့နယ်အတွင်းဆောင်ရွက်နေသော ရေကျော်၊ ရေထုတ်ပြွန်နှင့်လမ်းများ
# အရည်အသွေးပြည့်မီမှု ရှိ၊ မရှိစစ်ဆေး



**မလှိုင် မတ် ၁၆**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရေပြွန်၊ ရေကျော်လုပ်ငန်းများ၊ လမ်းများအရည်အသွေးပြည့်မီခြင်း ရှိ မရှိ ကို မတ် ၁၂ ရက်က မြို့နယ်ဒေသဖွံ့ဖြိုးရေး တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေးရေးကော်မတီအဖွဲ့နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်ဖွဲ့စည်းထားသော အရည်အသွေးစစ်ဆေးရေးကော်မတီအဖွဲ့ဝင်များသည် ကုမ္ပဏီ တာဝန်ခံများနှင့်အတူ မလှိုင်-ပင်းတလဲ လမ်းပေါ်တွင် ဆောင်ရွက်နေသော အရှည် ပေ ၁၀၀၊ အကျယ်ပေ ၂၀ ရှိ ရေကျော်တံတားကို သတ်မှတ်ထားသည့်အရည်အသွေးပြည့်မီခြင်း ရှိ၊ မရှိ သွားရောက်စစ်ဆေးခဲ့ပြီး ရေကျော်မှာ တိုင်းဒေသကြီးအစိုးရခွင့်ပြုငွေကျပ်သိန်း ၂၀၀ ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့နောက် အရည်အသွေးစစ်ဆေးရေးကော်မတီ အဖွဲ့ဝင်များသည် ပန်းအိုင်-ကသစ်ပင် ဂျင်းလမ်း၊ ရုံးပင်စောက်ကျေးရွာ အဝင်လမ်းများကိုလည်း သတ်မှတ်စံချိန်၊ စံညွှန်းနှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးခဲ့သည်။

အဆိုပါ လုပ်ငန်းများမှာ Mandalay Crown Co., Ltd မှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံ အပ်ချုပ်သင်တန်း ဖားဆောင်းမြို့၌ဖွင့်

**ဖားဆောင်း မတ် ၁၆**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်သင်တန်းဖွင့်ပွဲကို မတ် ၁၅ ရက် နံနက် ၉ နာရီက ဖားဆောင်းမြို့နယ် ဝမ်အောင်း (ကယား)ကျေးရွာရှိ ဓမ္မာရုံ၌ကျင်းပရာ ဝမ်အောင်း (ကယား)ကျေးရွာအနီးတစ်ဝိုက်မှ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းနည်းပြ နှစ်ဦးဖြင့် ၂၇ ရက်ကြာ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်တာဝန်ခံအင်ဂျင်နီယာ ဦးစောဇံနှင့် ရပ်မိရပ်ဖ ဦးစိုင်းသန်းရွှေတို့က အဖွင့်အမှာစကားပြောကြားပြီး ဖားဆောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဌေးလှိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသင်တန်းဖွင့်ပွဲသို့ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်တာဝန်ခံအင်ဂျင်နီယာ ဦးစောဇံနှင့် ရပ်မိရပ်ဖ ဦးစိုင်းသန်းရွှေ၊ ဖားဆောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဌေးလှိုင်နှင့် သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

## ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ပြီးစီးခဲ့သောကျေးလက်လမ်းတံတားလုပ်ငန်းများလွှဲပြောင်းပေးအပ်

**ညောင်ဦး မတ် ၁၆**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဌာနခွင့်ပြုရန်ပုံငွေများဖြင့် ကျေးလက်နေပြည်သူများလမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် ကျေးလက်လမ်းတံတားလုပ်ငန်းများကိုတင်ဒါစနစ်ဖြင့် လင်းလက်ပြည့်စုံအောင်ကုမ္ပဏီအား လုပ်ငန်းလုပ်ကိုင်ခွင့်ပြုကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီး မတ် ၁၄ ရက် နံနက် ၁၀ နာရီကညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ကျေးလက်လမ်းတံတားလုပ်ငန်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက အဖွင့်အမှာစကား ပြောကြားခဲ့ကြပြီး၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသူဇာလှက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဌာန၏ ခွင့်ပြုရန်ပုံငွေများဖြင့် ညောင်ဦးမြို့နယ်အတွင်း ဆောင်ရွက်ပေးခဲ့သည့် ကျေးလက်လမ်းတံတားလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် လင်းလက်ပြည့်စုံအောင်ကုမ္ပဏီမှဥက္ကဋ္ဌ ဦးထွန်းလင်းက မြို့နယ်ဦးစီးမှူး ဒေါ်အေးသူဇာလှထံ ကျေးလက် လမ်းတံတားလုပ်ငန်းဆောင်ရွက်ပြီးစီးမှုဆိုင်ရာ အချက်အလက်များအား လွှဲပြောင်းပေးအပ်ခဲ့သည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်အေးသူဇာလှက လွှဲပြောင်းလက်ခံရယူခဲ့သည့် ကျေးလက်လမ်းတံတားလုပ်ငန်းများအလိုက် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လုပ်ငန်းကော်မတီဝင်များထံ ထပ်ဆင့်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် ဌာနခွင့်ပြုရန်ပုံငွေများဖြင့် ညောင်ဦးမြို့နယ်အတွင်း လင်းလက်ပြည့်စုံအောင်ကုမ္ပဏီမှ တင်ဒါစနစ်ဖြင့် ဆောင်ရွက်လုပ်ကိုင်ခွင့်ရရှိခဲ့သည့် လုပ်ငန်းအမျိုးအစားများမှာ ကျေးလက်လမ်းငါးခုနှင့် ရေကျော်ခြောက်စင်း စုစုပေါင်း ၁၁ မျိုးဆောင်ရွက်လုပ်ကိုင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော

**ကျောက်ဆည် မတ် ၁၆**
နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လျှပ်စစ်သုံးစွဲမှုများကို မြို့နေလူထုသာမက ကျေးလက်နေပြည်သူများပါ သုံးစွဲလာခဲ့ရာ လျှပ်စစ်သုံးစွဲခြင်းကြောင့် အန္တရာယ်မဖြစ်စေရေး မန္တလေးလျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်း၊ ကျောက်ဆည်မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးဝင်းနောင်လင်းနှင့် တာဝန်ခံအဖွဲ့များသည် မတ် ၁၅ ရက် နံနက်ပိုင်းက တောင်တော်ကျေးရွာနှင့် ကျောက်ဖျာကျေးရွာများသို့ ကွင်းဆင်းပြီး အသိပညာပေးလုပ်ငန်းများ ဆွေးနွေးခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ အသိပညာပေးဆွေးနွေးရာတွင် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဝင်းနောင်လင်းက ကျေးလက်ပြည်သူများအနေဖြင့် မည်သူမဆို လျှပ်စစ်သွယ်တန်းထားသော ဓာတ်အားလိုင်းကြိုးများပြတ်ကျခြင်း၊ လျော့ကျခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်၊ သစ်ကိုင်းများ လဲကျ၊ ကျိုးကျခြင်းများ တွေ့ရှိပါက မိမိတို့ရုံးနှင့် အခြားသက်ဆိုင်ရာအရေးကြီး ဖုန်းနံပါတ်များသို့ ချက်ချင်းအကြောင်းကြားပေးစေလိုကြောင်းနှင့် လျှပ်စစ်သုံးစွဲရာတွင် ပေါ့ဆစွာမသုံးစွဲကြစေရန် အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ ကျောက်ဆည်မြို့နယ်တွင် ကျေးရွာပေါင်း ၂၁၃ ရွာရှိပြီး ယနေ့အချိန်ထိ လျှပ်စစ်ဓာတ်အားစနစ်ဖြင့် မီးလင်းသည့် ကျေးရွာပေါင်း ၁၂၃ ရွာရှိကြောင်း သိရသည်။ **သက်မောင်**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူမောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ဥပဒေစကားရပ်များ၏အဓိပ္ပာယ်သဘောကောက်ယူရာဝယ်

မောင်စာဂ

'ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ အဓိပ္ပာယ်သဘောကောက်ယူရာဝယ်' ဆောင်းပါးကို ရေးသားပြီးခဲ့ပါပြီ။ (၂၇-၁-၂၀၁၇ ကြေးမုံသတင်းစာ၊ စာ ၁၈)။ ဥပဒေစကားရပ်များ၏ အဓိပ္ပာယ် သဘောကောက်ယူပုံ ကောက်ယူနည်းကိုလည်း သိရှိကြရန်လိုအပ်ပါမည်။ မည်သို့မည်သို့ ကောက်ယူရမည်ကို လေ့လာထားမိသမျှ ဥပဒေပြဋ္ဌာန်းချက်နှင့် စီရင်ထုံးပါလမ်းညွှန်ဆုံးဖြတ်ချက် အနှစ်ချုပ်တို့ကို ဖော်ပြပါရစေ။

## ဥပဒေကိုမည်သို့ဖတ်ရှုမည်နည်း

ရှေးဦးစွာဥပဒေတစ်ရပ်ကို မည်သို့ဖတ်ရမည်နည်း။ သိရှိထားရန်လိုပါမည်။ ' ဥပဒေတစ်ရပ်ကို ဖတ်ရှုသောအခါ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟကင်းပါစေ။ မိမိလိုရာကိုဆွဲပြီး မဖတ်ပါနှင့်။ အဆင့်မြင့်မြင့်တွေးပြီးမဖတ်ပါနှင့်။ ဆန်းဆန်းပြားပြားမတွေးပါနှင့်။ ကြီးကြီးကျယ်ကျယ်မစဉ်းစားပါနှင့်။ ရိုးရိုးစင်းစင်းစဉ်းစားပါ။ ရိုးရိုးရှင်းရှင်းတွေးပါ။ "Law is nothing but Common Sense" ဟူ၍ ဆိုရိုးစကားရှိသည်။ ဥပဒေဟူသည် တကယ်တော့ဘာမှမဟုတ်ပါ။ "Common Sense" နှင့် တွေးခေါ်ဖတ်ရှုဖို့သာလိုသည်။ စိတ်ကူးစိတ်သန်းကောင်းကောင်းနှင့် ကြံဆဖို့သာလိုသည်။ အတွေးခေါင်နေလျှင်၊ ကြီးကြီးကျယ်ကျယ်တွေးနေလျှင် မှန်ကန်သောသဘောအဓိပ္ပာယ်မကောက်ယူနိုင်ဖြစ်တတ်သည်။ (၁၇-၂-၂၀၁၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ 'ဥပဒေတစ်ခုဖတ်ရှုသောခါ' ဆောင်းပါးမှ ကောက်နုတ်ချက်ဖြစ်သည်။)

## ပြုလုပ်ရမည်ဟူသော ပြဋ္ဌာန်းချက်နှင့် မပြုလုပ်ရဟူသော တားမြစ်ချက်

ဥပဒေတိုင်းတွင် ပြုလုပ်ရမည်ဟူသော ပြဋ္ဌာန်းချက်နှင့်မပြုလုပ်ရဟူသော တားမြစ်ချက် (Do and Don't) ဟူ၍ နှစ်မျိုးပါရှိတတ်စမြဲဖြစ်သည်။

ပြုလုပ်ရမည်ဟူသော ပြဋ္ဌာန်းချက်ဖြစ်လျှင် ပြဋ္ဌာန်းချက်တွင်ပါရှိသော အချက်အလက်များ အတိုင်းသာ ဆောင်ရွက်ပြုလုပ်ရမည်ဖြစ်သည်။ ပြဋ္ဌာန်းချက်တွင် မပါသောအချက်များကို ပြုလုပ်ဆောင်ရွက်ပိုင်ခွင့်မရှိပါ။ ဆောင်ရွက်လျှင် ဥပဒေကိုကျော်လွန်ရာရောက်သည်။

မပြုလုပ်ရဟူသော တားမြစ်ချက်ဖြစ်လျှင် ပြဋ္ဌာန်းချက်ပါတားမြစ်ချက်များကိုသာ မပြုလုပ်ရန်ဖြစ်သည်။ တားမြစ်ထားချက်တွင် မပါသောအချက်များကို ပြုလုပ်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

စီရင်ထုံးများတွင် ဖော်ပြထားသော လမ်းညွှန်ဆုံးဖြတ်ချက်များနှင့် ဥပဒေပါပြဋ္ဌာန်းချက်များကို ကိုးကား၍ ဖော်ပြပါဦးမည်။

## စီရင်ထုံးများပါ လမ်းညွှန်ဆုံးဖြတ်ချက်များ

- ဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းရာတွင် နောင်အခါများ၌ ပေါ်ပေါက်လာနိုင်သည့်ပြဿနာရပ်ဟူသမျှကို ခြုံငုံမိအောင် ရေးဆွဲပြဋ္ဌာန်းနိုင်သည်မဟုတ်။ မမျှော်လင့်ခဲ့သော ပြဿနာဖြစ်ရပ်များ ပေါ်ပေါက်လာသောအခါ ဥပဒေ၏ရည်ရွယ်ချက်အနှစ်သာရတို့နှင့် ပေါ်ပေါက်ပြဿနာများကို အနီးဆုံးကိုက်ညီအောင် စပ်ဟပ်ညှိနှိုင်း၍ အဓိပ္ပာယ်ကောက်ယူပေးရန် တာဝန်သည် တရားရုံးချုပ်အပေါ်၌ ကျရောက်သည်။ ထိုသို့စပ်ဟပ်ခြင်း မပြုနိုင်လောက်အောင်ရှိနေလျှင်မူ ဥပဒေကို လိုအပ်သလို ပြင်ဆင်ပေးရေး ထောက်ခံရန်သာရှိသည်။ (၁၉၆၅ ခုနှစ်၊ မတစ၊ ၉၇၇)
- တရားရုံးများသည် တည်ဆဲဥပဒေကို လက်တွေ့အခြေအနေနှင့် ဆက်စပ်၍ ကျင့်သုံးရာတွင် မျှတချောမွေ့စေအောင် ဆောင်ရွက်ရသည်မှန်၏။ သို့ရာတွင် ဥပဒေက အထင်အရှားပြဋ္ဌာန်းထားသည်ကို ကျော်လွန်၍ကားမရ။ ကျော်လွန်လျှင် ဥပဒေပြုအာဏာကို လွန်ရာရောက်သည်။ အထင်အရှားရှိသော ပြဋ္ဌာန်းချက်တစ်ရပ်သည် လက်တွေ့အခြေအနေများနှင့် ကင်းလွတ်၍နေသည်ကို တွေ့လျှင် အစိုးရကသုံးသပ်၍ လိုအပ်သောဥပဒေပြင်ဆင်ခြင်းကို ပြုလုပ်နိုင်ရန် ဥပဒေပြုအဖွဲ့သို့ တင်ပြရန်သာရှိသည်။ (၁၉၇၀ ခုနှစ်၊ မတစ၊ ၁၃၄)
- တရားရုံးသည် ဥပဒေကို ရှင်းလင်းထင်ရှားသလို ကျင့်သုံးရသည်။ ရှင်းလင်းထင်ရှားသော ဥပဒေစကားရပ်ကို တရားရုံးကအဓိပ္ပာယ်ဖွင့်ဆိုရန်၊ ဋီကာချဲ့ရန်မလို။ အဓိပ္ပာယ်ဖွင့်သလိုနှင့် ဥပဒေကို ချဲ့ခြင်း၊ ချုံ့ခြင်း၊ ထွင်ခြင်း ပြုမိတတ်သည်ကို ဆင်ခြင်ရမည်။ ယင်းသို့ ပြုရန်လိုလျှင် ဥပဒေပြုအာဏာပိုင်အဖွဲ့ကသာ လုပ်ပိုင်ခွင့်ရှိသည်ဟုလည်း မကြာခဏသတိပေးခဲ့ဖူးပြီ။
  တရားရုံးသည် ဥပဒေကမိမိအား အပ်နှင်းထားသော အာဏာကိုသာသုံးစွဲနိုင်သည်။ အာဏာကို ဖန်တီးပြုလုပ်ယူ၍မရ၊ စီရင်ပိုင်ခွင့်အာဏာကို မကျော်လွန်စေရဟူ၍ လိုအပ်သလို ညွှန်ပြခဲ့ဖူးပြီ။ (၁၉၇၁ ခုနှစ်၊ မတစ၊ ၉၂။ ၁၉၄၉ ခုနှစ်၊ မတစ၊ ၁၆၀ နှင့် ၁၉၆၉ ခုနှစ်၊ မတစ၊ ၂၀၅)
- ပြဋ္ဌာန်းထားသော စကားရပ်များ၏ အဓိပ္ပာယ်ကို ကောက်ယူရာတွင် ဦးစွာပထမ စကားရပ်များ၏ 'ရိုးရိုးသဘော အဓိပ္ပာယ်ကို လက်မလွှတ်ဘဲ ကောက်ယူရမည်' ဟူသော စည်းမျဉ်းဥပဒေသနှင့်အညီ မျက်မြင်အားဖြင့် အာဏတ္တိကဖြစ်သော အမိန့်များကို ခိုင်မာသော အကြောင်းမရှိဘဲနှင့် ညွှန်ကြားချက်များမျှသာဖြစ်သည်ဟု အဓိပ္ပာယ်မကောက်ယူရ။
  အာဏတ္တိက (mandatory) အမိန့်များဆိုသည်မှာ ၎င်းတို့အတိုင်းမလိုက်နာဘဲ ပြုလုပ်လျှင် ပြုလုပ်သောအမှုကိစ္စ မတည်မြဲဘဲပျက်ပြယ်စေရမည့် အမိန့်များဖြစ်သည်။
  ညွှန်ကြားချက် (Directory) များဆိုသည်မှာ ၎င်းတို့အတိုင်း အတိအကျမလိုက်နာခဲ့သော်လည်း အဓိကအချက်များတွင် (substantially) လိုက်နာခဲ့လျှင် ပြုလုပ်ခဲ့သော အမှုကိစ္စ မပျက်ပြယ်ဘဲ တည်နိုင်သော အမိန့်များဖြစ်သည်။ (၁၉၅၉ ခုနှစ်၊ မတစ၊ ၁၆၈)
- အက်ဥပဒေ သို့မဟုတ် ဥပဒေသဘောသက်ရောက်သည့် အမိန့်ကြော်ငြာချက်တစ်ခုခုကို အဓိပ္ပာယ်ကောက်ယူရာတွင် ထိုဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာချက်တွင်ရှိသော စကားရပ်တစ်ခုတည်းကိုသာ ထီးထီးဖတ်ရှုကာ အဓိပ္ပာယ်ကောက်ယူခြင်းမပြုရပါ။ ကျန်စကားရပ်များနှင့် ဆက်စပ်ပြီး ဖတ်ရှုမှသာ အဓိပ္ပာယ်ပြည့်စုံမည်ဖြစ်သည်။ (၁၉၆၇ ခုနှစ်၊ မတစ၊ ၆၀၈)

ဥပဒေတစ်ရပ်၏စကားရပ်များကို အဓိပ္ပာယ်ကောက်ယူရာ၌ အကြောင်းအရာတစ်ရပ်တည်းကိုသာမက လိုအပ်လျှင် အလားတူအကြောင်းအရာနှင့်ဆိုင်သော ယခင်ကပြဋ္ဌာန်းခဲ့သည့်ဥပဒေဟောင်းများ၊ ယင်းဥပဒေနှင့်စပ်လျဉ်းသော စီရင်ထုံးများကိုလည်း စိစစ်လေ့လာသင့်သည်။ (၁၉၅၂ ခုနှစ်၊ မတစ၊ ၁၆၂)

ဥပဒေစကားရပ်များကို အဓိပ္ပာယ်ကောက်ယူရာ၌ အရှိအတိုင်း၊ သဘာဝကျသော အဓိပ္ပာယ်ဆောင်စေပြီး ကောက်ယူရန် တရားရုံး၏တာဝန်ဖြစ်သည်။ (၁၉၄၈ ခုနှစ်၊ မတစ၊ ၁၉၉)

ဥပဒေတစ်ရပ်၏ စကားရပ်များ အဓိပ္ပာယ်ကောက်ယူရာ၌ တင်းတင်းကြပ်ကြပ် မဖြစ်ရပါ။ လွဲမှားသော အဓိပ္ပာယ် ကောက်ယူခြင်းမျိုးမဖြစ်ရပါ။ ဆွဲဆန့်ခြင်းလည်း မပြုရပါ။ (၁၉၅၁ ခုနှစ်၊ မတစ၊ ၁၆၉)

ဥပဒေပါစကားရပ်မှာ အဓိပ္ပာယ်နှစ်မျိုး သို့မဟုတ် အဓိပ္ပာယ်နှစ်ခု ကောက်ယူနိုင်သည့် အခြေအနေမျိုးရှိခဲ့သော် တရားမျှမျှတတဖြစ်အောင် ကောက်ယူပါ။ ပြေပြေပြစ်ပြစ်၊ ချောချောမွေ့မွေ့၊ အကျိုးသင့်အကြောင်းသင့် အလုပ်ဖြစ်စေသော ဥပဒေစံများနှင့် ညီညီညွတ်ညွတ်ဖြစ်စေသည့် အဓိပ္ပာယ်မျိုးကောက်ယူပါ။ (၁၉၅၀ ခုနှစ်၊ မတစ၊ ၂၈၈။ ၁၉၇၉ ခုနှစ်၊ မတစ၊ ၁၇၀ နှင့် ၁၉၄၆ ခုနှစ်၊ ရန်ကုန်၊ ၆၄)

## ဥပဒေပါပြဋ္ဌာန်းချက်များ

၁၉၇၃ ခုနှစ် စကားရပ်များ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကိုးကားဖော်ပြပါမည်။

ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်တွင် ပါဝင်သော စကားရပ်များသည် သာမန်နေ့စဉ်သုံး အနက်အဓိပ္ပာယ်ကို ဆောင်စေရမည်။ သို့ရာတွင် ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်နှင့်အညီ သီးခြား အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် လိုအပ်သောစကားရပ်သည် ယင်းသီးခြားအနက်အဓိပ္ပာယ်ကို ဆောင်စေရမည်။ [ပုဒ်မ ၃(က)]

ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်၏ အနက်အဓိပ္ပာယ်ကို ယင်းဥပဒေကိုပြုသည့် ဥပဒေပြုအဖွဲ့ သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်း၏ ရည်ရွယ်ချက်နှင့်ကိုက်ညီအောင် ဖွင့်ရပါမည်။ [ပုဒ်မ ၃(ခ)]

ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာ၌ ယင်းဥပဒေမပြဋ္ဌာန်းမီက ရှိရင်းစွဲဖြစ်သော သက်ဆိုင်ရာဥပဒေများအရ ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ ယင်းအခြေအနေကို မည်သည့်အကြောင်းကြောင့် မည်သို့မည်ပုံ ပြင်ဆင်ရန်လိုကြောင်းကိုလည်းကောင်း ထည့်သွင်းစဉ်းစားနိုင်သည်။ [ပုဒ်မ ၃(ဂ)]

ဥပဒေတစ်ရပ်ရပ်၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌ ယင်းဥပဒေကို မပြဋ္ဌာန်းမီက ဥပဒေရေးဆွဲရေးကော်မရှင် သို့မဟုတ် ဥပဒေပြုအာဏာပိုင်အဖွဲ့အစည်းတွင် ဆွေးနွေးခဲ့သည့် အချက်မှတ်တမ်းများကိုလည်းကောင်း၊ ရေးဆွဲခဲ့သည့် ဥပဒေမူကြမ်းများကိုလည်းကောင်း၊ ဥပဒေပြုရခြင်း၏ ကျိုးကြောင်းဖော်ပြချက်ကိုလည်းကောင်း ထည့်သွင်းစဉ်းစားနိုင်သည်။ [ပုဒ်မ ၄]

ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အခြားဥပဒေတစ်ရပ်ရပ်ဖြင့် ရုပ်သိမ်းပြီးနောက် ရုပ်သိမ်းခြင်းခံရသော ဥပဒေပြဋ္ဌာန်းချက်ကို အစားထိုးသည့်အနေဖြင့် ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းသည့်အခါ မည်သည့်ဥပဒေ သို့မဟုတ် စာချုပ်စာတမ်းတွင်မဆို ရုပ်သိမ်းခြင်းခံရသော မူလဥပဒေပြဋ္ဌာန်းချက်ကို ရည်ညွှန်းခြင်းသည် အဆိုပါဥပဒေအသစ်ကို ရည်ညွှန်းခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူရမည်။ [ပုဒ်မ ၁၆]

## သတိမူရမည့်အချက်များ

အထူးဥပဒေတစ်ရပ်ရပ်တွင်ပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်သည် ယေဘုယျဥပဒေတစ်ရပ်ရပ်တွင်ပါရှိသော သက်ဆိုင်ရာပြဋ္ဌာန်းချက်ကို လွှမ်းမိုးသည်။ ဥပဒေတစ်ရပ်ရပ်တွင်ပါရှိသော အထူးပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ယင်းဥပဒေတွင်ပါရှိသော ယေဘုယျပြဋ္ဌာန်းချက်လွှမ်းမိုးသည်။ [ပုဒ်မ ၃(ဃ)]

ဥပဒေတစ်ရပ်ရပ်တွင် နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှုရှိစေရမည်ဟု အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ယင်းဥပဒေသည် နောက်ကြောင်းပြန် အာဏာသက်ရောက်မှု မရှိပါ။ သို့ရာတွင် မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမှ နောက်ကြောင်းပြန်၍ အာဏာသက်ရာက်မှု မရှိစေရပါ။ [ပုဒ်မ ၃(င)]

လုပ်ထုံးလုပ်နည်းနှင့်သက်ဆိုင်သော ဥပဒေ တစ်နည်းတစ်ဖုံ ဖော်ပြထားခြင်းမရှိလျှင် ယင်းဥပဒေသည် နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှုရှိနေရမည်။ [ပုဒ်မ ၃(စ)]

ရှေးဦးကျသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် နောက်ကျသော ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်တို့ ကွဲလွဲဆန့်ကျင်နေပါက နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်သည် အတည်ဖြစ်စေရမည်။ [ပုဒ်မ ၃(ဆ)]

## မှတ်ယူရမည့်အချက်များ

ဥပဒေတစ်ရပ်ရပ်တွင် အခြားနည်းဖော်ပြထားခြင်းမရှိလျှင် ယောကျ်ားကိုရည်ညွှန်းသော စကားရပ်သည် မိန်းမနှင့်လည်း သက်ဆိုင်သည်ဟု မှတ်ယူရမည်။ ဧကဝုစ်အဓိပ္ပာယ်ရှိသည့် စကားရပ်သည် ဗဟုဝုစ်အဓိပ္ပာယ်ရှိသည့်စကားရပ်နှင့်လည်း သက်ဆိုင်သည်။ ဗဟုဝုစ်အဓိပ္ပာယ်ရှိသည့်စကားရပ်သည် ဧကဝုစ်အဓိပ္ပာယ်ရှိသည့်စကားရပ်နှင့်လည်း သက်ဆိုင်သည်ဟု မှတ်ယူရမည်။ (ပုဒ်မ ၆)

ဥပဒေတစ်ရပ်ရပ်တွင် ကာလအပိုင်းအခြားနှင့်စပ်လျဉ်း၍ 'မှ' သို့မဟုတ် 'မှစ၍' ဟူသော စကားရပ်ကို သုံးနှုန်းထားလျှင် ဖော်ပြသည့်ရက် သို့မဟုတ် ဖော်ပြသည့်ကာလအပိုင်းအခြား ပါဝင်သည်ဟု မှတ်ယူရမည်။ 'အထိ' ဟူသောစကားရပ်ကို သုံးနှုန်းထားလျှင် ဖော်ပြသည့်ရက် သို့မဟုတ် ဖော်ပြသည့်ကာလ အပိုင်းအခြား ပါဝင်သည်ဟုမှတ်ယူရမည်။ (ပုဒ်မ ၇)

တစ်ဦးတစ်ယောက်သောသူ၏အသက်ကို တွက်ချက်ရာတွင် ယင်းကိုမည်သည့်အချိန်၌ပင် မွေးသည်ဖြစ်စေ၊ မွေးနေ့ကိုတစ်နေ့ဟု သတ်မှတ်ကာ ထည့်သွင်းရေတွက်ရမည်။ မွေးနေ့၏ တစ်နှစ်ပတ်လည်သောနေ့ကို ဝင်သည်နှင့်တစ်ပြိုင်နက် အသက်တစ်နှစ်ပြည့်သည်ဟု မှတ်ယူရမည်။ (ပုဒ်မ ၈)

မှုခင်းကိစ္စတစ်ခုခုကို ရုံးတစ်ခုခု၌ နေ့တစ်နေ့တွင် ပြုလုပ်ဆောင်ရွက်ရန် ဥပဒေတစ်ရပ်ရပ်က ပြဋ္ဌာန်းထားရာ၌ အဆိုပါနေ့သည် ရုံးပိတ်ရက်ဖြစ်နေလျှင် ထိုမှုခင်းကိစ္စကို ရုံးပြန်လည်ဖွင့်လှစ်သည့်နေ့တွင် ပြုလုပ်ဆောင်ရွက်သော် ယင်းမှုခင်းကိစ္စကို သတ်မှတ်ထားသော အချိန်အတွင်း ပြုလုပ်သည်၊ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။ (ပုဒ်မ ၉)

## အဓိပ္ပာယ်ကောက်ယူမှု မှန်ကန်မှ ဆောင်ရွက်ချက်မှန်ကန်မည်

ဥပဒေတစ်ရပ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ယင်းဥပဒေပါ စကားရပ်များ၏ အဓိပ္ပာယ်သဘောကို မှန်မှန်ကန်ကန်ကောက်ယူနိုင်မှသာလျှင်ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်များသည် မှန်ကန်မည်၊ ဥပဒေနှင့်ညီညွတ်ပါမည်။ အဓိပ္ပာယ်သဘောကောက်ယူမှု လွဲမှားခဲ့လျှင် ဆောင်ရွက်ချက်များသည်လည်း မှန်ကန်မှုမဖြစ်နိုင်။ သို့ဖြစ်လျှင် ဥပဒေစကားရပ်များ၏ အဓိပ္ပာယ်သဘောကောက်ယူရာတွင် အစဉ်မှန်ကန်ဖို့လိုအပ်သည်။ ယခုဖော်ပြချက်များသည် ဥပဒေစကားရပ်များ၏ အဓိပ္ပာယ်သဘောကောက်ယူရာ၌ မှန်ကန်စေရေး 'အား' တစ်ရပ်ဖြစ်စေလိမ့်မည်ဟု ယုံကြည်သည်။

ထို့ပြင် ယခင်ကရေးသားခဲ့သော 'ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ အဓိပ္ပာယ်သဘော ကောက်ယူရာဝယ်' ဆောင်းပါးနှင့် 'ဥပဒေတစ်ခုဖတ်ရှုသောခါ' ဆောင်းပါးများကို ဤဆောင်းပါးနှင့်အတူ ပေါင်းစပ်၍ ဖတ်ရှုလေ့လာသင့်ပါသည်။ ဤသည်တို့ကို အခြေခံစံများအဖြစ်ထားရှိကာ အဓိပ္ပာယ်ကောက်ယူမည်ဆိုပါက ဥပဒေစကားရပ်များ၏ အဓိပ္ပာယ်သဘောကို ကောက်ယူရာတွင် မှန်ကန်တော်တည့်အကျိုးရှိစွာ ကောက်ယူသွားနိုင်မည်ဖြစ်ကြောင်း အကြံပြုပါရစေ။

ဥပဒေပါစကားရပ်များ၏ အဓိပ္ပာယ်သဘော မှန်ကန်စွာကောက်ယူနိုင်ကြပါစေ။

ဥပဒေကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မှန်ကန်၍ဥပဒေနှင့်အညီ ဖြစ်ကြပါစေ။ ။

**IKBZ Insurance**

## အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံ

ပြည်သူများ၏ အသက်၊ အိုးအိမ်စည်းစိမ်နှင့် အနာဂတ်ဘဝ အာမခံချက်ရှိစေရန်

**IKBZ Insurance** (အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံ) ၏

# ကမ္ဘာအေးရုံးခွဲ

ကို ၁၅.၃.၂၀၁၇ (ဗုဒ္ဓဟူးနေ့) တွင် ရန်ကုန်မြို့၌
စတင်ဖွင့်လှစ်ပြီ ဖြစ်ပါကြောင်း နှင့်
အာမခံလုပ်ငန်းဝန်ဆောင်မှုများကို နေ့စဉ်ဆက်သွယ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း
မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

### IKBZ Insurance ကမ္ဘာအေးရုံးခွဲ ဖွင့်ပွဲအထူးအစီအစဉ်

ဖွင့်ပွဲနေ့မှ ၁၀ ရက်အတွင်း အာမခံလာရောက်ထားရှိသူများနှင့်အာမခံကိုယ်စားလှယ်များအား အထိမ်းအမှတ်လက်ဆောင်များအားပေးအပ်သွားမည် ဖြစ်ပါသည်။

**"ယုံကြည်အားထား IKBZ အာမခံစွမ်းအား"**

### ဆက်သွယ်ရန်လိပ်စာ

**IKBZ Insurance**- ကမ္ဘာအေးရုံးခွဲ
အမှတ် (၅၆)၊ Mahar Land Office Tower ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း 01-2307000 _ Ext ( 600, 601 )
ဖက်စ် 01-2307126

ရုံးချုပ်။ ။အမှတ်(၅၃) Strand Square၊ မြေညီထပ်၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်။
Phone : 01-2307000, 378842, Fax : 01-2307126, www.facebook.com/ikbzinc , www.i-kbz.com


SAMSUNG
Galaxy C9 Pro
Big Performance.
Sleek Design.
6 GB RAM
SAMSUNG
SAMSUNG
64 GB ROM
16 MP Front & Back Camera
6 inch Display Full HD
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM
SAMSUNG


Ocean
SUPERCENTER
သင့်မိသားစုအတွက်
အကောင်းဆုံး ဈေးချယ်မှုများနှင့် ပြည့်စုံစေသောနေရာ
SUPER SAVER
တန်မှတန်
17th ~ 30th March, 2017
Summer is a Leisure Time
Best Choice
BEAUTE LIFE
Shower 1000 ml
WOW!
2,900
Ks.3,600
CITY SELECTION
Bath Towel 24x47 In
WOW!
4,250
Ks.5,000
POCARI SWEAT
Drink 350ml
WOW!
Buy 2 Pack, Get 1
Pocari Sweat Bag
free
WEI CHUAN
Vegetables Seasoning Powder 50g
WOW!
Buy 4 Get 2
WEI CHUAN 20g
free
ROHTO
Sunplay Cream
Selected Items
10%Off
WOMEN HAT
Ks. 6000~7000
MEN HAT
Ks. 1700~4000
HOT BASIC
T Shirt
Ks. 4,500
MEN T-SHIRT
Ks. 4,000
HISENSE
2 Door Refrigerator
RD-18DR4SA (138L)
Capacity : 138Liters
Type: 2 Door
Features : Reversible Door, Mechanical Temperature Control, Low Noise, Adjustable Leg
Wattage : 90W
Dimension: 47.9x52x135.5
Warranty : 3 Years
Ks. 200,000
Ks.213,500
PHOENIX
Air Cooler PH-ARC 10R
Wattage : 60W
Features : Remote Operate
Ks. 88,000
Ks.98,000
LUCKY
Air Cooler LAC-04M
Wattage : 70W
Features : Remote Operate
Ks. 53,000
Ks.59,500
WOMEN CAPRI
Ks. 5,000
Ks.5,500
MEN SHORT
Ks. 3,000
Ks.3,500
5 SEASON
Flip Flop
Ks. 2,500
Ks.2,900
MEN SANDAL
Ks. 4,000
Ks.4,500
EAGLE
Thin Phyu Mat 3x6.5 FT No.G3
Ks. 4,700
Ks.5,500
ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။
Prices may change without prior notice.
While Stocks Last!
Ocean_Supercenter
www.facebook.com/OceanSupercenterMyanmar
Ocean Supercenter Myanmar
BEST CHOICE & GREAT DEALS for your family!

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ဝင်း (၇၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃၃ I-၂)၊ ရတနာလမ်းသွယ်၊ (၇)မိုင်၊ ပြည်လမ်းနေ (ဦးအုန်းစိန်-ဒေါ်စောချစ်)တို့၏သမီး၊ ဦးကျင်ရှိတ်၏ ချစ်လှစွာသောဇနီး၊ ဒေါ်လှနွဲ့၊ (ဒေါ်တင်လှ)တို့၏ညီမ၊ ဦးမြင့်သိန်း၊ (ဒေါ်မြင့်သန်း)တို့၏ အစ်မ၊ Dr.ဝင်းကိုကိုသောင်း-Dr.မေဦးခိုင်၊ ဦးကျော်စင်မောင်-ဒေါ်သီတာခိုင်၊ ဦးကျော်နိုင်-Dr.သန္တာခိုင်၊ Steve Boss-ဒေါ်ဥမ္မာခိုင် တို့၏ ချစ်လှစွာသောမိခင်၊ မောင်အောင်ခိုင်စင်၊ မမေမွန်နိုင်၊ Jasmine Boss၊ Shane Boss တို့၏အဘွားသည် ၁၅-၃-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မာဝင်း(ခ)ဖွားမာ (၉၃)နှစ်
**E.P.C အငြိမ်းစား**

ရန်ကုန်မြို့၊ အမှတ်(၂၁၈)၊ B ကရဝိတ်လမ်း၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးဘိုစိန်)၏ဇနီး၊ ရန်ကုန်မြို့၊ (၃၈)လမ်းနေ (ဗိုလ်မှူးဖေကြည်)-ဒေါ်မြင့်မြင့်ဇော်တို့၏အစ်မ၊ဦးသန်းထွန်း(မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)-ဒေါ်မြင့်မြင့်ရီ၊ ဦးမြင့်သန်း(မြန်မာ့အသံ-ငြိမ်း၊ MRTV-4)၊ ဒေါ်ခင်ခင်၊ ဦးခင်မောင်မြင့်-ဒေါ်ခင်ညိုဝင်း၊ ဦးမောင်မောင်ကြီး-ဒေါ်ခန်းခန်းမေတို့၏ကျေးဇူးရှင်မိခင်၊ ကိုသက်ထွန်းဦး-မပပလွင်၊ကိုသူဇာနည်-မခင်သူဇာထွန်း၊ ကိုအုပ်စိုးပိုင်(G.P တံဆိပ်ရိုက်လုပ်ငန်း)-မသိင်္ဂီအောင်(ဧရာဝတီဘဏ်)၊ ကိုဇင်ရဲနောင်(ခ)ဇာဏီ (G.P တံဆိပ်ရိုက်လုပ်ငန်း)တို့၏အဘွားသည် ၁၆-၃-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၉း၄၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အနိစ္စ

## ဦးကိုလေး (၈၄)နှစ်
**(လ/ထ မန်နေဂျာ)**
**(MFTB)အငြိမ်းစား**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၅၄)လမ်း၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ တိုက်(၄)၊ အခန်း(၂၀၅)နေ (ဦးထွန်းရှိန်-ဒေါ်စိန်ညွန့်)တို့၏သား၊ (ဒေါ်တင်ညွန့်)၏ခင်ပွန်း၊ ဦးမြင့်ဇော် (ကမ်းနားဟိုတယ်) - ဒေါ်သင်းသင်းနွဲ့ (MFTB)၊ ဦးစိုးနိုင်-ဒေါ်အေးအေးနွဲ့၊ ဦးစောဒယ်နီရယ် - ဒေါ်စန်းစန်းနွဲ့ (MFTB)၊ ဦးဝင်းမော် (LIZ SHIPPING CO., LTD)-ဒေါ်စန္ဒာလွင်(ဆက်သွယ်ရေး)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၅-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၃-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဟန်ရွှေ(သုံးဆယ်) (၇၅)နှစ်
**လက်ထောက်ကထိက၊ ဗဟိုနိုင်ငံရေးတက္ကသိုလ်၊**
**သင်္ဘောတရားရေးရာဌာန(ငြိမ်း)**
**ဒုဦးစီးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ(ငြိမ်း)**
**ကထိက၊ ထေရဝါဒအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်(ငြိမ်း)**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သုံးဆယ်မြို့နယ်၊ ညောင်ဝိုင်းကျေးရွာနေ (ဦးအောင်-ဒေါ်တင်တင်)တို့၏သား၊ ထန်းတပင်မြို့နယ်၊ ဒိတ်ကုန်းကျေးရွာနေ (ဦးတင်ကြီး-ဒေါ်လှညွန့်)တို့၏သားသမက်၊ ညောင်ဝိုင်းကျေးရွာနေ ဦးသိန်း၏ညီ၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (ခ-၈)လမ်း၊ အမှတ်(၂၇၃)နေ ဒေါ်ကြည်အောင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်စန်း (A/B,JSM Shipping)-ဒေါ်ဝင်းဝင်းရွှေ၊ ဦးအောင်သန်း-ဒေါ်မြင့်မြင့်သန်း၊ ဦးဇော်အောင်(Chief Engineer Blue Ocean Shipping)-ဒေါ်ကြည်ကြည်မိုး၊ Mr.Brette-ဒေါ်ဝါဝါရွှေ(Australia)၊ ဦးဝင်းနိုင်ရွှေ(Orkim Shipping)-ဒေါ်တင်တင်စန်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မဇင်မီမီဟန်အောင်သန်း-မောင်သန်းထိုက်အောင်(Myanmar Hight Land Co.,Ltd)၊ မမို့မို့အောင်သန်း-ကိုသိန်းလင်း၊ မဖြိုးရတနာဇော်(Bachelor Of Public Relation, University of Technology Sydney, Australia)၊ မသျှန်နဒီအောင်သန်း၊ မောင်မင်းသန့်မောင်(Technological University of Petronus, Malaysia)၊ မတိုးရတနာဇော်(Ultimo TAFE Syndey, Australia)၊ မခိုင်ရတနာဇော် (IGCSE O Level)၊ မနီလာအောင်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၁၅-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်ကဘောဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၇ (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူးပြီး ၂၁-၃-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (ခ-၈)လမ်း၊ အမှတ်(၂၇၃)နေ ဒေါ်ကြည်အောင်၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဆရာမနော်ဂရေ့(စ်) (၉၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅)၊ ဦးရွှေနုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးဘနီ-ဒေါ်မမကြီး)တို့၏ သမီး၊ [ဦးစောထောရင့်(စ်)]၏ဇနီး၊ (စောသန်းထွန်း-နော်ခရစ်စတိုဘဲလ်)တို့၏မိခင်၊ စောယူထော်ထော-နော်ချောချော၊ စောချမ်းဝင်းပိုက်၊ နော်မူလာထောတို့၏အဘွား၊ နော်ဖဲရီအယ်တာဂေးပိုက်၊ နော်ယွားဟေဂေးထောတို့၏ ဖီးဖီးကြီးသည် ၁၆-၃-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၀၀း၅၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၈-၃-၂၀၁၇(စနေနေ့) မွန်းလွဲ ၁ နာရီတွင် သမိုင်းကရင်နှစ်ခြင်းအသင်းတော်၌ ဈာပနဝတ်ပြုဆုတောင်းပြီး ထိန်ပင်ကရင်နှစ်ခြင်းသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## နော်ရီဘက်ခါ (၈၃)နှစ်

(သိက္ခာတော်ရဆရာဦးရွှေဖဲ-ဒေါ်စာ)တို့၏သမီးထွေး၊ (သိက္ခာတော်ရဆရာ ဦးရော်လီစံပန်း)၏ဇနီး၊ နော်ပွယ်မူး၊ နော်စင်းသီယာ-စောထူးဒီ၊ စောရွှေချစ်ပန်း-နော်ခဲရယ်တို့၏မိခင်၊ စောလေးကလယ်ထူး၊ နော်ဆဲမူလာဂေးတို့၏အဘွား နော်ရီဘက်ခါသည် ၁၆-၃-၂၀၁၇ ရက် နံနက် ၁၁း၀၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၈-၃-၂၀၁၇ ရက် နံနက် ၉ နာရီတွင် ထန်းတပင်မြို့နယ် ကျူတောကျေးရွာ ခရစ်ယာန်သုသာန်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နံသာကုန်းကရင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းမှ ကားများ နံနက် ၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းဟန် (၇၇)နှစ်
**သုံးခွမြို့**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အနောက်ဘက်ကမ်း၊ (၆)ရပ်ကွက်၊ ငမိုးရိပ်လမ်း၊ အမှတ်(၄)နေ [ဦးပေါ်တင် (ကြေးမုံသတင်းထောက်)]၏ ဇနီး၊ ဦးထွန်းထွန်း-ဒေါ်အေးအေးမူ၊ ဦးဝင်းဇော်-ဒေါ်ချိုချိုဝင်း၊ ဦးကျော်ဆန်း-ဒေါ်မာမာစန်း၊ ဦးဇော်ထွန်းနိုင်-ဒေါ်ယဉ်ယဉ်မိုး၊ ဦးအောင်ဇော်မျိုး-ဒေါ်ဆွေတို့၏မွေးသမိခင်၊ မြေး ၁၂ယောက်တို့၏အဘွား ဒေါ်သိန်းဟန်သည် ၁၆-၃-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် သုံးခွမြို့ အနောက်ဘက်ကမ်းသုသာန်သို့ပို့ဆောင် ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အရာခံဗိုလ်ဘနိုင်(ငြိမ်း)
### တပ်မတော်(လေ)
## အသက် (၇၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တိလောကရပ်ကွက်၊ သုခလမ်း၊ အမှတ်(၃၁)နေ ဦးကျော်ရဲနိုင်(မြန်မာနိုင်ငံတော်ဗဟိုဘဏ်)-ဒေါ်ဆွေ မွန်မွန်၊ အရာခံဗိုလ်မြတ်သူရနိုင်(တမရ-၁)-ဒေါ်စမ်းစမ်းမိုး၊ ဦးစန်းမြင့်မောင်(ဧရာဝတီဘဏ်-ရုံးချုပ်)-ဒေါ်ကြူကြူအောင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်ရဲမွန်ဦး၊ မောင်ရဲမြတ်လင်း၊ မောင်ဖြိုးမြတ်ဇော်တို့၏အဘိုး၊ (ဒေါ်ခင်အေးမြင့်)၏ခင်ပွန်းသည် ၁၆-၃-၂၀၁၇ ရက် နံနက် ၅း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြစိန်(ကန်တော်ကလေး)
## အသက် (၇၉)နှစ်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၈၀-B)၊ (ပ)ထပ်နေ (ဦးမောင်မောင်-ဒေါ်အေးကြည်)တို့၏ သမီး၊ (ဦးထွန်းစိန်-ဒေါ်လှမေ)၊ (ဦးတင်ဦး)-ဒေါ်မြသန်း၊ (ဦးလှမောင်)-ဒေါ်မြစိန်တို့၏ ညီမ၊ ဦးရဲထွဋ်-ဒေါ်လှလှရည်တို့၏ အစ်မ၊ [ဦးသန်းထွန်း(ဆောက်/လျှပ်-ငြိမ်း)]၏ ဇနီး၊ ကိုကောင်းမြတ် (Eleven Media Group)-မသင်းသင်းအေး (တ-ဆ-ရ-၁၊ ဆည်မြောင်း၊ လှည်းကူး)တို့၏မိခင် ဒေါ်မြစိန်သည် ၁၆-၃-၂၀၁၇ ရက် နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၇ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### လပွတ္တာမြို့နယ်အသင်း (ရန်ကုန်)
## ဒေါ်မြင့်မြင့်လွင်(ခ)မလုံး (လပွတ္တာ)
## အသက် (၆၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်း၊ (၃)လမ်း၊ အမှတ်(၁၀၃)နေ ဦးမောင်လွင်-(ဒေါ်တင်ကြည်)တို့၏ သမီး၊ ဦးအုန်းမောင်-ဒေါ်ခင်အေးတို့၏ သမီးချွေးမ၊ ဦးသန်းလွင်၏ဇနီးသည် ၁၅-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

### ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးကျော်လှိုင် (၇၉)နှစ်

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်၊ မေတ္တာလမ်း၊ ပြည်နယ်မီးသတ်ဝန်ထမ်းအိမ်ရာနေ(ဒေါ်စောရင်)၏ခင်ပွန်း၊ ဦးဝင်းသိန်း-ဒေါ်ခင်သန်းနု၊ (ဦးတင့်လွင်)၊ ဦးတင့်လှိုင်(စစ်တွေခရိုင်အုပ်ချုပ်ရေးမှူး)-ဒေါ်နန်းအေးလှိုင်၊ ဒေါ်ခင်မာလွင်၊ ဒေါ်ရီရီလှိုင်(ရှမ်းပြည်နယ်မီးသတ်ဦးစီးမှူးရုံး)၊ ဦးဝင်းဆွေ-ဒေါ်နန်းထွမ်း၊ ဦးဝင်းကျော်ခိုင်-ဒေါ်ဖြိုးဖြိုးဝေ၊ ဦးသောင်းထိုက်(တောင်ကြီးခရိုင်ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁၆-၃-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၇(စနေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်၌ သရဏဂုံတင်ပြီး တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်လှလှခိုင်(ခ)လုံးလုံး
## အသက် (၆၀)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပြည်တော်သာ(၂)လမ်း၊ အမှတ်(၄၆၁)နေ (ဦးဝင်းစိန်-ဒေါ်လွင်လွင်)တို့၏ညီမ၊ ဒေါ်မူမူ၏သမီး၊ ဒေါ်ခင်ဝိုင်း၊ ဒေါ်နုနုဝင်း(အထက-၃၊ ငြိမ်း၊ ပဲခူး)တို့၏ညီမ၊ ဦးသောင်းဒန်၏အစ်မ၊ မနွယ်နွယ်ထွန်း၏အဒေါ်သည် ၁၆-၃-၂၀၁၇(ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၇(စနေနေ့) နံနက်၁၁နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြင်မေ
## အသက် (၉၅)နှစ်
**မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး**

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်းမြို့နေ (ဦးမိုင်ကီး-ဒေါ်ကျင်လှိုင်)တို့၏ သမီးကြီး၊ (ဦးထန်စု-ဒေါ်ဟို့ဝှာ)၊ (ဦးကျောက်စိန်-ဒေါ်ကြည်)၊ ဦးဝင်းမြင့်-ဒေါ်နုနု၊ ဦးမြင့်ဆွေ-ဒေါ်စန်းစန်းတို့၏အစ်မ ဒေါ်ကြင်မေသည် ၁၃-၃-၂၀၁၇ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၇ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
## ဒေါ်မိုးမိုးအောင် (၅၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ (၄၁)လမ်း၊ ဘိုကလေးဈေးအိမ်ရာ၊ ပထမထပ်၊ အခန်း(၂)နေ ဦးအောင်မြင့်-(ဒေါ်မြင့်ရီ)တို့၏ သမီးကြီး၊ ဦးအေးမောင်၏ဇနီး၊ ဒေါ်ဝေဝေအောင် (ဌာနခွဲမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၏ အစ်မ၊ မောင်ပြည့်ပိုင်ဟိန်း၊ မမိုးပွင့်ဖြူတို့၏မိခင်ကြီးသည် ၁၅-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၇ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်မေ (၈၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းလမ်းနေ (ဦးအုန်းဖေ-ဒေါ်ကြည်)တို့၏ သမီး၊ မှော်ဘီသဲအင်းဂူတရားကျောင်းနေ ဦးကျင်မြိုင်၊ ဒေါ်ညွန့်တင်တို့၏ အစ်မ၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊အမှတ်(၃၃)၊ ကျောင်းကုန်းလမ်း၊ မြေညီ(ခေါင်းရင်း)နေ (ဦးမောင်ခင်)၏ဇနီး၊ (ဦးတင်ဝင်း)-ဒေါ်မြင့်မြင့်ဝေ၊ ဦးဇော်အောင်-ဒေါ်တင်တင်ဌေး၊ ဒေါ်ခင်ဝိုင်း(ဂျပန်ဆည့်လမ်းညွှန်)၊ ဦးကြီးမောင်-(ဒေါ်စန်းစန်းမြင့်)၊ ဒေါ်ခင်ဖြူ (၁၉ လမ်း မူကြို)တို့၏မိခင်၊ ကိုအောင်လှထူး-မတင်တင်လှဲ့၊ မောင်ဝင်းနိုင်-မမြတ်ဆုမွန်၊ ကိုလွင်ဖြိုးအောင်၊ ကိုအောင်ကျော်မိုး-မသက်သက်ဖြိုးအောင်၊ မောင်ဖြိုးသက်ပိုင်၊ ကိုကျော်စွာဝင်း-မအေးအေးမိုးတို့၏ အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၅-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၃-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာ ဦးအေးသွင်
## အသက်(၆၀)
**ဆေးရုံအုပ်ကြီး(ငြိမ်း)**
**အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၊ ရန်ကုန်မြို့**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးဝင်းနေ (ဦးစိန်မောင်)-ဒေါ်တင်ရီ၏သားကြီး၊ ဦးခင်မြင့်-(ဒေါ်ကြည်စိန်)တို့၏သားသမက်၊ (ဦးကျော်ဝင်းလွင်)-ဒေါ်မာမာကြူ၊ ဒေါ်ခင်စန်းရီ (မြေတိုင်း)၊ ဦးမောင်မောင်စိန်-ဒေါ်အေးအေးရီ(မြေတိုင်း)၊ ဒေါ်သင်းသင်းရီတို့၏အစ်ကို၊ ဦးပိုင်မင်းဦး-ဒေါ်သူဇာသွင် (YANMAR Co., Ltd)၊ ဗိုလ်ထိန်လင်းဌေး-မှော်ဘီမြို့တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဒေါ်ခင်ခင်ဌေး (ဒု-ဦးစီးမှူး၊ ငြိမ်း၊ မြေတိုင်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာ ဦးအေးသွင်သည် ၁၆-၃-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စိုးမော်ဦး(ခ)ဒေါ်ငယ်
## အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁) စိုက်ပျိုးမွေးမြူရေးရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ်(၂/၆/၄)နေ (ဦးဖုန်းမြင့်)-ဒေါ်ဌေးတို့၏သမီး၊ မအူကျေးရွာနေ (ဦးမြအေးကြီး-ဒေါ်ညွန့်)တို့၏ သမီးချွေးမ၊ ဥယျာဉ်ကျေးရွာနေ ဦးစိန်သောင်း-ဒေါ်နွဲ့၊ မအူကျေးရွာနေ ဦးမောင်မော်-ဒေါ်တင်လှိုင်၊ ဒေါ်ခင်ဝေ၊ ဦးခင်မောင်ဆွေ-ဒေါ်ယဉ်လဲ့ဦး၊ ဦးဌေးအောင်၊ ဦးအေဝမ်း-ဒေါ်စန်းစန်းနု (မြန်မာ့ရုပ်သံ၊ ကျောင်းကုန်းမြို့)တို့၏ ညီမ၊ ဦးရဲနိုင်-ဒေါ်ကြည်ကြည်ခိုင်၊ ဦးအေးနိုင်-ဒေါ်ကျင်ယုံ၊ ဦးကျော်လွင်-ဒေါ်တင်တင်ခိုင်၊ ဦးမင်းလွင်-ဒေါ်ခိုင်ဇာလင်း၊ ဦးကျော်ဆန်း-ဒေါ်မအောင်သိန်း၊ ဦးအောင်မင်းသူ-ဒေါ်သီတာ၊ ကိုသန်းလှိုင်-မသူဇာ၊ ကိုဘိုသန်း-မဥမ္မာ၊ မချိုချိုဝင်း(ခ)မတူးမာတို့၏ အစ်မ၊ ဗိုလ်ကြီးအောင်ချမ်းဦး (မင်းကုန်း)-မအေးနီခိုင်ငြိမ်း၊ ကိုသိန်းဇော်ဦး-မဝေနီခိုင်ငြိမ်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မဟန်ယွန်းနဒီဦး၊ မမေဇူးဇူးပိုင်တို့၏အဘွား၊ ဦးမျိုးမြင့်၏ချစ်လှစွာသောဇနီးသည် ၁၅-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၇(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၁၇ (ကြာသပတေး နေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကြည်သိန်း (၆၄)နှစ်
**B.Sc (Chemistry), H.G.P, D.B.L**
**G.M (U.T.S Co., Ltd.)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၁၇၈/ခ)၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ ဇဗ္ဗူမေတ္တာလမ်းနေ (ဦးရွှေကျော်-ဒေါ်ကျော့)တို့၏သား၊ ဦးသိန်းနိုင်-(ဒေါ်အုန်းတင်)တို့၏သားသမက်၊ ဒေါ်အေးအေးသန်း(ဦးစီးအရာရှိ-ငြိမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ သ/မဦးစီးဌာန)၏ချစ်လှစွာသောခင်ပွန်း၊ ဦးနေလင်းသိန်း-ဒေါ်သီသီစိန်၊ ဗိုလ်မှူးသိန်းထူး-ဒေါက်တာငြိမ်းသီရိအေး (လက်ထောက်ဆရာဝန်၊ မအူပင်ပြည်သူ့ဆေးရုံကြီး)တို့၏ ချစ်လှစွာသောဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁၆-၃-၂၀၁၇(ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၇(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းလှိုင် (၆၂)နှစ်
**အတွင်းရေးမှူး(၂)၊ အခမဲ့နာရေးကူညီမှုအသင်း**
**ထောက်ကြန့်မြို့**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ အမှတ်(၃၂)၊ ပဲခူးလမ်းရပ်ကွက်နေ (ဦးမြစိန်-ဒေါ်ညွန့်ရီ)တို့၏သား၊ လှည်းကူးမြို့နယ်၊ တန်းမကြီးလမ်းနေ ဦးခင်စိန်-ဒေါ်အုန်းလှတို့၏သားသမက်၊ ဦးမျိုးလွင်-ဒေါ်ကြည်ဝင်း၊ ဦးချစ်ဝင်း-ဒေါ်ကျင်ဟန်၊ ထောက်ကြန့်မြို့နေ ဒေါ်အေးအေး၊ ဒေါ်အေးအေးသန်း (ကြံတိုင်းအောင်)၊ ဦးသိန်းဝင်း(မိဘမေတ္တာ)-ဒေါက်တာစန်းစန်းမော်၊ ဦးအောင်မင်း-ဒေါ်သန်းသန်းဝင်း(ကြံတိုင်းအောင်-၂)၊ လှည်းကူးမြို့၊ ဦးသန်းဝင်း-ဒေါ်ချို၊ ဦးစန်းလင်း-ဒေါ်ဝါဝါတို့၏အစ်ကိုကြီး၊ ဗိုလ်ကြီးဝေဖြိုး(ငြိမ်း)-မေသူထွန်း၊ မသိမ့်မို့မို့လှိုင်၊ မဝင့်ဝါလှိုင်၊ မဝင်းနုနုထွေးတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ ယွန်းဝတီခင်၏ဘိုးဘိုးကြီး ဦးဝင်းလှိုင်(ကြံတိုင်းအောင်/သီဟဖြိုး)သည် ၁၆-၃-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁း၃၀နာရီတွင် ထောက်ကြန့်မြို့၊ ပဲခူးလမ်းရပ်ကွက်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၇ ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ထောက်ကြန့်မြို့၊ မြို့ရှောင်လမ်းသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၃-၂၀၁၇ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်နိုင်လင်း အသက်(၅၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ ၃၂(M)၊ ၃၂ ရိပ်သာနေ (ဒေါက်တာဦးစံလင်း-ဒေါ်ညွန့်ညွန့်)၊ (ဦးလှမောင်-ဒေါ်သန်းစိန်)တို့၏ မြေး၊ ဒေါက်တာဦးခင်ဖေလင်း-(ဒေါက်တာဒေါ်အမာစိန်)တို့၏သားငယ်၊ (ဦးထွန်းခိုင်လင်း)၊ (ဦးထွန်းကြိုင်လင်း)တို့၏ညီ၊ ဦးအောင်ထက်-ဒေါ်သက်ဝေလင်းတို့၏ အစ်ကို၊ Daniel ဉာဏ်စင်လင်းထက်၏ဘကြီးသည် ၁၅-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၇ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၃-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးရွှေဝင်း (၅၉)နှစ်
**Deputy Manager**
**Myanmar Tourism Bank**

ကျောက်ပန်းတောင်းမြို့၊ ရွှေတောင်ဦးကျောင်းတိုက်ဆရာတော် ဦးသေိက၏ တူ/သား၊ ကျောက်ပန်းတောင်းမြို့နယ်နေ (ဦးမြကျော်-ဒေါ်မြကြည်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ကန်တော်ကလေးနေ (ဦးခင်မြင့်)-ဒေါ်ခင်သန်းတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၄၇)၊ (၈၉)လမ်း၊ ခုနစ်လွှာ(A)၊ ကန်တော်ကလေးနေ (ဒေါ်အေးအေးမြင့်)၏ ခင်ပွန်း၊ မရူပါမြတ်နိုး (United Amara Bank) (ဗညားဒလဘဏ်ခွဲ)၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသဖခင်၊ ဒေါ်ခင်စိန်၊ ဦးသိန်းဝင်း-ဒေါ်ခင်ရီ၊ ဦးပဇင်းမေဓိယ၊ ဦးသိန်းစိုး-ဒေါ်စန်းရီတို့၏အစ်ကိုသည် ၁၆-၃-၂၀၁၇ ရက် မွန်းလွဲ ၂း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၇(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဟန်ကို(ခ)ဦးသန့်ဇင်ဦး
## အသက် (၄၈)နှစ်

တောင်ဒဂုံမြို့နယ်၊ (၂၄)ရပ်ကွက်၊ နဝရတ်(၂)လမ်း၊ အမှတ်(၁၁၁၃)နေ ရဲမှူးတင်ဝင်း(ငြိမ်း) သတင်းတပ်ဖွဲ့-(ဒေါ်ခင်ခင်စိန်)တို့၏သား၊ (ဦးဝါလိန်)-ဒေါ်မြသိန်းတို့၏သားသမက်၊ လဝက ဦးစီးအရာရှိ ဦးဘိုဘိုဇော်-ဒုလဝကမှူး ဒေါ်ယဉ်ယဉ်မွေး(လဝက)၊ ဦးနေဝင်းထွန်း-ဒေါ်ချိုချိုမြင့်၊ ဗိုလ်မှူးလှမျိုး(ငြိမ်း)-ရဲအုပ်မြတ်မြတ်ဝင်း(ခ)မို့မို့ (သတင်းတပ်ဖွဲ့)၊ ဦးအောင်ကျော်ထွန်း-ဒေါက်တာသင်းသင်းခိုင် (အထက-၁၊ မြိတ်မြို့)တို့၏ ညီ/မောင်၊ မနန်းမွေးဆိုင်ဦး၏ခင်ပွန်း၊ မောင်စိုင်းဟန်ထက်ဦး၏ဖခင်၊ ဦးဟန်ကို(ခ)ဦးသန့်ဇင်ဦးသည် ၁၆-၃-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၇ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးယောင်ယုံဖွေ(ခ)
## ဦးအောင်ဝင်း (၆၅)နှစ်
**(Great Master Construction MD)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နေ (ဦးယောင်စီကျုံး-ဒေါ်လျှိုယုံကျိန်)တို့၏သား၊ (ဦးတုံလီကွေ့-ဒေါ်ရှိန်ကွေကျိန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်(၁၉)နေ ဦးတုံချန်တာ(ခ)ဦးချမ်းသာ (Great Master Construction Co., Ltd Chairman)-ဒေါ်စန်းစန်းဝင်းတို့၏ အစ်ကို၊ ဒေါ်တုံရာကျောက်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်တင်မောင်ဦး (Great Master Construction Co., Ltd Director)၊ မောင်တင်အောင်ထူး (Great Master Construction Co., Ltd)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီးသည် ၁၆-၃-၂၀၁၇ ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၇ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန် (ယူနန်သုသာန်)၌ ဂူသွင်းသင်္ဂြိုလ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ထက် (Chief Executive Officer) Concrete King Concrete Manufacturing Co., Ltd-ဒေါ်သက်ဝေလင်း (Director, Gangaw Travels)တို့၏ အစ်ကို၊ Daniel ဉာဏ်စင်လင်းထက်၏ ဘကြီးဖြစ်သူ ဦးကျော်နိုင်လင်း အသက် (၅၀)သည် ၁၅-၃-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**CONCRETE KING Concrete Manufacturing Co., Ltd**
**ဝန်ထမ်းမိသားစု**

## အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယခုမတ်လအတွင်း ကျင်းပသွားမည်

သတင်း စာမျက်နှာ - ၃

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြင်ဦးလွင်မြို့နယ်ရှိ ကော်ဖီခြံများကြည့်ရှု

သတင်း စာမျက်နှာ - ၈

# ရေမြှင့်အဆောက်အအုံသစ် ပြန်လည်တည်ဆောက်သောကြောင့် ဒေသခံတောင်သူများ ဝမ်းသာကြည်နူးလျက်ရှိ

**လှည်းကူး မတ် ၁၆**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်းရှိ လယ်ယာမြေစိုက်ပျိုးကြသည့် ဒေသခံတောင်သူများ အဆင်ပြေစေရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေမြှင့်အဆောက်အအုံ (Check Structure)ကို အသစ်ပြန်လည်တည်ဆောက်ခဲ့ရာ နွေစပါးစိုက်ပျိုးကြမည့် တောင်သူများ အဆင်ပြေလွယ်ကူချောမွေ့တော့မည်ဖြစ်၍ ဝမ်းသာကြည်နူးလျက်ရှိကြောင်း သိရသည်။

လှည်းကူးမြို့နယ် စာဘူးတောင်းကျေးရွာမှ ဦးစိန်ထွန်းက "ကျွန်တော်တို့ ကျေးရွာအုပ်စုမှာ လယ်ဧက ၄၀၀ ကျော်လောက် စိုက်ပျိုးကြပါတယ်။ ကျွန်တော့်မှာ လယ်ဧက ကိုးဧက ရှိပါတယ်။ ဒီနှစ်မှာ စပါးစိုက်ပျိုးရတာ နည်းပေမယ့် လက်ရှိ သံဖရိန်နဲ့တည်ဆောက်ပြီးစီးခဲ့တဲ့ ဒီဆည်ကြီး ဆောင်ရွက်ပြီးစီးလို့ နောက်ပိုင်းကာလအတွက် လယ်သမားတွေစပါးစိုက်ပျိုးရာမှာ အလွန်အဆင်ပြေပါပြီ။ အရင်ဒီဆည်ကြီးအသစ်မတည်ဆောက်ခင်တုန်းက လယ်သမားတွေအဆင်မပြေဖြစ်ပြီး အလုပ်ကြန့်ကြာမှုတွေဖြစ်ခဲ့ကြရပါတယ်။ ရေမရတော့အလုပ်မလုပ်နိုင်ခဲ့ကြပါဘူး။ ခုတော့ ဒီနှစ်နွေစပါးစိုက်ပျိုးဖို့ အချိန်မမီတော့ပေမယ့် လာမယ့်နှစ်အတွက်ကတော့ နွေစပါးစိုက်ပျိုးရတာ အဆင်ပြေပါပြီ။ ခုလို ဆည်မြောင်းကြီး အသစ်တည်ဆောက်ဆောင်ရွက်ပေးခဲ့တဲ့ တာဝန်ရှိသူတွေကို အလွန်ကျေးဇူးတင်ပါတယ်။ ၂၀၁၈ ခုနှစ် နွေရာသီကာလ ကျရင်တော့

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**



ရေမြှင့်အဆောက်အအုံ (Check Structure)သစ် ပြန်လည်တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

## ဆီးခုံချင်းဆက်အမြွှာညီအစ်ကိုအား တစ်ဦးစီဖြစ်အောင် ခွဲစိတ်ကုသမည်



သတင်း စာမျက်နှာ - ၉

### စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးတို့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၁၈ ရက် သတင်းစာတွင် ပါရှိမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးတို့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၁၈ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။ (ကြေးမုံ)

## အာရှဖလားခြေစစ်ပွဲအတွက် မြန်မာအမျိုးသမီးအသင်း ပြည်တွင်းကလပ်အသင်းများနှင့် ခြေစမ်းမည်

**ရန်ကုန် မတ် ၁၆**

၂၀၁၈ အာရှဖလား အမျိုးသမီးခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်းသည် ယခုလအတွင်း ပြည်တွင်း အမျိုးသမီးကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားကာ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ခြေစစ်ပွဲအောင်မြင်ရန် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး ခြေစစ်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ယနေ့တွင် အမျိုးသမီးကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ○**

DECO-LAND GROUP
DECO
ONE-STOP TRUSTED PAPER SUPPLIER

**Copy Paper**
Copy Paper
Color Copy Paper

**Printing Paper**
Art Card
Art Paper
Woodfree
Newsprint

**Packaging Paper**
Cast Coated
Duplex
Grey Chip Board
Triplex Paper
Yaeni Paper
Ivory Board
Medium Paper
Test Liner
Kraft Liner
PEC Coated

**Special Paper**
Brief Card
Color Brief Card
Color Paper
Color Embossed Card
Gold/Silver Card
NCR Paper
Perfume Card
Pearlesent Paper
Sticker paper
Tracing Paper

**Stationery paper**
Continuous Form
Fax Roll
NCR Register Roll
Register Roll
Thermal Paper Roll



Hot Line : 01 684292, 684405~08

ကြေးမုံ
အထူးကဏ္ဍ
၁၇ - ၃ - ၂၀၁၇ (သောကြာနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

# အစိုးရသစ်သက်တမ်း တစ်နှစ်တာကာလအတွင်း ပြည်ထဲရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ

**ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့် ရည်မှန်းချက် (၄)ရပ်ဖြင့် ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ် တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေးအပါအဝင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးနှိမ်နင်းရေးလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**


ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ။

မင်းမင်းဇော်(သတင်းစဉ်)

ဒီမိုကရေစီစနစ်ခိုင်မာရေးတွင် တရားဥပဒေစိုးမိုးရေးကဏ္ဍသည် မရှိမဖြစ်အရေးပါသည်။ ပြည်သူများ အေးချမ်းစွာလုပ်ကိုင်စားသောက်နေထိုင်ရေးတည်းဟူသော လူမှုဘဝ တည်ငြိမ်ရေးအတွက်လည်း ရပ်ရွာအေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှုဖြစ်မည်။

ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့် ရည်မှန်းချက် (၄)ရပ်ဖြင့် ပြစ်မှုများ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ် တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး အပါအဝင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးနှိမ်နင်းရေးလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနအပါအဝင် မီးသတ်ဦးစီးဌာနတို့ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်လျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာနသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

**တစ်တပ်တစ်အား**

ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသည့် ရည်မှန်းချက် (၄) ရပ်ဖြင့် နိုင်ငံတော်တည်ဆောက်ရေးတာဝန်များကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိသည်။

အမြဲတမ်းအတွင်းဝန်ဦးတင်မြင့်က"မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဟာ ပြည်သူလူထုအခြေပြုရဲလုပ်ငန်းစနစ်(Community Policing)ကို ကျင့်သုံးပြီး ရဲစခန်းနယ်မြေတွေမှာ မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီးနဲ့ ခြေကျင်လှည့်ကင်းတွေအပါအဝင် ရေယာဉ်လှည့်ကင်းတွေကိုပါ ဒေသခံပြည်သူလူထုနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ တရားဥပဒေစိုးမိုးရေးအနေနဲ့လည်း အသိပညာပေးဟောပြောခြင်းကို အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ် (Home Visit)အပြင် မှုခင်းအသိပညာပေးပြခန်းယာဉ်တွေနဲ့ ရပ်ကွက်နဲ့ ကျေးရွာအရောက် အသိပညာပေးတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မှုခင်းကြိုတင်ကာကွယ်ရေး၊ မှုခင်းလျော့နည်းကျဆင်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် စီမံချက်တွေရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောသည်။

အစိုးရသစ် တစ်နှစ်တာကာလအတွင်း အမှုကြီး ၁၀ မျိုး ၂၅၅၉ မှုနှင့် အခြားအမှု ၁၀ မျိုး ၅၄၁၁၄ မှုတို့ကို အရေးယူနိုင်ခဲ့ပြီး ကြိုတင်ကာကွယ်မှု ၁၀ မျိုး ၁၆၅၁၂၆ မှုကို ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ ထို့ပြင် လူမှုကွန်ရက်မှ ခြိမ်းခြောက်နှောင့်ယှက်သည့် အရေးယူမှု ၃၅၁ မှုအနက် ၉၂ မှုမှ တရားခံကျား ၁၀၄ ဦး၊ မ ၂၄ ဦး စုစုပေါင်း ၁၂၈ ဦး ဖော်ထုတ်တရားစွဲတင်နိုင်ခဲ့သည်။ ကျန် ၁၇၅ မှုမှာ စုံစမ်းဆဲဖြစ်ပြီး ၂၅ မှုကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**စည်းကမ်းပျက်ယာဉ် ၁၈၃၆၀၁ စီး**

"၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ စည်းကမ်းပျက်ယာဉ်စစ်ဆေးအရေးယူမှုအနေနဲ့ ကား ၈၀၂၉၇ စီး၊ ဆိုင်ကယ် ၁၀၁၅၁၉ စီး၊ ထော်လာဂျီ အစီး ၇၀၀၊ သုံးဘီးဆိုင်ကယ် ၁၀၈၅ စီး စုစုပေါင်း ၁၈၃၆၀၁ စီး အရေးယူနိုင်ခဲ့ပြီး လိုင်စင်မဲ့ယာဉ်ကား ၂၇၉ စီး၊ ဆိုင်ကယ် ကိုးစီး၊ စုစုပေါင်း ၂၈၈ စီး ဖမ်းဆီးနိုင်ခဲ့ပါတယ်။ အမြန်လမ်းမကြီးတစ်လျှောက်မှာဆိုရင် ယာဉ်မတော်တဆမှု ၇၄၄ မှု၊ သေဆုံး ၁၇၀၊ ဒဏ်ရာရလူနာ ၁၃၀၄ ဦးရှိခဲ့တဲ့အတွက် ယာဉ်မတော်တဆမှုကျဆင်းစေဖို့ အရှိန်နှုန်းတိုင်းကိရိယာနဲ့တိုင်းတာပြီး ယာဉ်စီးရေ ၈၄၀၄ စီး ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ဒုတိယရဲမှူးကြီးတင်ဝင်းက ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အစိုးရသစ်သက်တမ်း တစ်နှစ်တာကာလအတွင်း နိုင်ငံတော်အတိုင်ပင်ခံရုံး၏ ကြေညာချက်အမှတ်(၁/၂၀၁၆)နှင့်အညီ အမှုရင်ဆိုင်နေရသည့် တက်ကြွလှုပ်ရှားသူများ ပြစ်မှုမှအမြန်ဆုံး လွတ်မြောက်ရေးအတွက် တရားရုံးသို့ စွဲတင်ပို့ထားသည့်အမှုကိစ္စများ ရုပ်သိမ်းခြင်းနှင့် ရဲစစ်ဆေးဆဲအမှုများ ပိတ်သိမ်းခြင်း စသည်တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတွင် ဆောင်ရွက်နိုင်ခဲ့သည်။

**နိုင်ငံရေးအမှုများ ရုပ်သိမ်း**

"နိုင်ငံရေးနဲ့ ဆက်နွှယ်တဲ့အမှုတွေ နိုင်ငံရေးအကျဉ်းသားတွေ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူတွေ၊ နိုင်ငံရေးနဲ့ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေတဲ့ ကျောင်းသား ကျောင်းသူတွေ ပြစ်မှုမှ အမြန်ဆုံးလွတ်မြောက်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံရုံးရဲ့ ၂၀၁၆ ခုနှစ် ဧပြီလ ၇ ရက်နေ့က ထုတ်ပြန်တဲ့ ကြေညာချက်အမှတ် (၁/၂၀၁၆)အရ နိုင်ငံရေးမှုနဲ့တရားရုံးကို တရားစွဲတင်ထားတဲ့ အမှုတွေ ရုပ်သိမ်းခြင်းကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄(က)အရ လည်းကောင်း၊ ရဲစစ်ဆေးဆဲအမှုတွေကို ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေပုဒ်မ- ၉၆ အရလည်းကောင်း ရုပ်သိမ်း/ပိတ်သိမ်း ဆောင်ရွက်ခဲ့ပါတယ်။

"၂၀၁၆ ခုနှစ် ဧပြီ ၈ ရက်ကနေ ဇူလိုင် ၁ ရက်အတွင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က တိုင်းဒေသကြီး ခြောက်ခုနဲ့ ပြည်နယ် လေးခုမှာ ရုပ်သိမ်းအမှုပေါင်း ၁၇၄ မှုနဲ့ ပိတ်သိမ်းအမှုပေါင်း ၁၀၀ စုစုပေါင်း ၂၇၄ မှု၊ တရားခံ ကျား ၃၈၀၊ မ ၇၅ ဦး၊ ကလေး နှစ်ဦး စုစုပေါင်း ၄၅၇ ဦးတို့ကို အမှုရုပ်သိမ်းခြင်းနဲ့ ပိတ်သိမ်းခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်"ဟု ဒုတိယရဲမှူးကြီးတင်ဝင်းက ဆိုသည်။

**အတည်ပြုပြဋ္ဌာန်း**

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးနှိမ်နင်းနိုင်ရေးအတွက် ဘိန်းခင်းများဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများကို စီမံချက်ချမှတ် တိုးမြှင့်ဖမ်းဆီးခြင်း၊ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြန်လည်ပြင်ဆင်ရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုပြဋ္ဌာန်း


ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများတွေ့ဆုံပွဲပြုလုပ်စဉ်။

**အထူးကဏ္ဍ (ခ) သို့ »»**

ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ



မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦး၊ ရေး၊ ထောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**အထူးကဏ္ဍ (က) မှ »»**
နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ခေတ်စနစ်နှင့်အညီ ဥပဒေများပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ရေးဆွဲခြင်းတို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စီမံခန့်ခွဲလျက်ရှိသည့် ဥပဒေ ၂၂ ခုရှိရာ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ကြီးကြပ်၍ ခေတ်အဆက်ဆက်က ပြဋ္ဌာန်းထားရှိသည့် ဥပဒေများကို ပြောင်းလဲလာသည့်ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်သည့် ဥပဒေများဖြစ်စေရေး၊ အစိုးရ၏ မူဝါဒနှင့်ကိုက်ညီမှုရှိစေရေးနှင့် အများပြည်သူ လေးစားလိုက်နာနိုင်သည့် ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်သည့်ဥပဒေဖြစ်ရေးတို့အတွက် လက်ရှိဥပဒေများကို ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ ရုပ်သိမ်းခြင်းနှင့် ရုပ်သိမ်း၍ အသစ်ရေးဆွဲခြင်းများကို ဆောင်ရွက်ခဲ့သည်။

**မူလအတိုင်းထားရှိ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ စီမံခန့်ခွဲမှုအောက်တွင် The Unlawful Association Act (India Act 4 – 1908, Vol. II)၁၉၀၈ ခုနှစ်၊ မတရားအသင်းအက်ဥပဒေ၊ The Myanmar Passport Act (India Act 34-1920, Vol.I) ၁၉၂၀ ပြည့်နှစ်၊ မြန်မာနိုင်ငံကူးလက်မှတ်အက်ဥပဒေ၊ The Myanmar Official Secrets Act (19, 1923) ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံလျှို့ဝှက်ချက်အက်ဥပဒေ၊ The Public Order (Preservation) Act (Myanmar Act 16, 1947, Vol. II) ၁၉၄၇ ခုနှစ်၊ ပြည်သူငြိမ်ဝပ်ပိပြားရေး(ထိန်းသိမ်းစောင့်ရှောက်မှု)အက်ဥပဒေ၊ ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ ၂၀၀၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ၊ ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေ၊ The Explosives Substances Act(India Act 6, 1908, Vol.II)၁၉၀၈ ခုနှစ်၊ ပေါက်ကွဲစေတတ်သည့် ဝတ္ထုပစ္စည်းများအက်ဥပဒေ၊ ၂၀၁၄ ခုနှစ်၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ ၂၀၁၆ ခုနှစ်၊ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေ၊ ၂၀၁၆ ခုနှစ်၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေနှင့် ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေစသည့် ဥပဒေ ၁၂ ခုကို မူလအတိုင်းထားရှိမည်ဖြစ်သည်။

ရုပ်သိမ်းပြီး အသစ်ရေးဆွဲမယ့် ဥပဒေရှစ်ခုမှာ(The Arms Act)(India Act XI, 1878)၁၈၇၈ ခုနှစ်၊ လက်နက်များအက်ဥပဒေ၊ Temporary Amendment Act.(Act LI^1951)၁၉၅၁ ခုနှစ်၊ လက်နက် (ယာယီပြင်ဆင်ချက်)အက်ဥပဒေ၊ ၁၉၄၉ ခုနှစ်၊ လက်နက်(အရေးပေါ်စီရင်မှု)(ယာယီ)အက်ဥပဒေ၊ The Yangon Police Act (India Act.4.1899, Vol.I)၁၈၉၉ ခုနှစ်၊ ရန်ကုန်ရဲအက်ဥပဒေ၊ The Police Act(6, 1945) ၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေ၊ ၁၉၀၄ ခုနှစ်၊ တရားခံလွှဲပြောင်းပေးရေးဥပဒေ၊ ၂၀၀၅ ခုနှစ်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ၊ ၂၀၁၄ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေများဖြစ်ကြောင်း သိရသည်။



ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်။



မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စက်ဘီးဖြင့် လှည့်ကင်းဆောင်ရွက်နေစဉ်။

**မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဥပဒေ**

"ပြင်ဆင်ရေးဆွဲတဲ့ ဥပဒေနှစ်ခုကတော့ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေ၊ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေတွေဖြစ်ပါတယ်။ အသစ်ရေးဆွဲမှာကတော့ မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဥပဒေ ဖြစ်ပါတယ်"ဟု ဒုတိယရဲမှူးကြီးတင်ဝင်းက ပြောပြသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသည့် ရည်မှန်းချက်တာဝန်လေးရပ်ဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ခန်းတစ်ကဏ္ဍ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

မြို့နှင့် ကျေးရွာများ စနစ်တကျဖွဲ့စည်းခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော်ခြင်း၊ အသင်းအဖွဲ့များဥပဒေနှင့်အညီ ဖွဲ့စည်းခြင်း၊ ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်များချီးမြှင့်ခြင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများလွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်ဆောင်ရွက်ခြင်း၊ ဥပဒေနှင့်အညီ မြေယာ စီမံခန့်ခွဲခြင်း၊ ယစ်မျိုးစီမံခန့်ခွဲခြင်း၊ အခွန်လေးမျိုးလျာထားချက်ပြည့်မီကျော်လွန်အောင် ကောက်ခံခြင်းများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပင်မလုပ်ငန်းတာဝန်များဖြစ်သည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ မြေပိုင်ဆိုင်မှုခိုင်မာစေရန် အိမ်ခြံမြေအာမခံချက်များရရှိရေး ဆောင်ရွက်ခဲ့ရာ လက်ရှိအစိုးရသက်တမ်းတစ်နှစ်တာကာလအတွင်း ကျေးရွာမြေငွားဂရန်ပေါင်း ၂၀၆၆၆ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**အခွန်လေးမျိုး ကောက်ခံရငွေ**
**၁၀၄ ဒသမ ၀၄ ရာခိုင်နှုန်း**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ယစ်မျိုးခွန်အပါအဝင် အခွန်လေးမျိုး ကောက်ခံရန်ကျပ် ၂၇၉၀၈ ဒသမ ၆၅၇သန်း လျာထားခဲ့ရာ ယနေ့အထိကျပ် ၂၉၀၃၅ ဒသမ ၂၇၄ သန်း ကောက်ခံရရှိသဖြင့် ၁၀၄ ဒသမ ၀၄ ရာခိုင်နှုန်း ကောက်ခံရရှိခဲ့သည်။

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းကို ယခင်က ဗဟိုအဖွဲ့တစ်ခုတည်းကသာ ဆောင်ရွက်ပြီး ယခုအခါ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ နေပြည်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်များတွင် မှတ်ပုံတင်ရေးအဖွဲ့များထားရှိ ဆောင်ရွက်ပြီး ပြည်ထောင်စုအဆင့်တွင် နှစ်စဉ်ကြေး ကျပ်တစ်သိန်း၊ တိုင်းဒေသကြီး ပြည်နယ်နှင့် နေပြည်တော်အဆင့်တွင် နှစ်စဉ်ကြေး ကျပ် သုံးသောင်း၊ ခရိုင်နှင့် မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့များတွင် မှတ်ပုံတင်ကြေးကင်းလွတ်ခွင့် ဖြေလျှော့ပေးနိုင်ခဲ့သည်။

**အထူးကဏ္ဍ (ဂ) သို့ »»**

# အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသည် စီးပွားရေးဆိုင်ရာပြစ်မှုများ စုံစမ်းဖော်ထုတ်အရေးယူရေး၊ ဝန်ထမ်းမသမာမှုများ စုံစမ်းဖော်ထုတ်အရေးယူရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် သတင်းများ စုဆောင်းတင်ပြရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသည့် ဌာန၏ ရည်မှန်းချက်များကို စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဥပဒေအကြံပေးခြင်း၊ တရားစွဲတင်ပို့ခြင်းနှင့် တရားရုံးအမှုလိုက်ပါဆောင်ရွက်ခြင်း၊ သတင်းထောက်လှမ်းစုဆောင်းတင်ပြခြင်းနှင့် လုံခြုံရေးကိစ္စဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ


ဗန်းမော်အကျဉ်းထောင်တွင် ကြိမ်ရက်ခြင်းသင်တန်းဖွင့်လှစ်သင်ကြားပေးနေသည်ကို တွေ့ရစဉ်။

အထူးကဏ္ဍ (ခ) မှ »»

အစိုးရ၏ တစ်နှစ်တာ သက်တမ်းအတွင်း အသင်းအဖွဲ့မှတ်ပုံတင် စုစုပေါင်း NGO ၁၅၈၁ ဖွဲ့နှင့် INGO အဖွဲ့ ၃၀ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ယနေ့အထိ စုစုပေါင်း အသင်းအဖွဲ့ ၂၂၉၅ ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။

ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရာတွင် လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိတရားကင်းရှင်းရန် ရည်ရွယ်၍ အမိုးအကာတစ်ခုတည်းအောက်၌ ဌာနဆိုင်ရာများ စုပေါင်းဆောင်ရွက်သည့် ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)များ ဖွင့်လှစ်၍ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသည်။

## ပြည်သူ့အတွက် OSS

“ပြည်သူလူထုရဲ့ အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးရာမှာ အဆင်ပြေ ချောမွေ့စေတဲ့ ဝန်ဆောင်မှုတွေ ဆောင်ရွက်ပေးနိုင်ဖို့၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုတွေကို တားမြစ်ပြီး ထိရောက်တဲ့ ဝန်ဆောင်မှုအလေ့အကျင့်တွေ ပြုစုပျိုးထောင်ပေးနိုင်ဖို့၊ ပြည်သူတွေက အစိုးရနဲ့ဌာနဆိုင်ရာတွေအပေါ် အားကိုးယုံကြည်မှုတိုးပွားလာစေဖို့နဲ့ တာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းတွေ၊ ဦးစီးဌာနတွေအလိုက် အပြန်အလှန်ထိန်းကျောင်းမှုတွေ ပြုနိုင်ရေးအတွက် အထောက်အကူပြုနိုင်ဖို့ ရည်ရွယ်ပြီး “ပြည်သူ့အတွက် OSS”ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop)တွေ ထူထောင်ဖွင့်လှစ်ခဲ့ပါတယ်”ဟု အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလင်းသိုက်ဝင်းက ရှင်းပြသည်။

တိုင်းဒေသကြီး၊ ပြည်နယ်နှင့်နေပြည်တော်တို့တွင် OSS ရုံးများ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေး ဆပ်ကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ရာ ရုံးပေါင်း ၃၁၆ ရုံးကို ဖွင့်လှစ်နိုင်ခဲ့သည်။ ပြည်သူ့ဝန်ဆောင်မှုရုံးများတွင် ဌာန ၁၅ ခုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ပြည်သူ့ဝန်ဆောင်မှုရုံးများမှ ယခုနှစ် ဇန်နဝါရီလကုန်အထိ ကချင်ပြည်နယ်တွင် ၄၂၅၃၈ ခု၊ ကယားပြည်နယ်တွင် ၅၃၆၂ ခု၊ ကရင်ပြည်နယ်တွင် ၄၉၂၀၀၊ ချင်းပြည်နယ်တွင် ၁၆၆၁၂ ခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၄၈၂၈၉ ခု၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၄၆၂၀၁ ခု၊ ပဲခူးတိုင်းဒေသကြီးတွင် ၄၇၉၃၇ ခု၊ မကွေးတိုင်းဒေသကြီးတွင် ၆၃၂၀၂ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၁၂၅၉၆ ခု၊ မွန်ပြည်နယ်တွင် ၁၂၃၁၅ ခု၊ ရခိုင်ပြည်နယ်တွင် ၃၉၁၁၂ ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၂၃၉၁၂ ခု၊ ရှမ်းပြည်နယ်တွင် ၆၃၆၃၆၄ ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၇၄၃၁၅ ခုနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၉၉၇၀ စုစုပေါင်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း ၁၅၅၈၇၆၁ ခုကို ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။

## စုံစမ်းဖော်ထုတ်

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသည် စီးပွားရေးဆိုင်ရာပြစ်မှုများ စုံစမ်းဖော်ထုတ်အရေးယူရေး၊ ဝန်ထမ်းမသမာမှုများ စုံစမ်းဖော်ထုတ်အရေးယူရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် သတင်းများ စုဆောင်းတင်ပြရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသည့် ဌာန၏ ရည်မှန်းချက်များကို စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဥပဒေအကြံပေးခြင်း၊ တရားစွဲတင်ပို့ခြင်းနှင့် တရားရုံးအမှုလိုက်ပါဆောင်ရွက်ခြင်း၊ သတင်းထောက်လှမ်းစုဆောင်းတင်ပြခြင်းနှင့် လုံခြုံရေးကိစ္စဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသည် အစိုးရသက်တမ်းတစ်နှစ်တာအတွင်း ငွေကြေးခဝါချမှုများနှင့် သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းခြင်းများကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ အရှိန်အဟုန်မြှင့် စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့သည်။

ငွေကြေးခဝါချမှုစိစစ်ခြင်းလုပ်ငန်းများ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရာတွင် အမှုပေါင်း ၉၃ မှု စိစစ်ရန်တာဝန်ပေးအပ်ခဲ့ပြီး ၅၆ မှု စိစစ်ဆောင်ရွက်နိုင်ခဲ့သည်။ စုံစမ်းစစ်ဆေးရသည့် တိုင်စာ ၆၈ မှုအနက် ၅၂ မှု ဆောင်ရွက်ပြီးစီးခဲ့ပြီး ၁၆ မှု စစ်ဆေးဆောင်ရွက်ဆဲဖြစ်သည်။

## နိုင်ငံတော်ငွေကြေးအလွဲသုံးစားမှု လျော့နည်းပပျောက်ရေး

“အစိုးရသစ်ရဲ့ တစ်နှစ်တာကာလအတွင်း အစိုးရဌာနတွေအပါအဝင် အဖွဲ့အစည်းအသီးသီးတွေမှာ မလိုလားအပ်တဲ့မသမာမှုတွေ၊ ငွေကြေး အလွဲသုံးစားမှုတွေမရှိစေဖို့နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအားလုံးမှာ အထူးစီမံချက်တွေ ချမှတ်ဆောင်ရွက်နေပါတယ်။ သတင်းထောက်လှမ်းရယူပြီး ဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့လို့ နိုင်ငံတော်ငွေကြေးအလွဲသုံးစားမှုတွေ လျော့နည်းပပျောက်ရေး ကာကွယ်စောင့်ရှောက်နိုင်ခဲ့ပါတယ်”ဟု အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က ပြောသည်။

ငွေကြေးခဝါချမှုသည် ကြီးမားသည့် စီးပွားရေးဆိုင်ရာ အမှုအခင်းဖြစ်ပြီး ပြစ်မှုကျူးလွန်သူများသည် တရားမဝင်သော နည်းလမ်းဖြင့် ရရှိလာသည့်ငွေကြေးနှင့် ပစ္စည်းများကို အသွင်ပြောင်းလဲခြင်း၊ ဖုံးကွယ်ခြင်း၊ တရားမဝင် လွှဲပြောင်းခြင်းများပြုလုပ်ခြင်းဖြင့် တရားဝင်အနေအထားကို ရောက်ရှိရန် ခဝါချဆောင်ရွက်ခြင်းဖြစ်သည်။

ထိုကဲ့သို့သော မှုခင်းများကိုအရှိန်အဟုန်မြှင့် စုံစမ်းဖော်ထုတ်ခြင်းဖြင့် ပြစ်မှုကျူးလွန်သူများကို တရားစွဲဆိုအရေးယူနိုင်သည့်အပြင် အများနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းနှင့် ငွေကြေးများကိုနိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သောကြောင့် အများပြည်သူကို အကျိုးရှိစေမည်ဖြစ်သည်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုးက “အစိုးရသစ်ရဲ့ တစ်နှစ်တာကာလအတွင်းမှာ ငွေကြေးခဝါချမှုကျူးလွန်သူတွေကို စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းတွေပြုလုပ်ပြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ-၄၃ နဲ့ တရားစွဲနိုင်ဖို့ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်ငွေကြေးအလွဲသုံးစားမှုတွေနဲ့ ဝန်ထမ်းဆိုင်ရာ မသမာမှု ဆောင်ရွက်နေတာတွေ၊ စီးပွားရေးဆိုင်ရာ အမှုအခင်းတွေဖြစ်တဲ့ ငွေကြေးခဝါချမှုနဲ့ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုတွေကို အရှိန်အဟုန်မြှင့် စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူဆောင်ရွက်ခဲ့ပါတယ်”ဟု ရှင်းပြသည်။

## ဥပဒေနှင့်အညီ လုံခြုံစွာထိန်းသိမ်း

အကျဉ်းဦးစီးဌာနသည် အကျဉ်းသား၊ အချုပ်သားများကို ဥပဒေနှင့်အညီ လုံခြုံစွာထိန်းသိမ်းဆောင်ရွက်ရသည့်ဌာနတစ်ခု ဖြစ်သည်။ အကျဉ်းသား၊ အချုပ်သားများကို ဥပဒေနှင့်အညီ လုံခြုံစွာထိန်းသိမ်းရာတွင် အကျဉ်းသား၊ အချုပ်သားများ၏ အကျင့်စာရိတ္တပြုပြင်ပြောင်းလဲရေး၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာရပ်များ တတ်မြောက်သွားစေရေးတို့အပြင် ပြစ်ဒဏ်ကာလပြည့်ပြီးသည့်နောက် ဘဝရပ်တည်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည့် အစီအမံများကိုပါ ဝန်ဆောင်မှုပေးနေသည့် ဌာနတစ်ခုဖြစ်သည်။

လုံခြုံစွာထိန်းသိမ်းရေး၊ အကျင့်စာရိတ္တပြုပြင်ပြောင်းလဲရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လေ့ကျင့်သင်ကြားပေးရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးတို့သည် အကျဉ်းဦးစီးဌာန၏ ရည်မှန်းချက် (၄) ရပ် ဖြစ်သည်။

အစိုးရသက်တမ်း တစ်နှစ်တာကာလအတွင်း အကျဉ်းထောင်နှင့် အကျဉ်းစခန်းများတွင် အ-သုံးလုံးပညာသင်ပေးခြင်း၊ ဘာသာရေးဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်း၊ အတန်းပညာ ဆက်လက်သင်ကြားပေးခြင်း၊ အားကစားပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများပြုလုပ်ပေးခြင်းနှင့် ကျန်းမာရေးပညာပေး ဟောပြောပွဲပြုလုပ်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

## ထောင်ဝင်စာတွေ့ဆုံခွင့်

“လက်ရှိအစိုးရသက်တမ်း တစ်နှစ်တာကာလအတွင်းမှာ ထောင်ဝင်စာ တွေ့ဆုံခွင့်ပြုတဲ့လုပ်ငန်းစဉ်ကို အကျဉ်းသား၊ အချုပ်သား မခွဲခြားဘဲ တစ်ပတ်မှာ တစ်ကြိမ်တွေ့ဆုံခွင့်နဲ့ ဧည့်တွေ့ချိန်ကို အနိမ့်ဆုံး ၂၅ မိနစ်အထိ တိုးမြှင့်ဆောင်ရွက်ပေးပြီး ဖြေလျှော့မှုတွေပေးခဲ့ပါတယ်။ အကျဉ်းသား၊ အချုပ်သားတွေရဲ့ အကျင့်စာရိတ္တပြုပြင်ပြောင်းလဲရေး၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာရပ်တွေ တတ်မြောက်သွားစေရေး၊ ပြစ်ဒဏ်ကာလစေ့လို့ လွတ်မြောက်တဲ့အခါ ဘဝရပ်တည်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်တဲ့ အစီအမံတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်”ဟု အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က ရှင်းပြသည်။

ပြစ်ဒဏ်ကျ အကျဉ်းသားများ၏ အတန်း

အထူးကဏ္ဍ (ဃ) သို့ »»


မန္တလေးဗဟိုအကျဉ်းထောင်တွင် ရွှေဆိုင်းသင်တန်းဖွင့်လှစ်သင်ကြားပေးနေသည်ကို တွေ့ရစဉ်။

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ



မြန်မာနိုင်ငံရဲတပ်ဖွဲ့က သောက်သုံးရေရှားပါးသည့် ပြည်သူများအား သောက်သုံးရေလှူဒါန်းနေသည်ကို တွေ့ရစဉ်။

**အထူးကဏ္ဍ (ဂ) မှ »»**

ပညာ ဆက်လက်သင်ကြားစေရေးအတွက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အကျဉ်းသား ကျောင်းသား ခုနစ်ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ နှစ်ဦး အောင်မြင်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်လည်း ၁၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ခုနစ်ဦး အောင်မြင်ခဲ့သည်။ ပြီးခဲ့သည့် ပညာသင်နှစ်တွင်လည်း အကျဉ်းသား ၁၉ ဦးဖြေဆိုခဲ့ရာ တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ နှစ်ဦးအပါအဝင် ၁၁ ဦး အောင်မြင်ခဲ့သည်။

ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပထမနှစ်အဝေးသင်တက္ကသိုလ် စာမေးပွဲကို မြန်မာစာဘာသာအထူးပြုဖြင့် အကျဉ်းသား တစ်ဦး ဝင်ရောက်ဖြေဆိုခဲ့သည်။ ယခု တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်လည်း အကျဉ်းသား ၃၅ ဦး၊ အကျဉ်းသူ သုံးဦး ဝင်ရောက်ဖြေဆိုနိုင်ရေးဆောင်ရွက်ပေးခဲ့သည်။

မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးတို့သည် မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ ဖြစ်ကြသည်။

**အထပ်မြင့်အဆောက်အအုံများ**

အစိုးရသစ်သက်တမ်း တစ်နှစ်အတွင်း မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများအလိုက် တစ်အိမ်တက်ဆင်း မီးဘေးအန္တရာယ်ကာကွယ်ရေး စစ်ဆေးခြင်း၊ ရပ်ရွာနှင့် စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးနှင့် လူထုအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးလုံခြုံရေးစစ်ဆေး အကြံပြုခြင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများ၏ အကူအညီဖြင့် စက်ရုံအလုပ်ရုံများ၊ ဟိုတယ်မိုတယ်များ၊ ဈေးများ၊ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး စစ်ဆေးအကြံပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသအတွင်း အရေးပေါ်အသက်ဘေးအန္တရာယ်ကျရောက်သူများကို ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဒေသတွင်းနိုင်ငံများအကြား ထိရောက်စွာညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားရှာဖွေ ကယ်ဆယ်ရေးအစီအမံများ စနစ်တကျ ချမှတ်အကောင်အထည်ဖော်နိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် မြန်မာနိုင်ငံ အမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီတွင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အတွင်းရေးမှူးအဖြစ် ပါဝင်လျက်ရှိသည်။

**ရေလှူဒါန်း**

၂၀၁၆ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် အယ်နီညိုရာသီဥတု ပြောင်းလဲမှုကြောင့် သောက်သုံးရေပြတ်လပ်သည့် မြို့နယ်များကို မီးသတ်ဦးစီးဌာနက ရေလှူဒါန်းမှု အကြိမ်ပေါင်း ၂၂၄၇ ကြိမ်၊ ရေဂါလန်ပေါင်း ၃၆၂၀၂၃၀ ပေးဝေလှူဒါန်းနိုင်ခဲ့သည်။ ပြီးခဲ့သည့်နှစ် ဧပြီလမှ ယခုနှစ် ဖေဖော်ဝါရီလအထိ နိုင်ငံတစ်ဝန်းလုံးတွင် သဘာဝဘေးအန္တရာယ်အပါအဝင် မတော်တဆမှုဖြစ်စဉ် ၁၄၈၅ ကြိမ် အနက် သဘာဝဘေးဖြစ်စဉ် ၅၇၄ ကြိမ်၊ ရုတ်တရက် ဖြစ်ပွားမှုဖြစ်စဉ် ၄၃၈ ကြိမ်နှင့် အခြားမတော်တဆမှုဖြစ်စဉ် ၄၄၆ ကြိမ်ဖြစ်ပွားခဲ့ရာမှ ၁၉၇၁ ဦး ဒဏ်ရာရရှိခဲ့ပြီး ၄၃၈ ဦး သေဆုံးခဲ့သည်။

အဆိုပါ ဖြစ်စဉ်များတွင် သန္တေမီးသတ်တပ်ဖွဲ့ဝင် ၁၀၀၆၄ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၂၁၀ တို့က ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က ရှင်းပြသည်။

**မီးသတ်ယာဉ် ၁၁၃၆ စီး**

မီးသတ်ဦးစီးဌာနတွင်ပြီးခဲ့သည့်နှစ် မတ်လအထိ မီးသတ်ယာဉ် ၂၉၂၀ ရှိရာမှ ယခုနှစ် မတ်လအထိ ၂၁၆ စီး ဖြည့်တင်းနိုင်ခဲ့ပြီး စုစုပေါင်း မီးသတ်ယာဉ် ၃၁၃၆ စီးဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မီးသတ်ဦးစီးဌာနဖွဲ့စည်းပုံများ ပြင်ဆင်ဖွဲ့စည်းနိုင်ခဲ့ပြီး မီးသတ်တပ်ဖွဲ့ဌာနတွင်း လေ့ကျင့်ရေးသင်တန်းများ၊ အကြိုအခြေခံမီးသတ်သင်တန်းများ၊ အရန်မီးသတ်မွမ်းမံသင်တန်းများ၊ မီးသတ်ယာဉ်နှင့် မီးသတ်စက်ဖြည့်တင်းခြင်းများ၊ ဝန်ထမ်းအိမ်ရာအဆောက်အအုံ တိုးချဲ့ဆောက်လုပ်ခြင်းများနှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားမတော်တဆမှုဖြစ်စဉ်များတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

"ဒီတစ်နှစ်တာကာလအတွင်းမှာ မီးဘေးလုံခြုံရေးနဲ့ သဘာဝဘေးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းတွေ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့လို့ မီးလောင်မှုအကြိမ်ရေလျော့နည်းလာပြီး မီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးတွေ လျော့ကျလာမှာဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲတွေ၊ သင်တန်းတွေ ကျင်းပနိုင်ခဲ့လို့ မီးငြိမ်းသတ်ရေးနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းတွေဆောင်ရွက်ရာမှာ နိုင်ငံတကာမှာကျင့်သုံးနေတဲ့ နည်းပညာတွေ၊ မီးသတ်ပစ္စည်းကိရိယာတွေနဲ့ စီမံခန့်ခွဲမှုနည်းစနစ်တွေကို လေ့လာသိရှိခဲ့တယ်။ နိုင်ငံတကာနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေရရှိခဲ့ပါတယ်"ဟု မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးက ဆိုသည်။

အစိုးရသစ်၏ တစ်နှစ်တာသက်တမ်းကာလအတွင်း ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးတို့ကို နိုင်ငံတော်မှ ချမှတ်ထားသည့်မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများအနေဖြင့်လည်း ပြည်ထဲရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးမဏ္ဍိုင် ပိုမိုအားကောင်းလာမည်ဟု ယုံကြည်မိပါကြောင်း။



မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ် ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။



ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့က
နိုင်ငံခြားသားများအား ကူညီစောင့်ရှောက်နေသည်ကို တွေ့ရစဉ်။

# အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ

မောင်ဆွေ၊ သိမ့်သိမ့်မိုး

"စိစစ်အကြံပြုခဲ့တဲ့ ဥပဒေတွေအနက် ဥပမာအနေနဲ့ပြောရရင် ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေအရ နိုင်ငံသားနဲ့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူအားလုံးဟာ တူညီတဲ့ ကင်းလွတ်ခွင့်နဲ့ သက်သာခွင့်ရရှိခံစားနိုင်မှာ ဖြစ်ပါတယ်။"

"အလားတူ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ (မူကြမ်း)ကိုလည်း ကျွန်တော်တို့ရုံးက စိစစ်အကြံပြုခဲ့ပြီးဖြစ်ပါတယ်။ မကြာမီ ထုတ်ပြန်ကြေညာနိုင်မယ်လို့ မျှော်လင့်ပါတယ်။ နောက်တစ်ခုကတော့ အသိဉာဏ်ပစ္စည်းဆိုင်ရာဥပဒေ(IP Law)တွေ ဖြစ်ပါတယ်။ ဒီဥပဒေတွေကို ပြဋ္ဌာန်းပြီးရင်တော့ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍအတွက် အများကြီးအထောက်အကူပြုမှာ ဖြစ်ပါတယ်" ဟု ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြောကြားသည်။

**ကဏ္ဍသုံးရပ်လုံးတွင် ပါဝင်ဆောင်ရွက်**

ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ကဏ္ဍသုံးရပ်လုံးတွင် ပါဝင်ဆောင်ရွက်ရသည့် ရုံးတစ်ရုံးဖြစ်သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ဥပဒေများစိစစ်ရေးဦးစီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနနှင့် စီမံရေးရာဦးစီးဌာနဟူ၍ ဦးစီးဌာန လေးခုဖြင့် ဖွဲ့စည်းထားပြီး အဆင့်ဆင့်သော ဥပဒေရုံးများအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်ရုံး ၁၄ ရုံး၊ ခရိုင်ဥပဒေရုံး ၇၂ ရုံးနှင့် မြို့နယ်ဥပဒေရုံး ၃၃၀ တို့ဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဥပဒေများစိစစ်ရေးဦးစီးဌာနအနေဖြင့် တစ်နှစ်တာကာလအတွင်း ဥပဒေမူကြမ်း ၆၈ ခု၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း (မူကြမ်း) ၁၃၁ ခုကို စိစစ်အကြံပြုခဲ့ကြောင်း၊ ဥပဒေ ၈၀ ကိုလည်း မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုနိုင်ခဲ့ကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သိရသည်။



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး။

**တစ်နှစ်တာကာလအတွင်း ဥပဒေမူကြမ်း ၆၈ ခု၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း (မူကြမ်း) ၁၃၁ ခုကို စိစစ်အကြံပြုခဲ့၊ ဥပဒေ ၈၀ ကိုလည်း မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုနိုင်ခဲ့**

**နိုင်ငံအတွက် အရေးပါ**

စိစစ်ခဲ့သော ဥပဒေများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံခြားသားများဆိုင်ရာဥပဒေ၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေများဖြစ်သည့် စက်မှုဒီဇိုင်း၊ တီထွင်မှု၊ ကုန်အမှတ်တံဆိပ်၊ စာပေနှင့် အနုပညာ ဥပဒေများသည် နိုင်ငံအတွက် အရေးပါသော ဥပဒေများဖြစ်သည်။ အလားတူ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနည်းဥပဒေများနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေတို့ကိုလည်း စိစစ်အကြံပြုခဲ့ကြောင်း သိရသည်။

ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ၊ အရေးပေါ်စီမံမှုဥပဒေကို ရုပ်သိမ်းသည့် ဥပဒေတို့ကိုလည်း စိစစ်အကြံပြုခဲ့သည်ဟု သိရသည်။

**စိစစ်အကြံပြု**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေကြမ်းနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ နိုင်ငံတကာ Convention များနှင့် ညီညွတ်စေရန် စိစစ်အကြံပြုခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာနအနေဖြင့် တစ်နှစ်တာကာလအတွင်း အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် အာဆီယံဥပဒေရေးရာနှင့်သက်ဆိုင်သည့်ကိစ္စ အမှု ၄၉၀၊ အစိုးရဌာနများနှင့် ပြည်တွင်းပြည်ပ ပုဂ္ဂလိကကုမ္ပဏီများ

အထူးကဏ္ဍ (စ) သို့ »»



ပြည်ထောင်စုရှေ့နေချုပ်ရုံး အဆောက်အအုံ

နိုင်ငံတော်အစိုးရ၏
ကြေးမုံ
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ




ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး မန္တလေးမြို့ရှိ တရားဥပဒေစိုးမိုးရေးစင်တာတွင် အမှာစကားပြောကြားစဉ်။

အထူးကဏ္ဍ (င) မှ »»

ချုပ်ဆိုသော စီးပွားရေးစာချုပ်စာတမ်း ၅၆၄ ခု၊ အထွေထွေဥပဒေအကြံဉာဏ်ပေးခြင်းကိစ္စ ၁၃၂ ခု တို့ကို စိစစ်အကြံပြုပြန်ကြားခဲ့သည်ဟု ပြည်ထောင်စုရှေ့နေချုပ်ရုံးမှတ်တမ်းများအရ သိရသည်။

အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ဖက်စာချုပ်ဝင်များကြား နည်းပညာ၊ ငွေရေး ကြေးရေးထောက်ပံ့ကူညီရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာသဘောတူစာချုပ်များအပေါ် ဥပဒေအကြံဉာဏ်ပေးရာတွင် ၂၀၁၆ ခုနှစ်တွင် လူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်တစ်ခုဖြစ်သည့် ICESCR အား မြန်မာနိုင်ငံမှ အတည်ပြုပါဝင်နိုင်ရေး၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဒိန်းမတ်သံရုံးတို့အကြား ချုပ်ဆိုခဲ့သည့် MoU ကို လက်မှတ်ရေးထိုးနိုင်ရေး၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ အာရှပစိဖိတ်အဖွဲ့က နိုင်ငံအချင်းချင်း အကဲဖြတ်ရေးလုပ်ငန်းစဉ်အရ မြန်မာနိုင်ငံအပေါ် ဒုတိယအကြိမ် အပြန်အလှန်အကဲဖြတ်ရေးလုပ်ငန်းစဉ်နှင့် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းအရ ဆောင်ရွက်ရသော ကိုယ်ပိုင်အကဲဖြတ်ဆန်းစစ်သုံးသပ်ချက် လုပ်ငန်းများတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပါဝင်ဆောင်ရွက်ခဲ့သည်။

**ရာဇဝတ်မှုတွေကို တရားစွဲဆို၊ အမှုလိုက်ပါဆောင်ရွက်ရာမှာ ကြန့်ကြာမှုမရှိစေဖို့အတွက် အဓိကကျတဲ့သက်သေတွေကို ရုံးရှေ့ရောက်ရှိရန် ဆင့်ခေါ်ရေး၊ မလိုအပ်ဘဲ ရုံးချိန်းရက်ကိုခွာပြီး ချိန်းဆိုမှုမပြုရေးကို သက်ဆိုင်ရာတရားရုံး၊ တရားစွဲအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်**

## နိုင်ငံတော်ကိုယ်စားအမှုလိုက်ပါဆောင်ရွက်

တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနက ရာဇဝတ်မှုများကို တရားမစွဲမီ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါခြင်းများဆောင်ရွက်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားသည့် စာချွန်တော်အမိန့် လျှောက်ထားမှုများတွင် နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် နိုင်ငံတော်ဘက်မှလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် ရုံးသဟာယအဖြစ်လည်းကောင်း လိုက်ပါဆောင်ရွက်ရသည်။

ပြည်ထောင်စုရှေ့နေချုပ်က "ရာဇဝတ်မှုတွေကို တရားစွဲဆို၊ အမှုလိုက်ပါဆောင်ရွက်ရာမှာ ကြန့်ကြာမှုမရှိစေဖို့အတွက် အဓိကကျတဲ့ သက်သေတွေကို ရုံးရှေ့ရောက်ရှိရန် ဆင့်ခေါ်ရေး၊ မလိုအပ်ဘဲ ရုံးချိန်းရက်ကို ခွာပြီး ချိန်းဆိုမှုမပြုရေးကို သက်ဆိုင်ရာ တရားရုံး၊ တရားစွဲအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်"ဟု ဆိုသည်။

ယင်းကဲ့သို့ အမှုများကြန့်ကြာမှုမရှိစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးထားသကဲ့သို့ ဥပဒေအကြံတောင်းခံလာသည့်အခါတွင်လည်း ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေနှင့်အညီ ကြန့်ကြာမှုမရှိစေရေ ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

### အမှုရုပ်သိမ်းခြင်း

အမှုရုပ်သိမ်းခြင်းကိုလည်း ကြန့်ကြာမှုမရှိစေရန်ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။ အမှုပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍

အထူးကဏ္ဍ (ဆ) သို့ »»




ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ မြင်ကွင်း။

အထူးကဏ္ဍ (စ) မှ »»

ဥပဒေရုံးအဆင့်ဆင့်တွင် ပိတ်သိမ်းရန် တင်ပြမှုပေါင်း ၅၃၁၀ ရှိသည့်အနက် ၅၂၁၁ မှု ဆောင်ရွက်ပြီးစီးခဲ့သည်။

တရားစွဲအဖွဲ့အစည်းက စုံစမ်းထောက်လှမ်းနေသော ရာဇဝတ်မှုများနှင့် စပ်လျဉ်း၍ အမှုပိတ်သိမ်းခွင့်ပြုနိုင်သော အခြေအနေ (၆) မျိုးရှိကြောင်း သိရသည်။ ၎င်းတို့မှာ တရားခံသေဆုံးမှု၊ ရဲအရေးယူပိုင်ခွင့်မရှိသောအမှု၊ လွှဲပြောင်းမှု၊ စုံထောက်မရမှု၊ လီဆယ်မှုနှင့် မှားယွင်းမှုတို့ကြောင့် အမှုပိတ်သိမ်းရခြင်းဖြစ်သည်။

တရားစွဲအဖွဲ့အစည်းက အမှုပိတ်သိမ်းလိုကြောင်း ဥပဒေရုံးအဆင့်ဆင့်ကို တင်ပြလာပါက ဥပဒေရုံးအဆင့်ဆင့်အနေဖြင့် ပိတ်သိမ်းရန် သင့်/မသင့် စိစစ်ရသည်။ စိစစ်သော အချက်များမှာ တရားခံအား တရားစွဲဆိုရန် အချက်အလက် ပြည့်စုံခိုင်လုံခြင်း ရှိ/မရှိ၊ သက်သေခံအထောက်အထားများ ထပ်မံစုံစမ်းဖော်ထုတ်နိုင်ဖွယ်ရာ ရှိ/မရှိ၊ ရဲစခန်းမှူးက အမှုတွဲပါ နေ့စဉ်မှတ်တမ်းအရ စုံစမ်းထောက်လှမ်းမှု ပြည့်စုံခြင်း ရှိ/မရှိ တို့ဖြစ်သည်။ ဖော်ပြပါ အချက်များနှင့်အညီ ပိတ်သိမ်းရန် အထောက်အထားခိုင်လုံပါက သက်ဆိုင်ရာ ဥပဒေရုံးက အမှုပိတ်သိမ်းရန်ဆုံးဖြတ်သည်။

အမှုရုပ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ ဥပဒေရုံးအဆင့်ဆင့်သို့ ရုပ်သိမ်းရန်တင်ပြလာသည့် အမှုပေါင်း ၁၉၉၄၃ မှုအနက် ရုပ်သိမ်းခွင့်ပြုခဲ့သော အမှုပေါင်း ၁၈၆၁၀၊ ရုပ်သိမ်းခွင့်မပြုရန် ဆုံးဖြတ်သည့်အမှုပေါင်း ၁၂၅၈ မှု ဖြစ်သည်။

ရုပ်သိမ်းခွင့်ပြုခဲ့ရသော အကြောင်းများမှာ အမှုသည်အချင်းချင်း နှစ်ဖက်ကျေအေးကျေနပ်မှုရရှိကြပြီးဖြစ်ခြင်း၊ အမှုသည်များသည် ဆွေမျိုးသားချင်းများဖြစ်၍ အမှန်တရားကို ထုတ်ဖော်ပြောဆိုမည်မဟုတ်ခြင်း၊ နစ်နာသူရရှိသည့် ဒဏ်ရာများသည် ကြီးကြီးမားမားမဟုတ်ဘဲ ဒဏ်ရာများပျောက်ကင်းနေပြီဖြစ်ခြင်း၊ တရားခံဘက်မှ လူမှုရေးအရ လိုအပ်သော ဆေးကုသမှုနှင့် လူမှုရေးစရိတ်များအား ပေးအပ်မှုရှိခြင်း၊ တရားလိုဘက်မှ တရားခံ ပြစ်မှုကျူးလွန်ကြောင်း သက်သေခံချက်အထောက်အထား တင်ပြနိုင်မှုမရှိခြင်း၊ အမှုစစ်ဆေးပေါ်ပေါက်သည့် သက်သေခံချက်များအရ အမှုကို ဆက်လက်စစ်ဆေးပါက အကျိုးထူးဖွယ်ရာမရှိခြင်း စသည်တို့ကို စိစစ်ပြီး အမှုများကို ရုပ်သိမ်းခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ဖော်ပြပါ အကြောင်းအချက်များနှင့် ညီညွတ်ပါက အမှုရုပ်သိမ်းရန်အတွက် သက်ဆိုင်ရာ တရားရုံးသို့ ထောက်ခံတင်ပြဆောင်ရွက်သည်ဟု သိရသည်။

**အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၇**

တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ၉-၂-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စု အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာ စာအမှတ် ၁၄/၂၀၁၇ ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို ၂၂-၂-၂၀၁၇ ရက်နေ့တွင် လည်းကောင်း၊ ဒုတိယအကြိမ် အစည်းအဝေးကို ၁၁-၃-၂၀၁၇ရက်နေ့ တွင်လည်းကောင်း ကျင်းပခဲ့သည်။

ယင်းအဖွဲ့တွင် လွှတ်တော်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံရဲချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေပါမောက္ခ၊ လူမှုအဖွဲ့အစည်းဝင်များနှင့် တရားလွှတ်တော်ရှေ့နေများပါဝင်သဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတရေးကဏ္ဍအတွက် အဓိကကျသော

အထူးကဏ္ဍ (ဇ) သို့ »»



ပြည်ထောင်စုရှေ့နေချုပ်ဦးထွန်းထွန်းဦးနှင့် ဗြိတိန်တရားရုံးချုပ်ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေးစဉ်။




ပြည်ထောင်စုရှေ့နေချုပ်ဦးထွန်းထွန်းဦး ရန်ကုန်မြို့ရှိ တရားဥပဒေစိုးမိုးရေးစင်တာသို့ သွားရောက်စစ်ဆေးစဉ်။




ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**အထူးကဏ္ဍ (ဆ) မှ »»**

ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များပါဝင်သည်။

**၂၀၁၇-၂၀၁၉ ခုနှစ် မဟာဗျူဟာစီမံကိန်း**

"တရားဥပဒေစိုးမိုးရေးဆိုသို့ဆိုတဲ့ ရည်မှန်းချက်နဲ့ ၂၀၁၇-၂၀၁၉ ခုနှစ် မဟာဗျူဟာစီမံကိန်းကို ကျွန်တော်တို့ ချမှတ်အကောင်အထည်ဖော်နေပါတယ်"ဟု ပြည်ထောင်စုရှေ့နေချုပ်က ပြောသည်။

တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သည် ပြည်တွင်းပြည်ပ အဖွဲ့အစည်းအသီးသီးက အကောင်အထည်ဖော်ဆောင်ရွက်နေသော တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းပေးရန်၊ ယင်းလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် တတ်နိုင်သမျှကူညီဆောင်ရွက်ပေးရန်၊ ဆောင်ရွက်ပေးသင့်သောကိစ္စများ၊ ဖြေလျှော့ပေးသင့်သောကိစ္စများ၊ ပြုပြင်ပေးသင့်သောကိစ္စများ၊ ပြုပြင်သင့်သောကိစ္စများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သိရသည်။

တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေအရာရှိများသည် မျှတသော တရားစီရင်ရေးစနစ် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် မျှတသော တရားစီရင်ရေးစနစ်စံချိန်စံညွှန်းများ လက်စွဲစာအုပ် (Fair Trial Standard) ကို အပြည်ပြည်ဆိုင်ရာဥပဒေဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း IDLO နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဥပဒေအရာရှိများအနေဖြင့် လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် ထားရှိရမည့် ဥပဒေအရာရှိကျင့်ဝတ်ကို နိုင်ငံတကာစံနှုန်းနှင့်အညီ UNDP ၏ အကူအညီဖြင့် ပူးပေါင်းရေးဆွဲနေသည်။

ဥပဒေရုံးအဆင့်ဆင့်တွင် အမှုများ ကြန့်ကြာမှုမရှိစေရန်အတွက် အမှုကိစ္စများစီမံခန့်ခွဲမှုစနစ် အမှုကိစ္စရပ်စီမံခန့်ခွဲမှုစနစ် (Case Management)ကို ပိုမိုကောင်းမွန်စေရန်အတွက်အကောင်အထည်ဖော်ဆောင် ရွက်နေပါသည်။ အလားတူ တရားစီရင်ရေးကဏ္ဍ တိုးတက် ကောင်းမွန်စေရေးအတွက် ရှေ့ပြေးဥပဒေရုံး များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ထိုသို့ဆောင်ရွက်နေသော ဥပဒေရုံး များမှာ ပြင်ဦးလွင်ခရိုင်ဥပဒေရုံး၊ ချမ်းအေး သာစံမြို့နယ်ဥပဒေရုံးနှင့် မော်လမြိုင်မြို့နယ် ဥပဒေရုံးတို့ဖြစ်သည်။

**USAID နှင့် KOICA**

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်းအရ ပြည်သူ့ဆက်ဆံရေးယူနစ်များဖွင့်လှစ်နိုင်ရန် USAID နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံဥပဒေသတင်းအချက်အလက်စနစ် တည်ထောင်ရေးစီမံကိန်းအတွက် KOICA ၏ အထောက်အပံ့ဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်နေသည်။

ပြည်ထောင်စုရှေ့နေချုပ်က "ကျွန်တော်တို့အနေနဲ့ အစိုးရသစ်လက်ထက် တစ်နှစ်တာကာလအတွင်း ဝန်ကြီးဌာနများက ဥပဒေအကြံဉာဏ်တောင်းခံသော ကိစ္စရပ်များ ပိုများလာပြီး ကျွန်တော်တို့ရုံးအနေနဲ့လည်း မြန်မြန်ဆန်ဆန်ပြန်ကြားနိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ ဥပဒေအကြံဉာဏ်ပေးခြင်းမှာ မြန်ဆန်ခြင်းထက် ဥပဒေနဲ့အညီ မှန်ကန်ခြင်းက ပိုမိုအရေးကြီးတဲ့အတွက် မှန်လည်းမှန်၊ မြန်လည်းမြန်ဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တရားစီရင်ရေးကဏ္ဍ တိုးတက်ကောင်းမွန်ဖို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနဲ့ ပုဂ္ဂိုလ်များအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းအပ်ပါတယ်"ဟု ပြောကြားခဲ့ပါကြောင်း။

■■■

## တရားစီရင်ရေးကဏ္ဍ တိုးတက် ကောင်းမွန်စေရေးအတွက် ရှေ့ပြေးဥပဒေရုံးများကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ထိုသို့ဆောင်ရွက်နေသော ဥပဒေရုံးများမှာ ပြင်ဦးလွင်ခရိုင်ဥပဒေရုံး၊ ချမ်းအေးသာစံမြို့နယ် ဥပဒေရုံးနှင့် မော်လမြိုင်မြို့နယ် ဥပဒေရုံးတို့ဖြစ်




ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဥပဒေအရာရှိအဆင့်-၄(အစမ်းခန့်)များ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၁/၂၀၁၆) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။




DADDY (ခရီးသွား)
Ph: 09448001903, 09250827383
ညအိပ်/ရက် 265000 April-12,17
ညအိပ်/ရက် 235000 April-12,17

ဗိုဘမေတ္တာ
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
အလုပ်သမားများနှင့် ကားအမျိုးမျိုး (အသေး/အကြီး) ဈေးနှုန်းချိုသာစွာဖြင့် တာဝန်ယူဆောင်ရွက်ပေးနေပါသည်။
မြို့တွင်း / နယ်ဝေး
09-250937816
09-454899971

သီတဂူအာယုဒါနဆေးရုံတော်၊ စစ်ကိုင်းတောင်ရိုး
နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ မတ်(၂၆) မှ ဧပြီ (၆) ရက်ထိ
အခမဲ့ အထူးကုသမှုအစီအစဉ်
အမေရိကန်နိုင်ငံမှ Alliance for Smiles Mission နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ အထူးကုဆရာဝန်များအဖွဲ့နှင့် Rotary Club of Yangon ၏ စီစဉ်မှုဖြင့် "(၄) ကြိမ်မြောက်" အထူးကုသမှုကို ယခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ သီတဂူအာယုဒါနဆေးရုံတော်၌ အခမဲ့ လာရောက်ကုသပေးမည် ဖြစ်ပါသဖြင့် ယနေ့မှစ၍ အမြန်လာရောက် စာရင်းပေးသွင်းနိုင်ပြီ ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
ဆက်သွယ်ရန်- (၁) သီတဂူအာယုဒါနဆေးရုံတော်၊ စစ်ကိုင်းတောင်ရိုး၊
ရုံးဖုန်းနံပါတ်- ၀၇၂-၂၀ ၃၀၀ ၊ မအိအိခိုင်-၀၇၂-၂၂ ၀၉၉
(၂) ဒေါက်တာ ပြည့်ဖြိုးမောင်မောင် (မုံရွာ) ၀၉-၂၁၀ ၁၁၁၄
(၃) ဒေါက်တာ သီဟဇော် ၀၉-၅၀၃ ၂၈၄၈
(၄) မစုစုအောင် ၀၉-၄၂၁၀ ၆၁၅၂၊ မသီရိဝင်းထိန် ၀၉-၂၅၄၀၆၇ ၈၇၁
မှတ်ချက် ။ ။ မတ် (၂၆) မတိုင်မီ ဆေးစစ်ရန်အတွက် ကြိုတင်စာရင်းပေးသွင်းပေးပါရန်။
Alliance for Smiles
Rotary Club of Yangon Myanmar




KKL Car Rental
ခရီးသွားကားဝင်းလုံးငှားလုပ်ငန်း
Ph:09-5001347,
09-421070845

STAR
ဒုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
Ph:09-43088052,
09-73254389,
09-421067330

# SUPER SEVEN STARS MOTORS INDUSTRY CO.,LTD (SSS) နှင့်ပတ်သက်၍

# အများသိစေရန်သတိပေးတားမြစ်ချက်

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သော SUPER SEVEN STARS MOTORS INDUSTRY CO.,LTD (SSS) ၏ Managing Director ဦးစံလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ ကုမ္ပဏီနှင့်ပတ်သက်၍ အများသိစေရန်နှင့် သတိပေးတားမြစ်ချက်ကို အောက်ပါအတိုင်း အကျဉ်းချုံး၍ အသိပေးအပ်ပါသည်။

၁။ SUPER SEVEN STARS MOTORS INDUSTRY CO.,LTD (SSS) သည် လွန်ခဲ့သော ၂၀၀၈ခုနှစ်မှစ၍ တရားဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ပြီး မူလပထမက တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ်ကားများကို အရည်အသွေးပြည့်မီစွာ စစ်ဆေးရန်တာဝန်ရှိသော သက်ဆိုင်ရာများ၏ စစ်ဆေးမှုကိုခံယူလျက် မောင်းနှင်ခွင့်လိုင်စင်ကိုပါ ရရှိအောင် တရားဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။

၂။ ၂၀၁၂ ခုနှစ်မှစ၍ ကိုရီးယားသမ္မတနိုင်ငံ K.I.A ကုမ္ပဏီ၏ တရားဝင်ခွင့်ပြုချက်အရ စက်မှုဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် အရည်အသွေးစည်းကမ်းချက်များနှင့်အညီ ထုတ်လုပ်ပြီး နိုင်ငံတော်သို့ တရားဝင်အခွန်အမျိုးမျိုးကို ကျသင့်သည့်အတိုင်း မပျက်မကွက် ထမ်းဆောင်ခဲ့သည်ဖြစ်၍ အခွန်အများဆုံးပေးသွင်းသော အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၏ အခွန်ထမ်းစာရင်းတွင်လည်း ပါဝင်ခဲ့သည်အထိ တာဝန်ကျေပွန်ခဲ့ပါသည်။

၃။ ထိုသို့ ထုတ်လုပ်ခဲ့သော ကားများနှင့်ပတ်သက်၍ သက်ဆိုင်ရာများက တစ်ဦးကောင်း တစ်ဖွဲ့ဖြင့် စစ်ဆေးခြင်းမျိုးမဟုတ်ဘဲ ဌာနပေါင်းစုံဘုတ်အဖွဲ့ဖြင့် စစ်ဆေးခြင်းဖြစ်ပြီး လိုအပ်ချက်ရှိသည်ဟု တရားဝင်ညွှန်ကြားပါကလည်း တစ်စုံတစ်ရာပျက်ကွက်မှုမရှိ လိုက်နာဆောင်ရွက်ခဲ့သဖြင့် အမည်ကောင်း စာရင်းဝင်ခဲ့ပြီး ဖြစ်ပါသည်။

၄။ ထိုကဲ့သို့ SUPER SEVEN STARS MOTORS INDUSTRY CO.,LTD (SSS) မှ Semi Knock Down (SKD) စနစ်ဖြင့် ဆောင်ရွက်မှုများအားလုံးသည် တရားဥပဒေနှင့်အညီ ဆောင်ရွက်ချက်ဖြစ်ပြီး ထိုဆောင်ရွက်ချက်အတိုင်း ကုမ္ပဏီကဆောင်ရွက်နေသည်ကို အချို့သောအလားတူ လုပ်ငန်းတူ ပုဂ္ဂိုလ်အချို့က ကားများထားရှိရာဆိပ်ကမ်းသို့ သက်ဆိုင်ရာသို့ တရားဝင်အသိပေးအကြောင်းကြားမှုမရှိဘဲ သတင်းထောက်တို့ကိုခေါ်သွားပြီး ဓာတ်ပုံရိုက်ခြင်း၊ မေးမြန်းခြင်းစသည်တို့ကိုပြုလုပ်ပြီး ဌာနပေါင်းစုံ ဘုတ်အဖွဲ့၏ တရားဝင်တင်ပြခြင်း၊ အထက်အဖွဲ့အစည်းမှ ဆုံးဖြတ်ချက်မချမီ သတင်းစာနှင့်ဂျာနယ်အချို့၌ ဓာတ်ပုံဟောင်းတို့ဖြင့် သတင်းဖော်ပြရေးသားမှုများအပြင် အင်တာနက် လူမှုကွန်ရက် Facebook စာမျက်နှာတို့၌လည်း ကုမ္ပဏီ၏ ဂုဏ်သိက္ခာကိုသာမက ကုမ္ပဏီမှထုတ်လုပ်သော ကားများကို တရားဥပဒေနှင့်အညီ စစ်ဆေးအတည်ပြုပေးရသော သက်ဆိုင်ရာဌာနအဖွဲ့ အစည်းများအပေါ်လည်း အများပြည်သူကအထင်အမြင်လွဲမှားမှုဖြစ်အောင် မတိကျဘဲ ရေးသား ဖော်ပြမှုများကို ဖြစ်ပေါ်စေခြင်းကြောင့် ကုမ္ပဏီ၏ အမည်ကောင်းသတင်းကျော်ကြားခြင်းနှင့် ဂုဏ်သိက္ခာကိုလည်းကောင်း၊ K.I.A ကားများ၏ အရည်အသွေးကိုလည်းကောင်း အတိုင်းအဆ မရှိထိခိုက်ရခြင်း၊ ငွေကြေးအားဖြင့်လည်း ဆုံးရှုံးခြင်းများ ဖြစ်ပေါ်စေရပါသည်။

၅။ ထို့ကြောင့် ဤသတင်းစာကြော်ငြာထည့်သွင်းသည့်နေ့မှစ၍ SUPER SEVEN STARS MOTORS INDUSTRY CO.,LTD (SSS) ၏ အမည်ကောင်းဂုဏ်သတင်းကိုသော်လည်းကောင်း၊ ကုမ္ပဏီတွင် လုပ်ကိုင်ဆောင်ရွက်နေသော ဝန်ထမ်းများ၏ ဂုဏ်သတင်းကိုသော်လည်းကောင်း ထိခိုက်ပျက်ပြားစေရန် ထပ်မံ၍ တစ်နည်းနည်းဖြင့် ကိုယ်တိုင်သော်လည်းကောင်း၊ အခြားသူမှ တစ်ဆင့်သော်လည်းကောင်း ဆောင်ရွက်ခြင်းမပြုကြပါရန်နှင့် အကယ်၍ ပျက်ကွက်ပါက မလွှဲမရှောင်သာဘဲ တရားရုံး၏အဆုံးအဖြတ်ကို ခံယူနိုင်ရန်အတွက် ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် အမှုမဖြစ်ရစေရန် သတိပေးကြေညာအပ်ပါသည်။

**SUPER SEVEN STARS MOTORS INDUSTRY CO.,LTD (SSS) မှ Managing Director ဦးစံလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

**HYGIENIC LEGAL CLINIC**

| | | |
|---|---|---|
| ရှေ့ဘတ်စန်းအောင် (စဉ်-၂၄၆၉) | ဒေါ်အေးအေးသက်(ပုသိမ်) (စဉ်-၈၂၂၀) | ဒေါ်အေးအေးဝင်း(ပုသိမ်) (စဉ်-၈၈၁၄) |
| ဒေါ်မေနှင်းဦး(ထီလာ) (စဉ်-၁၀၇၆၁) | ဒေါ်သဇင်အေး(သန်လျင်) (စဉ်-၁၂၂၇၈) | |

**တရားလွှတ်တော်ရှေ့နေများ**

| | | | |
|---|---|---|---|
| ဦးကြည်သာဖုန်းမြင့်(သံတွဲ) (စဉ်-၄၃၄၃၄) | ဒေါ်မြတ်ဆု(ဘိုကလေး) (စဉ်-၄၆၈၉၅) | ဒေါ်သဲနုဝေ(ဘိုကလေး) (စဉ်-၄၆၉၃၈) | ဒေါ်အေးအေးမျိုး(ကြံခင်း) (စဉ်-၄၀၉၀၇) |
| ဒေါ်မွန်မွန်ချို(ဘိုကလေး) (စဉ်-၄၆၉၀၃) | ဦးကျော်လတ်စိုး (စဉ်-၄၀၅၀၈) | ဦးမျိုးမင်းဇော်(မန္တလေး) (စဉ်-၃၄၅၈၀) | ဒေါ်သန်းသန်းစိုး(မန္တလေး) (စဉ်-၃၉၉၂) |

**အထက်တန်းရှေ့နေများ**

သက် ရှိ လော က တည် မြဲ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

